ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့ စတင်ထုတ်ဝေသည်
Established in 1957
၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့ (24-2-2014) (၇၇၆၆)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၆ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၆ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၆ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

တူးမြောင်းကြီး အဆင့်မြှင့်တင်ဖောက်လုပ်ပြီးပါက ရေကြီးနစ်မြုပ်မှုအထိုက်အလျောက်ကာကွယ်နိုင် တူးမြောင်းရေဖြင့် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများ ဝင်ငွေသုံးဆတိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာအနီးတွင် ကျင်းပသည့် ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်ကျိုးကျေးရွာအနီးရှိ ရေသွင်းတံခါးနှင့် လှေဝင်လှေထွက်တံခါးများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ဌာနေအကြီးအကဲနှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တူးမြောင်းတစ်လျှောက် ဆက်စပ်နယ်မြေများမှ တောင်သူလယ်သမားများအနေဖြင့် နှစ်စဉ်ရေကြီးနစ်မြုပ်မှုမှ ထိရောက်စွာ ကာကွယ်ပေးနိုင်မည်ဖြစ်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင် ပြုပြင်တူးဖော်မည့်အခြေအနေနှင့် ဒေသခံပြည်သူများအား အကျိုးပြုနိုင်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

သီလဝါအထူးစီးပွားရေးဇုန် ရှယ်ယာတစ်ခုကို တစ်သောင်းကျပ်နဲ့ရောင်းချမှာပါ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာ-ဂျပန်ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းတို့ ပူးပေါင်းဖွဲ့စည်းထားသည့် Myanmmar Japan Thilawa Development Limited မှ ရင်းနှီးတည်ဆောက်ခြင်းဖြစ်သည်။ Myanmar Japan Thilawa Development Limited တွင် မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်းနှင့် ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဂျပန်ဘက်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ၁၀ ရာခိုင်နှုန်းနှင့် ဆူမီတိုမိုကုမ္ပဏီ၊ မီဆူဘီရှီကုမ္ပဏီနှင့် မာရူဘီနီကုမ္ပဏီသုံးခု ပူးပေါင်းဦးဆောင်သော MMS Thilawa Development Co., Ltd. မှ ၃၉ ရာခိုင်နှုန်းပိုင်ဆိုင်မည် ဖြစ်သည်။

မြန်မာဘက်တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ(မြန်မာအစိုးရ)က ၁၀ ရာခိုင်နှုန်းပိုင်ဆိုင်မည်ဖြစ်ပြီး မြန်မာပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု၍တည်ထောင်ထားသော အများပိုင်ကုမ္ပဏီဖြစ်သည့် Myanmar Thilawa SEZ Holdings Public Limited မှ ၄၁ ရာခိုင်နှုန်းပိုင်ဆိုင်ခွင့်ရမည်ဖြစ်သည်။ ရှယ်ယာ ၄၁ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခွင့်ရရှိထားသည့် Myanmar Thilawa SEZ Holdings Public Limited မှနေ၍ ရှယ်ယာအရေအတွက် ၂ ဒသမ ၁၄၅ သန်းအား အများပြည်သူတို့အား ၂၀၁၄ ခုနှစ် မတ်လတွင် သတင်းစာမှကြော်ငြာ၍ အဆိုပြုလွှာများလက်ခံကာ ဧပြီလတွင်စတင်ရောင်းချမည်ဖြစ်သည်။ အစုရှယ်ယာတစ်စုလျှင် တစ်သောင်းကျပ်နှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ၉၇၈ ဒသမ ၆၉၁ ဧကတွင် ဆောင်ရွက်လျက်ရှိသော နောက်ဆုံးရအခြေအနေများနှင့် အစုရှယ်ယာထည့်ဝင်လိုသည့် အများပြည်သူများသိရှိလိုသော အကြောင်းအရာများနှင့်စပ်လျဉ်းပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ယနေ့ rwd

တရားထိုင်ခြင်းက လုပ်ငန်းခွင်ဆိုင်ရာ စိတ်ဖိစီးမှုကို လျော့ကျစေနိုင် — စာမျက်နှာ - ၅

သတိလက်ယာ ပညာလက်ဝဲ မှတ်ယူစွဲလော့ — စာမျက်နှာ - ၆

ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိုကြောင်း တယ်ရီဖွင့်ဟ — စာမျက်နှာ - ၁၃

ကြေးမုံ စာတည်း ရှုထောင့် ၂၄-၂-၂၀၁၄၊ တနင်္လာနေ့

အလေးထားရမည့်စီးပွားရေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံအစိုးရ၏ လုပ်ဆောင်ချက်များက ထင်ဟပ်ဖော်ပြနိုင်သလို ထိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိုနိုင်ငံအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အောင်မြင်မှုများဖြင့် တိုင်းတာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအခြေအနေတို့မှာ ပြောင်းလဲလာသောအခြေအနေတို့နှင့်အတူ သိသာထင်ရှားသည့် အခြေအနေကောင်းများ ဖော်ဆောင်နိုင်ပြီဟု ဆိုနိုင်ပါသည်။

စီးပွားရေးအပိုင်းတွင် အဓိကမောင်းနှင်အားဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခက်အခဲအတားအဆီးများကို ကျော်လွှားကာ အရင်းအနှီးလိုအပ်ချက်များ ပိုမိုရရှိရေးအတွက် အစိုးရပိုင်းက ဆောင်ရွက်နိုင်ခဲ့သလို ပုဂ္ဂလိကပိုင်းကလည်း ကြိုးပမ်းအားထုတ်မှုကြောင့် ဒီမိုကရေစီသက်တမ်းကာလ သုံးနှစ်တာအတွင်း တိုးတက်သင့်သလောက် တိုးတက်လာသည်ဟု ပြောနိုင်ပါသည်။

ထိုနေရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြုရမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံစီးပွားရေး၏ ၉၀ ရာခိုင်နှုန်းမှာ ပုဂ္ဂလိကကဏ္ဍဖြစ်သဖြင့် ပုဂ္ဂလိက ကဏ္ဍကို ဦးစားပေးနေသည်မှာ ထင်ရှားပါသည်။ တိုင်းပြည်စီးပွားရေးအတွက် အဓိကအချက်ဖြစ်၍ အစိုးရက အားပေးမြှင့်တင် ပြုပြင်ပြောင်းလဲပေးနေသည်မှာ အမှန်ပင်ဖြစ်သည်။

အဓိကကျသော ပြုပြင်ပြောင်းလဲမှုအချို့မှာ နိုင်ငံစီးပွားရေးအတွက် အရေးအကြီးဆုံးဖြစ်သော တည်ငြိမ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ဘဏ်လုပ်ငန်းစနစ်၊ သီးခြားလွတ်လပ်သော ဗဟိုဘဏ်စနစ် စတင်ပြောင်းလဲခြင်းနှင့် အခြားသော ငွေကြေးမူဝါဒ၊ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို ပြောင်းလဲကျင့်သုံးနိုင်ခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။

ထိုသို့ပြောင်းလဲနိုင်ခဲ့သည့်အတွက် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်သည့်အခါ ပိုမိုလွယ်ကူပြီး ပို့ကုန် သွင်းကုန်လုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာခဲ့ပါသည်။ ထို့အပြင် ပို့ကုန်ကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ပိုမိုအားပေးရာ ရောက်စေခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဖြတ်သန်းလာခဲ့သော စီးပွားရေးသမိုင်းကြောင်းအစဉ်အလာများအရ ပုံစံတကျရှိသော အမျိုးသားစီးပွားရေးကို တည်ဆောက်နိုင်ခြင်း မရှိခဲ့ချေ။ ယခုအခါ နိုင်ငံရေးဖြစ်ထွန်းမှုများကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် လူ့အဖွဲ့အစည်းအတွက် အရေးတကြီးလိုအပ်နေသော ပုံစံတကျရှိသည့် အမျိုးသားစီးပွားရေးတစ်ရပ်ကို ပီပြင်စွာအကောင်အထည်ဖော်နိုင်ရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ပြီဟု ဆိုနိုင်ပါသည်။

တစ်နည်းဆိုလျှင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်းသည် ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ပြီး နိုင်ငံသားတိုင်း မျှဝေခံစားနိုင်သည့် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်မည့် အခြေခံကောင်းများကို တည်ဆောက်နေခြင်း ဖြစ်ပါသည်။ ထိုအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်နိုင်ရန် အစိုးရနှင့်ပုဂ္ဂလိကများ လက်တွဲလုပ်ကိုင်ကြရမည်ဖြစ်သည့်အပြင် တက်လှမ်းရမည့် အဆင့်များစွာ ကျန်ရှိနေသေးသည်ကို သတိပြုရမည်ဖြစ်သည်။

လက်ရှိစီးပွားရေးစနစ်မှာ နိုင်ငံသားတိုင်း တန်းတူယှဉ်ပြိုင်ခွင့်ရှိသည့် ဈေးကွက်စီးပွားရေး အခြေပြုလုပ်ထုံးလုပ်နည်းများကြောင့် စီးပွားရေးလုပ်ငန်းများ ယခင်ကကဲ့သို့ စုပြုံဝင်တိုးနေသော အခြေအနေမျိုးမရှိတော့ပါ။ မိမိတို့ကျွမ်းကျင်မှုရှိသော၊ အားသာချက်ရှိသော လုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ကိုင်ကြရင်း လုပ်ငန်းများအောင်မြင်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။

ထိုသို့တည်ဆောက်တက်လှမ်းနိုင်ရန်အတွက် လက်ရှိရရှိပြီးသော အောင်မြင်ဖြစ်ထွန်းမှု အဆင့်ဆင့်တို့ကို ပါဝင်ကြိုးပမ်းဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် နိုင်ငံသားတစ်ဦးချင်းစီတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ပို၍အလေးအနက်ထားရမည်မှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် အဆိုးမြင်ခြင်းနှင့် အပြစ်မြင်ခြင်းထက် ပြဿနာပြေလည်ရေး၊ အဖြေထွက်ရေးနှင့် တည်ဆောက်ရေးဟူသော နည်းလမ်းများဖြင့် ရှုမြင်အကောင်အထည်ဖော်ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၂-၂၀၁၄ (တနင်္လာနေ့)

၆း၀၃	တရားတော်
၆း၂၅	ဓမ္မပူဇာတေး
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်
၈း၁၀	ရှေးဟောင်းသုတ
၉း၁၀	သူနှင့်သူ၏သီချင်းများ
၄း၁၅	မျိုးချစ်တပ်မတော်
၄း၃၀	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၀၅	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ချစ်အိပ်မက်ဆုံရာ" (အပိုင်း-၄၀)
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ဆွေနဲ့မျိုးနဲ့ပြဿနာနဲ့" (အပိုင်း-၄၁)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"အာဂလူ" (အပိုင်း-၂၈)

ဇီဝိတဒါနဆေးနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွှေတြိဂံဒေသလွိုယ်လိန်းကျောင်း မိုင်းဖုံးဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏသံဝရ၏ သက်တော်နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်နှင့်တပည့်ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးရှိသည့် ဆရာတော်ကြီး ခြောက်ပါးတို့အား ပုနောပသမ္ပဒသိက္ခာထပ် မင်္ဂလာနှင့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအတွက် ဇီဝိတဒါနဆေးပဒေသာပင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် ဆွမ်းပဒေသာပင်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် မိုင်းဖုံးဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏသံဝရနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဆရာတော်၏တပည့်ဒါယကာ၊ ဒါယိကာမများက ပုနောပသမ္ပဒသိက္ခာထပ် မင်္ဂလာခံဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးရှိသည့် ဆရာတော်ကြီးခြောက်ပါးတို့အား ပရိက္ခရာရှစ်ပါးဆက်ကပ်လှူဒါန်းခြင်း၊ ပင့်သံဃာအရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအတွက် ဇီဝိတဒါနဆေးပဒေသာပင် ကျပ်သိန်း ၁၀၀ နှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)အတွက် ဆွမ်းပဒေသာပင်ကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ပြည်တွင်းရေးရာ

❒ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ တူညီသောဆန္ဒကို အစိုးရအဖွဲ့၏ ရည်ရွယ်ချက်အဖြစ်ခံယူပြီး ရည်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်နေမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ပြည်သူကိုဗဟိုပြုသည့်အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဤပဲခူး-စစ်တောင်း တူးမြောင်းကြီးမှာ မိမိတို့ဘိုးဘွားများ ကိုယ်တိုင် အပင်ပန်းခံကာ တည်ဆောက်ခဲ့သော တူးမြောင်းကြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိသည့်အပြင် စိုက်ပျိုးမြေများအား ရေကြီးနစ်မြုပ်မှုကိုလည်း ကာကွယ် ပေးနေသည့်အတွက် အလွန်အကျိုးပြုလျက်ရှိသည်ဟု သိရှိရပါကြောင်း၊ ယခုအခါတိမ်ကောနေသည့် တူးမြောင်းကြီးအား ပြန်လည်အဆင့်မြှင့်တင် တူးဖော်ပေးရန် ပြည်သူများ၏တောင်းဆိုမှုအရ ယခုကဲ့သို့ နိုင်ငံ့ဘဏ္ဍာငွေဖြင့် တူးဖော်ပေးခြင်းဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်းအား လာမည့် မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကိုအခြေခံသည့် ဒေသကြီးဖြစ်ပြီး စပါးနှင့် ပဲသီးနှံထုတ်လုပ်မှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးပြီးလျှင် အားထားရသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ သို့သော် ဝေါနှင့်သနပ်ပင်မြို့နယ်များတွင်မူ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားနေရသဖြင့် တစ်နှစ်လျှင် ပဲတစ်သီးကိုပင် အနိုင်နိုင်စိုက်ပျိုးနေရပါကြောင်း။

တူးမြောင်းကြီးအဆင့်မြှင့်တင်ဖောက်လုပ်ပြီးပါက ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်ပြီး ရေဝပ်ဧရိယာများရှိ ရေများကိုလည်း လျင်မြန်စွာဖယ်ထုတ်နိုင်မည်ဖြစ်ရာ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးနှင့်ပဲကို စိုက်ပျိုးလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့ပြင်တူးမြောင်းမှ ရသည့်စိုက်ပျိုးရေဖြင့် နွေစပါးကိုပါတိုးချဲ့စိုက်ပျိုးပါက ယခင်တစ်နှစ် တစ်သီးသာ စိုက်နိုင်ရာမှ တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသခံတောင်သူများ၏ ဝင်ငွေသုံးဆတိုးတက်ပြီး လူမှုစီးပွားဘဝကိုလည်း ဖွံ့ဖြိုးလာစေသဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကိုလည်း အကောင်အထည်ဖော်ရာ ရောက်ပါကြောင်း၊ သို့ဖြစ်၍ တူးမြောင်းကြီးအဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်းများတွင် ဒေသခံပြည်သူများကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တူးမြောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအုန်းမြင့်တို့ကလည်း တည်ဆောက်ရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းနှီးခင်မင်စွာလိုက်လံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မတ် ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင် တူးဖော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်စဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက လုပ်ငန်းစတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တူးမြောင်းအဆင့်မြှင့်တင်တူးဖော်နေမှုနှင့် မြစ်ကျိုးကျေးရွာအနီးရှိ ရေသွင်းတံခါးနှင့် လှေဝင်ထွက်တံခါးများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တူးမြောင်းအဆင့်မြှင့်တင်တူးဖော်မည့်လုပ်ငန်းအစီအစဉ်၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်တာတမံများတည်ဆောက်ထားမှု၊ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ရေစီးဆင်းမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုမှကာကွယ်နိုင်ရေး၊ ဒေသခံပြည်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိပြီး တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ရန်မှာကြားကာ ပဲခူး-စစ်တောင်းတူးမြောင်း တစ်လျှောက် ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းမှာ ပဲခူးမြစ်နှင့်စစ်တောင်းမြစ်ကို ဆက်သွယ်ထားပြီး အရှည် ၃၇ မိုင် ၇ ဖာလုံရှိသည်။ သနပ်ပင်မြို့နယ် တာဝကျေးရွာအနီးရှိ ပဲခူးမြစ်နှင့် ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအနီးရှိ စစ်တောင်းမြစ်ကို ဆက်သွယ်ထားခြင်းဖြစ်ပြီး ပျမ်းမျှထိပ်ဝအကျယ် ပေ ၁၅၀၊ အောက်ခြေအကျယ် ပျမ်းမျှပေ ၆၀ နှင့် ရေအနက် ၁၀ ပေရှိသည်။ တူးမြောင်းကို ကိုလိုနီခေတ် ၁၈၇၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စတင်ဖောက်လုပ်စဉ်က ကျွန်းသစ်ဖောင်များကို သယ်ယူရာတွင် ကုန်ကျစရိတ်နှင့် အချိန်ကိုသက်သာစေရန်ရည်ရွယ်၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ သက်တမ်း ၁၃၆ နှစ်ရှိပြီဖြစ်သည်။

တူးမြောင်း၏လက်ရှိအခြေအနေမှာ နှစ်စဉ်မိုးရွာသွန်းမှုနှင့် ကမ်းပါးများ တိုက်စားခံရမှုကြောင့် ကမ်းပါးများပြိုကျခဲ့ခြင်း၊ သဲနုန်းများ ပို့ချခဲ့ခြင်းတို့ကြောင့် တူးမြောင်းမှာ တဖြည်းဖြည်းကျဉ်းမြောင်း၊ တိမ်ကောလာခဲ့သည်။ အကျဉ်းဆုံးနေရာတွင် တူးမြောင်းအကျယ်ပေ ၂၀၊ အတိမ်ဆုံးနေရာတွင် ရေစူးအနက် နှစ်ပေခန့်သာ ကျန်ရှိတော့သည့်အတွက် တူးမြောင်းနယ်မြေဒေသအတွင်း မိုးရာသီတွင်ရေကြီးနစ်မြုပ်မှုများကြုံတွေ့နေရပြီး ရေကြီးမှုကြောင့် လယ်ယာလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်နေကြသည့် ဒေသခံပြည်သူများမှာ နှစ်စဉ် ပျက်စီးဆုံးရှုံးမှုများ၊ လူမှုရေးနှင့်စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ပဲခူးတိုင်းဒေသကြီးအတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများကြုံတွေ့ခဲ့ရသည့် ဒေသခံပြည်သူများအား နိုင်ငံတော်သမ္မတက သွားရောက်တွေ့ဆုံအားပေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူများ၏တင်ပြချက်အရ အဆိုပါတူးမြောင်းကြီးကို ပြန်လည်အဆင့်မြှင့်တင် တူးဖော်ခဲ့ခြင်းဖြစ်သည်။

တူးဖော်မှုလုပ်ငန်းကို ယခုမှစ၍ မေလအတွင်းပြီးစီးအောင် မြေတူးစက် ၁၆၁ စီး၊ မြေထိုးစက် ၁၈ စီး၊ မြေသယ်ယာဉ် ၈၄ စီးအပါအဝင် စက်ယန္တရားအင်အား ၂၈၅ စီးဖြင့် ဆည်မြောင်းဦးစီးဌာနက စုဖွဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် တူးမြောင်းတစ်လျှောက်လုံးအား မူလအတိုင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အပြင် မူလတည်ဆောက်ထားသော ရေထိန်းတံခါးခြောက်ခုနှင့် ဆက်စပ်အဆောက်အအုံများအား မွမ်းမံပြုပြင်တည်ဆောက်ခြင်း၊ မြေထိန်းနံရံများအားခိုင်ခံ့အောင် ပြုပြင်တည်ဆောက်ခြင်း၊ ကျောက်ကြီးများစီခြင်း၊ ဆိပ်ခံတံတားနှင့် မြောင်းကူးတံတားများအား ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး

> ❝ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ တူညီသောဆန္ဒကို အစိုးရအဖွဲ့၏ ရည်ရွယ်ချက်အဖြစ်ခံယူပြီး ရည်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်နေ။❞

တူးမြောင်းတစ်လျှောက် ဘေးတစ်ဖက်ခြမ်းတွင် အကျယ် ၁၈ ပေရှိ ဂဝံကျောက်ခင်းယာဉ်သွားလမ်းကိုလည်း တစ်ပြိုင်တည်းဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဤသို့ဆောင်ရွက်ပေးခြင်းအားဖြင့် တူးမြောင်းတစ်လျှောက် ဆက်စပ်နယ်မြေများမှ တောင်သူလယ်သမားများအနေဖြင့် နှစ်စဉ်ရေကြီးနစ်မြုပ်မှုမှ ထိရောက်စွာကာကွယ်ပေးနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ တူးမြောင်းအဆင့်မြှင့်တင်တူးဖော်ပြီးစီးပါက သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ အိမ်ထောင်စု ၁၆၄၀၀ ကျော်၊ လူဦးရေ ၈၀၀၀၀ ကျော်တို့အပြင် တူးမြောင်းဧရိယာနှင့် ဆက်စပ်နယ်မြေများရှိ လူဦးရေ ၇၀၀၀၀ ခန့်ကိုလည်း များစွာအကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများကို တွေ့ရစဉ်။

ယူကရိန်းလွှတ်တော်ဥက္ကဋ္ဌ ကြားဖြတ်သမ္မတအဖြစ် တာဝန်ယူမည်

ကိယက်   ဖေဖော်ဝါရီ   ၂၃

ယူကရိန်းပါလီမန်က ၎င်းတို့၏ လွှတ်တော်ဥက္ကဋ္ဌကို ကြားဖြတ်သမ္မတအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၃ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

စနေနေ့၌ လွှတ်တော်က သမ္မတ ဗစ်တာယာနူကိုဗက်ချ်ကို သမ္မတရာထူးမှ ထုတ်ပယ်လိုက်ပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ အိုလက်စန္ဒြာတာချီနော့ဗ်**(ယာပုံ)**က သမ္မတအဖြစ်တာဝန်ယူမည်ဖြစ်သည်။ မစ္စတာတာချီနော့ဗ်က အင်္ဂါနေ့မတိုင်မီ အစိုးရသစ်ကိုဖွဲ့စည်းမည်ဖြစ်ကြောင်း လွှတ်တော်အမတ်များကို ပြောကြားခဲ့သည်။ ဆန္ဒပြသူများက စနေနေ့၌ဝင်ရောက်ခဲ့သည့် ကိယက်မြို့အနီးရှိ မစ္စတာယာနူကိုဗက်ချ်၏ ဇိမ်ခံအိမ်တော်ကို သိမ်းယူရန် ပါလီမန်ကမဲပေးဆုံးဖြတ်ခဲ့သည်။

၎င်းအားသမ္မတရာထူးမှဖယ်ရှားရန် မဲပေးဆုံးဖြတ်ချက်သည် အာဏာသိမ်းခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သော မစ္စတာယာနူကိုဗက်ချ်သည် မည်သည့်အရပ်၌ရောက်ရှိနေသည်ကို ရှင်းလင်းစွာမသိရပေ။ ထောင်ပေါင်းများစွာသော အတိုက်အခံထောက်ခံသူများသည် လွတ်လပ်ရေး ရင်ပြင်တွင် ရှိနေဆဲဖြစ်သည်။

ပါလီမန်တွင် မဲပေးပြီးနောက် ဝန်ကြီးချုပ်ဟောင်း ယူလီယာတီမိုရှင်ကိုအား ခါကစ်မြို့အရှေ့ပိုင်းရှိ စနေနေ့နှောင်းပိုင်းတွင် ထောင်မှ လွှတ်ပေးခဲ့သည်။ ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ သေဆုံးသူ ၈၈ ဦးရှိကြောင်း အများစုမှာ ဆန္ဒပြသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ကူနာပြည်နယ်မှ စစ်ဆေးရေးစခန်းအား တာလီဘန်များတိုက်ခိုက် အာဖဂန်စစ်သား ၂၀ ထက်မနည်းသေဆုံး

ကဘူး   ဖေဖော်ဝါရီ   ၂၃

ပါကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်အနီးရှိ အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်မှ စစ်ဆေးရေးစခန်းတစ်ခုအား ဖေဖော်ဝါရီ ၂၃ရက်တွင် တာလီဘန်အဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ရာ အာဖဂန်နစ္စတန်စစ်သားဦးရေ ၂၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ပွဲတွင် တာလီဘန်များဘက်မှ တပ်ဖွဲ့ဝင်တစ်ဦးထက်မနည်းသေဆုံးခဲ့ကြောင်းနှင့် အာဖဂန်စစ်သားခုနစ်ဦးအား ဖမ်းဆီးထားကြောင်း တာလီဘန်အဖွဲ့မှ ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် လာမည့်လအတွင်းကျင်းပမည့် သမ္မတရွေးကောက်ပွဲမတိုင်မီကာလအတွင်းဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဝေးလံခေါင်ဖျားသော အာဖဂန်အရှေ့ပိုင်းပြည်နယ် ကူနာ၏ ဂါဇီအာဘက်ခရိုင်အတွင်း ဖေဖော်ဝါရီ ၂၃ရက်အစောပိုင်းက ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် တာလီဘန်စစ်သွေးကြွအဖွဲ့ဝင်များ ရာနှင့်ချီကာ တိုက်ခိုက်မှု၌ပါဝင်ခဲ့ကြောင်း အာဖဂန်နစ္စတန်တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး မိုဟာမက်ဇဟီရာအာဇီမီက ပြောကြားသည်။

ယင်းဖြစ်စဉ်၌ ပြင်းထန်သောတိုက်ခိုက်မှုများ နာရီအနည်းငယ်ကြာ ဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကူနာပြည်နယ်အုပ်ချုပ်ရေးမှူး ဇူဂျာအုလ်မူလ်လက်က တာလီဘန်အဖွဲ့မှ အာဖဂန်တပ်ဖွဲ့အတွင်း စိမ့်ဝင်ထိုးဖောက် သူများက ယင်းတိုက်ခိုက်မှုဖြစ်ပေါ်အောင် စည်းရုံးလှုံ့ဆော်ပေးနိုင်ဖွယ်ရှိကြောင်း ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်း၏ရုံးက ဝမ်းနည်းကြောင်းကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး သီရိလင်္ကာနိုင်ငံသို့ ယနေ့သွားရောက်မည့် သမ္မတ ကာဇိုင်း၏ ခရီးစဉ်အား ရွှေ့ဆိုင်းခဲ့ကြောင်း ဖော်ပြသည်။

အာဖဂန်နစ္စတန်အစိုးရ၏ ထုတ်ပြန်ချက်တွင် ယင်းတိုက်ခိုက်မှုအတွင်း စစ်သားအချို့ပျောက်ဆုံးနေကြောင်း အတည်ပြုခဲ့ပြီး ပျောက်ဆုံးသူခြောက်ဦးရှိကြောင်း ဖော်ပြသည်။ **ဘီဘီစီ။**

အီတလီအစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို

ရောမ   ဖေဖော်ဝါရီ   ၂၃

ဗဟိုလက်ဝဲနိုင်ငံရေးသမား မက်တီယိုရင်းဇီခေါင်းဆောင်သော အီတလီနိုင်ငံအစိုးရအဖွဲ့သစ်သည် စနေနေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသည်။

ရင်းဇီ အသက်(၃၉)နှစ်သည် အီတလီသမိုင်းတွင် အသက်အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်ပြီး အတွေ့အကြုံအနည်းဆုံး လည်းဖြစ်သည်။

၎င်းသည် ဖလော့ရင့်မြို့တော်ဝန်အဖြစ်ထင်ရှားခဲ့သော်လည်း လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခြင်းမခံရဖူးသကဲ့သို့ အမျိုးသားအစိုးရအဖွဲ့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်းမရှိခဲ့ပေ။

အစိုးရအဖွဲ့ဝင်များအဖြစ် လူငယ်များကိုရွေးချယ်ခဲ့ပြီး ၎င်းတို့အနက် ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။ **ဘီဘီစီ။**

ထိုင်းအတိုက်အခံတို့၏ ဆန္ဒပြမှုတစ်ရပ်၌ သေနတ်သမားတစ်ဦး ပစ်ခတ်၍ ငါးနှစ်သမီးငယ်တစ်ဦး သေဆုံး

ဗန်ကောက်   ဖေဖော်ဝါရီ   ၂၃

ထိုင်းနိုင်ငံအရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့သော အစိုးရအားဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲတစ်ခုတွင် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ငါးနှစ်သမီးရွယ် မိန်းကလေးတစ်ဦးသေဆုံးခဲ့ပြီး လူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည့်နေရာအား ထိုင်းရဲတပ်ဖွဲ့ဝင်တစ်ဦး စစ်ဆေးကြည့်ရှုနေစဉ်။

ယင်းဆန္ဒပြပွဲ၌ တိုက်ခိုက်သူတစ်ဦးက လူစုလူဝေးအတွင်းသို့ ပေါက်ကွဲစေသည့်ပစ္စည်းများ ပစ်သွင်းကာ သေနတ်ဖြင့်လည်း ပစ်ခတ်ခဲ့ကြောင်း၊ ဆန္ဒပြပွဲ၌ပါဝင်ဆန္ဒပြသူများက အများပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးများ ဖော်ဆောင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးကော်မတီဖွဲ့စည်းရန် တောင်းဆိုဆန္ဒပြနေကြခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ခါအိုဆာမင်းခရိုင် ညဈေးတန်း၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းမြို့မှာ တာရက်စ်ပြည်နယ်တွင်ပါဝင်သည်။

ယမန်နှစ် နိုဝင်ဘာလအတွင်းက စတင်ဖြစ်ပွားခဲ့သော လက်ရှိထိုင်းအစိုးရအား ကန့်ကွက်ဆန္ဒပြမှုများကြောင့် ထိုင်းနိုင်ငံတစ်ဝန်းတွင် နိုင်ငံရေးအရတင်းမာမှုများ မြင့်တက်လျက်ရှိသည်။

ထိုင်းအစိုးရအား ဆန့်ကျင်ဆန္ဒပြနေသူများအနေဖြင့် လက်ရှိထိုင်းအစိုးရဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်အား ရာထူးမှနုတ်ထွက်ပေးစေလိုပြီး ကြားဖြတ်အစိုးရတစ်ရပ် ဖွဲ့စည်းပေးရန် ဆန္ဒရှိသော်လည်း ဝန်ကြီးချုပ် ယင်လပ်က အဆိုပါတောင်းဆိုချက်အား ငြင်းပယ်ထားသည်။

နောက်ဆုံးဖြစ်ပွားခဲ့သည့် လူအသေအပျောက်ရှိသော တိုက်ခိုက်မှုသည် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၏ အရှေ့တောင်ဘက်ကီလိုမီတာ ၃၀၀(မိုင်၁၈၀)အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဆန္ဒပြလူစုအတွင်းသို့ သေနတ်သမားတစ်ဦး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အခြားလူ ၃၀ ဦးမှာ ထိခိုက် ဒဏ်ရာများရရှိခဲ့ပြီး ယင်းတို့အထဲက ကလေးငယ်တစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

အေဝက်(စ်) ထောက်လှမ်းရေးလေယာဉ် တူရကီစတင်ရရှိပြီ

အန်ကာရာ   ဖေဖော်ဝါရီ   ၂၃

တူရကီနိုင်ငံက ၎င်း၏လေတပ်ဖွဲ့ကို ခေတ်မီစေမည့် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသော စီမံကိန်းအရ ဘိုးရင်းကုမ္ပဏီမှ ထုတ်လုပ်သည့် ထောက် လှမ်းရေးလေယာဉ်များကို ဝယ်ယူထားရာ ပထမဆုံးလေယာဉ်တစ်စင်းကို လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း အေပီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

တူရကီလေတပ်ဖွဲ့သည် ကိုညာမြို့တွင် မှာယူထားသည့် အေဝက်(စ်) လေယာဉ်လေးစင်းအနက် ပထမတစ်စင်းကို သောကြာနေ့တွင် အခမ်းအနားဖြင့် လက်ခံရယူခဲ့သည်။

စီစဉ်ထား

ယခုနှစ်ကုန်ပိုင်းတွင် လေယာဉ်နှစ်စင်းရရှိရန်စီစဉ်ထားရှိပြီး စတုတ္ထမြောက်အစင်းကိုမူ ၂၀၁၅ ခုနှစ်တွင် ရရှိမည်ဟု မျှော်လင့်ရသည်။

ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိသည့် ဆီးရီးယားနိုင်ငံနှင့် ကီလိုမီတာ ၉၁၀ ရှည်လျားသော နယ်စပ်ချင်း ထိစပ်နေသော နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ယင်းလေယာဉ်များကို မှာယူခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံမှ လက်ခံရရှိသည့် အေဝက်(စ်)အမျိုးအစား ထောက်လှမ်းရေးလေယာဉ်အား တွေ့ရစဉ်။

ကနဦးက ၂၀၀၈ ခုနှစ်တွင် ယင်းလေယာဉ်များကိုရရှိရန် စီစဉ်ထားရာ သို့အတွက် ပေးပို့ရန် နှောင့်နှေးကြန့်ကြာခြင်းအတွက် တူရကီတာဝန်ရှိသူများက လျော်ကြေးငွေတောင်းဆိုမည်ဟု ပြောကြားခဲ့သည်။

ဩစတြေးလျနှင့် တောင်ကိုရီးယားနိုင်ငံတို့ပြီးနောက် ယင်းလေယာဉ်များရရှိသော တတိယနိုင်ငံအဖြစ် တူရကီဖြစ်လာပြီဖြစ်သည်။ **အေပီ။**

တရားထိုင်ခြင်းက လုပ်ငန်းခွင်ဆိုင်ရာ စိတ်ဖိစီးမှုကို လျော့ကျစေနိုင်

ဘာသာပြန်-ဒေါက်တာသာစိန်

ပုံမှန်တရားထိုင်ခြင်းဖြင့် လုပ်ငန်းခွင်နှင့် ဆက်နွယ်သော စိတ်ဖိစီးမှုနှင့် အားအင်ကုန်ခန်းမှုများကို ကာကွယ်နိုင်ကြောင်း အမေရိကန်ပြည်ထောင်စုတွင် ပြုလုပ်သော လေ့လာဆန်းစစ်မှုတစ်ရပ်အရ သိရသည်။ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိသော ကလေးများအတွက် သီးသန့်ဖွင့်လှစ်သောကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ကျောင်းဆရာများနှင့်ဝန်ထမ်းများမှာ တစ်နေ့လျှင် မိနစ် ၂၀ကြာ တရားရှုမှတ်ခြင်းအား လေးလတာ ပြုလုပ်ခဲ့ပြီးချိန်၌ စိတ်ဖိစီးမှုသိသိသာသာ လျော့နည်းသွားခဲ့ကြောင်း၊ ပထမဆုံးလ၌ စိတ်ဖိစီးမှုလျော့နည်းသွားသည့်အပြင် စိတ်အားတက်ကြွမှုပါ ဖြစ်လာကြောင်း လေ့လာဆန်းစစ်မှုတွင်ပါဝင်သူ သဘာဝဆေးနှင့် ကာကွယ်တားဆီးခြင်းဆိုင်ရာ မဟာရီရှိတက္ကသိုလ်မှ သုတေသီ ဆင်ဖိုဒ်နီဒွေ့ရှ်က ပြောကြားသည်။

ထို့ပြင် ဆင်ဖိုဒ်နီဒွေ့ရှ်က တရားရှုမှတ်သော အဆိုပါကျောင်းဆရာများနှင့် ဝန်ထမ်းများမှာ တစ်နေ့လျှင် မိနစ် ၂၀ ကြာ တရားရှုမှတ်ကာလ လေးလအပြီး၌ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုပြင်းပြခြင်းများပါ လျော့နည်းသွားခဲ့ကြောင်းဆိုသည်။ ထို့ကြောင့် တရားရှုမှတ်ခြင်းသည် စိတ်ဖိစီးမှုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုရှိပုံရကြောင်း Permanente ဂျာနယ်တွင် ပုံနှိပ်ဖော်ပြထားသော ၎င်းတို့၏ ဆောင်းပါး၌ မှတ်ချက်ပြုရေးသားထားသည်။

သုတေသီများက မိမိတို့လေ့လာဆန်းစစ်မှုတွင်ပါဝင်သော တရားရှုမှတ်သူများက မည်သည့်တရားရှုမှတ်နည်းကို အသုံးပြုခဲ့ကြသည်ကို အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ သို့သော် မျက်စိနှစ်ဖက်မှိတ်ပြီး တင်ပျဉ်ခွေထိုင်ကာ လောကသဘာဝနှင့် သာမန်လူတို့ မမီနိုင်သော သဘာဝတရားများ ရှုမှတ်မှုကို အခြေခံထားသည့် TM ရှုမှတ်နည်းကို အသုံးပြုခဲ့ကြကြောင်း ဖွင့်ဟပြောကြားသည်။

ယခင်က ပြုလုပ်ခဲ့သော လေ့လာဆန်းစစ်ချက်များအရ TM သို့မဟုတ် သတိပဋ္ဌာန်ဝိပဿနာ ရှုမှတ်နည်းအပါအဝင် များပြားသော တရားရှုမှတ်နည်းများမှာ ထင်ရှားသည့် အကျိုးကျေးဇူးများစွာရကြောင်း၊ လုပ်ငန်းခွင်ဆိုင်ရာ စိတ်ဖိစီးမှုသည် အလုပ်သမားအပြောင်းအလဲများစွာဖြစ်စေသဖြင့် လုပ်ငန်းခွင်၌ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေကြောင်း ဆိုသည်။

တချို့သော တရားရှုမှတ်နည်းများမှာ လုပ်ငန်းခွင်အတွင်း၌ပင် ပြုလုပ်နိုင်ကြောင်း၊ သတိပဋ္ဌာန် တရားရှုမှတ်နည်းသည် စိတ်၏စွမ်းအင်ကို ထိန်းသိမ်းထားနိုင်သဖြင့် စိတ်တည်ငြိမ်အေးချမ်းမှုရကြောင်း၊ တင်ပျဉ်ခွေထိုင်ပြီး ခန္ဓာကိုယ်ရှိ ဝင်လေထွက်လေအပေါ် အာရုံစူးစိုက်ခြင်းအားဖြင့် မိမိစိတ်အစဉ်အား ပစ္စုပ္ပန်တည့်တည့်သို့ ရောက်ရှိစေကြောင်း၊ တရားရှုမှတ်ခြင်းသည် လုပ်ငန်းခွင် စိတ်ဖိစီးမှု၏ အကောင်းဆုံးထွက်ပေါက်ဖြစ်ကြောင်း နယူးဂျာစီပြည်နယ် အောက်ကလန်မြို့ရှိ သတိတရားဦးဆောင်မှုတက္ကသိုလ်မှ ဒါရိုက်တာဖြစ်သူ ဂျင်နိုက်မာကျူရာဒိုက ပြောကြားသည်။

(ရိုက်တာ)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဂုဏ်ပြု ဆောင်းပါးပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီစီမံချက်မှကြီးမှူး၍ မတ် ၂၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World TB Day 2014) ကို ဂုဏ်ပြုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲပြုလုပ်သွားမည်ဖြစ်ရာ "တီဘီရောဂါပပျောက်ရေး၊ တစ်ယောက်မကျန်စစ်ဆေးကုသပေး" ခေါင်းစဉ်ဖြင့် စာလုံးရေ ၂၀၀၀ နှင့် ၃၀၀၀ ကြားရေးသားပြီး ကလောင်အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းအပြည့်အစုံဖော်ပြလျက် မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီစီမံချက် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး မတ် ၇ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁ လိုင်းခွဲ(၁၁၃)၊ ၀၉-၅၀၉၇၄၇၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ဆုရရှိသူများအား မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီစီမံချက်မှပြုလုပ်သော (World TB Day 2014) အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၏ ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရှည်လျားသော ကမ်းရိုးတန်းတည်ရှိပြီး တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ အဓိကပေါင်းကူးဆက်သွယ်ပေးနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ယခုအချိန်တွင် Multimodal Transport Law ကို ပြဋ္ဌာန်းပြီးဖြစ်ရာ အဘက်ဘက်မှ စီးပွားရေးအမြင်ဖြင့် ကြိုတင်ပြင်ဆင်ရန် လိုအပ်ပါကြောင်း၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၏ ရည်ရွယ်ချက်ဖြစ်သော ကုန်ပစ္စည်းများလိုရာခရီးကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီရောက်ရှိရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်းနှင့် နောင်အနာဂတ်ကာလတွင် ပေါ်ထွန်းလာတော့မည့် သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်များနှင့် ဆိပ်ကမ်းများအတွက် ဤအသင်းမှ ယခုထက်ပိုမိုအောင်မြင်ရန် ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြည်က အသင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာသီဥတုပြောင်းလဲမှုကြောင့် ရာဇဝတ်မှုများတိုးပွားလာမည်

ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ရာသီဥတုများ ပြောင်းလဲဖောက်ပြန်လာမှုကြောင့် ရာဇဝတ်မှုများ ထုပြောများပြားလာမည်ဖြစ်ကြောင်း လေ့လာမှုအသစ်တစ်ခုတွင် ရေးသားဖော်ပြသည်။

အမေရိကန်နိုင်ငံမှ ပညာရှင်အဖွဲ့တစ်ဖွဲ့က ပူနွေးသောရာသီဥတုကြောင့် လူသတ်မှုနှင့် မုဒိမ်းမှုအပါအဝင် ရာဇဝတ်မှုများတိုးပွားလာမည်ဖြစ်ပြီး လူမှုရေးနှင့် ပတ်သက်သော ကုန်ကျစရိတ်များသည် အမေရိကန်နိုင်ငံတစ်ခုတည်းမှာပင် ဒေါ်လာ ၁၁၅ ဘီလီယံ အထိကုန်ကျမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

Abt လူမှုအဖွဲ့အစည်းမှ မက်သရူးရန်ဆန်က ယခုရာစုနှစ်အကုန်တွင် ရာသီဥတု ပြောင်းလဲမှုအကျိုးဆက်ကြောင့် လူသတ်မှု ၂၂၀၀၀ ကျော်နှင့် မုဒိမ်းမှု ၁၈၀၀၀၀ ကျော်ဖြစ်ပွားမည်ဟု ယူဆရကြောင်း လော့စ်အိန်ဂျလိစ်တိုင်းသတင်းစာက ရေးသားဖော်ပြသည်။ မက်သရူးရန်ဆန်က ၂၀၁၀ ခုနှစ်က စာရင်းမှတ်တမ်းများကို အခြေပြု၍ ရာသီဥတုပြောင်းလဲလာမှုကြောင့် ကိုယ်ထိလက်ရောက်ကျူးလွန်မှု ၂ ဒသမ ၃ သန်း၊ လုယက်မှု ၂၆၀၀၀၀၊ ဖောက်ထွင်းမှု ၁ ဒသမ ၃ သန်းနှင့် ကားခိုးမှု ၅၈၀၀၀၀ ကျော် ဖြစ်ပွားလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် ဆက်နွယ်ပြီး လူမှုရေးကုန်ကျစရိတ်များသည် အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံမှ ၁၁၅ ဘီလီယံအထိ မြင့်တက်လာမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုမှာ မိမိတို့လူသားများအပေါ် နည်းလမ်းပေါင်းများစွာဖြင့် လွှမ်းမိုးလျက်ရှိနေမည်ဖြစ်ပြီး သစ်ပင်များ၊ စိုက်ခင်းများအတွက် လိုအပ်သည့်ရေကို မည်သို့ရယူရမည်ဆိုသည်မှာလည်း ပြဿနာတစ်ခုအဖြစ် ပါဝင်နေသည်ဟု မက်သရူးက ပြောကြားသည်။

မက်သရူး၏ လေ့လာသုတေသနပြုမှုတွင် အမေရိကန်နိုင်ငံ စီရင်စု ၃၀၀၀ မှ ရာသီဥတုဆိုင်ရာ အချက်အလက်များနှင့် ရာဇဝတ်မှုမှတ်တမ်းများကို အခြေခံခန့်မှန်းထားပြီး ၂၀၉၀ ခုနှစ်သည် ရာဇဝတ်မှု အထူပြောဆုံးနှစ် ဖြစ်လိမ့်မည်ဟု ၎င်းက သုံးသပ်ဖော်ပြထားသည်။

(အေဝမ်းစိုး)



သတိလက်ယာ ပညာလက်ဝဲ မှတ်ယူစွဲလော့

စန်းနီလာဝင်း

"အကြင်အရပ်၌ မြတ်နိုးသူမရှိ၊ အသက်မွေးဝမ်းကျောင်းအလုပ်မရှိ၊ ဆွေမျိုးမိတ်သင်္ဂဟမရှိ၊ ပညာရခြင်းမရှိသော် ထိုအရပ်ကို စွန့်ပစ်အပ်၏။ အလုံးစုံသော ဥစ္စာတို့တွင် ပညာတည်းဟူသော ဥစ္စာသည်သာ အမြတ်ဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူလည်း မခိုးနိုင်၊ အဖိုးလည်းမဖြတ်နိုင်၊ ပေး၍သုံး၍လည်းမကုန်နိုင်သောကြောင့်ပင်တည်း" ဟူ၍ နီတိပညာရှိတို့က "ပညာ၏အသုံးဝင်တန်ဖိုး" (Value of Education) ကိုဖော်ပြခဲ့ကြသည်။

ပညာရေးဟူသော သခ်ေပအကျဉ်းအနက်အဓိပ္ပာယ်ကို ပညာရေးသုတေသီများက "လူငယ်လူရွယ်တို့အား လူကြီးများ၏နေရာတွင် ဆက်ခံနိုင်စေရန်အတွက် လူမှုဘဝဝန်းကျင်နှင့်လိုအပ်သလိုညှိယူပြီး လူ့ဘောင်အဖွဲ့အစည်းတွင် ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ကြသူများ ဖြစ်လာစေရန် လူကြီးမိဘ ၊ဆရာသမားများက လေ့ကျင့်သင်ကြားပေးခြင်း၊ ပြုစုပျိုးထောင်ပေးခြင်းတို့ဖြစ်သည်" ဟုဖွင့်ဆိုထားကြသည်။

အင်္ဂလိပ်ဘာသာအားဖြင့် Education ဟူသောဝေါဟာရ" ပညာရေး" ဟုဖွင့်ဆိုထားပြီး ဤဝေါဟာရ၏ မူရင်းမှာလက်တင်ဘာသာမှ ဆင်းသက်လာခြင်းဖြစ်သည်။ အနှစ်ချုပ်အဓိပ္ပာယ်မှာ " ဖော်ထုတ်ယူခြင်း" ဟူ၍ဖြစ်သည်။

ယနေ့ကမ္ဘာကြီး၏(၂၁)ရာစုဖြစ်စဉ်ကို လေ့လာကြည့်မည်ဆိုပါလျှင် ဒေသအလိုက်နိုင်ငံရေး၊ စီးပွားရေး ယဉ်ကျေးမှုကွဲပြားခြားနားမှု၊ နိုင်ငံတစ်နိုင်ငံချင်းအလိုက် အမျိုးသားအချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် သီးခြားလက္ခဏာဆောင်မှုများကို ထိပါးမခံလိုသည့်ရပ်တည်ချက်များဖြင့် " ကမ္ဘာ့ဗဟိုချက်မ" များစွာရှိနေသည်ဟူသော ဖြစ်စဉ် (MultipolarWorld)များလည်း ပေါ်ပေါက်လျက်ရှိသည်။

ထို့အတူ ကဏ္ဍအသီးသီးတွင် သိပ္ပံနှင့်နည်းပညာအဆင့်မြင့်မားစွာထွန်းကားလွှမ်းခြုံလျက်ရှိသည့် "ပညာခေတ်" (Age of Knowledge)ဖြစ်ပေါ်လျက်ရှိ၏။ ပညာရှင်များ၏ကြိုးပမ်းမှုများကြောင့် သိပ္ပံနှင့်နည်းပညာရပ်များသည် ၂၀ ရာစုအလယ်ပိုင်းမှစ၍ အရှိန်အဟုန်ဖြင့်တိုးတက်လာခဲ့ရာ ယခုအခါ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်အထွေထွေဝန်ဆောင်မှုလုပ်ငန်း နယ်ပယ်များတွင် အဆင့်မြင့်နည်းပညာရပ် (High Technology)များဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုစံကို "လူနေမှုဘဝရပ်ပိုင်းဆိုင်ရာအရည်အသွေးတိုးတက်မှုအညွှန်းကိန်း" များဖြင့် ဖော်ပြလေ့ရှိကြသည်။ ထိုလူနေမှုဘဝရပ်ပိုင်းဆိုင်ရာ အရည်အသွေးတိုးတက်မှုအညွှန်းအကိန်းတွင် အဓိကအားဖြင့် နိုင်ငံတစ်နိုင်ငံရှိ လူတို့၏ပျမ်းမျှသက်တမ်း၊ ကယ်လိုရီစားသုံးမှု၊ ကလေးများကျောင်းပညာသင်ကြားမှု၊ သက်ကြီးလူဦးရေစာတတ်မြောက်မှု အခြေအနေများထည့်သွင်းတွက်ချက် ဖော်ပြကြရသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှုစံနှုန်းကို တိုင်းတာဖော်ပြရာ၌ စီးပွားရေးတစ်ခုတည်းသာမဟုတ်ဘဲ အသိပညာ၊အတတ်ပညာ အဆင့်အတန်းများကိုပါ ထည့်သွင်းရသည်ကိုကြည့်ခြင်းအားဖြင့် ပညာ၏အရေးပါမှုကို သိသာနိုင်ပြီဖြစ်သည်။

ယနေ့ မျက်မှောက်ခေတ်တွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ (Highly Industrialized State)သည် အဆင့်မြင့်သိပ္ပံနည်းပညာများ၊ သတင်းဆက်သွယ်ဖြန့်ချိမှုနည်းပညာများဖြင့် ၂၁ ရာစု၏ဖွံ့ဖြိုးမှုကိုဖော်ဆောင်နေကြသည်။ သာဓကအားဖြင့် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျစသည့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်း၍ ကျောင်းခွဲများဖွင့်လှစ်ခြင်း၊ အဝေးရောက်ဘွဲ့ ဒီဂရီများအပ်နှင်းခြင်းများကို ပြုလုပ်လျက်ရှိရာ အင်တာနက်(Internet)ခေါ် ဆက်သွယ်ရေးကွန်ရက်ဖြင့် စာသင်ကြား၍စာမေးပွဲဖြေဆိုသည့်နည်းလမ်းဖြင့် ဘွဲ့အပ်နှင်းနိုင်သည့်အဆင့်အထိ ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ပညာရေးဖွံ့ဖြိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် စီးပွားရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုများ စဉ်ဆက်မပြတ်ဖြစ်စေရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းကာ "အဆင့်မြင့်ပညာရေးနိုင်ငံတကာဖြန့်ကြက်မှုလုပ်ငန်းရပ်များ" (Internationalization of Higher Education)ရှင်သန်လျက်ရှိကြသည်။

လူ့ဘဝသမိုင်းတစ်လျှောက်တွင် ယနေ့မျက်မှောက်ခေတ်လောက် ပညာရပ်၏အရေးပါမှုမျိုးမဖြစ်ပေါ်ခဲ့သေးပေ။ လူသားတို့သည် "စက်မှုခေတ်" (Industrial Age) ကို ချန်ထားရစ်ကာ "သတင်းအချက်အလက်ခေတ်" (Information Age)သို့ ကူးပြောင်းလာချိန်အထိ ပညာ၏ တန်ဖိုးသည်အမြင့်ဆုံးဘဝသို့ရောက်ရှိနေရာယူလျက်ရှိပေသည်။

စက်မှုခေတ်ကဆိုလျှင် ကျောင်းနေမည်။ ဘွဲ့ရမည်။ လုပ်ငန်းခွင်ဝင်မည်။ အခြားအပိုပညာရပ်များကိုထပ်မံသင်ယူရန်မလိုတော့ပေ။ အကြောင်းမှာ ထိုစဉ်အခါက ပြုပြင်ပြောင်းလဲမှုများသည် ယနေ့မျက်မှောက်ခေတ်ကဲ့သို့ မြန်ဆန်ခြင်းမရှိ၍ဖြစ်သည်။ စက်မှုခေတ်ကာလတွင် လိုက်နာရမည့်ထုံးတမ်းတို့သည် ကျောင်းများတွင်သာရှိခဲ့၏။ အဆင့် ကောင်းကောင်းရရှိအောင်ကြိုးစားပြီး စိတ်ချ၍ခိုင်မြဲသောအကျိုးဖြစ်ထွန်းစေမည့်အလုပ်ကို လုပ်ကိုင်ကာ ရာသက်ပန် ဘဝလမ်းကျောင်းနိုင်ခဲ့သည်။ ယနေ့နည်းပညာခေတ်တွင် လိုက်နာရမည့်ထုံးတမ်းများက ပြောင်းလဲသွားပါပြီ။ ယနေ့ ထုံးတမ်းစဉ်လာကား ကျောင်းတက်မည်။ အဆင့်ကောင်းကောင်းရအောင်ယူမည်။ ထို့နောက် အလုပ်ရှာမည်။ အလုပ်တွေ့လျှင် ထိုအလုပ်၏သဘောသဘာဝနှင့် လိုက်လျောညီထွေလုပ်ဆောင်နိုင်အောင် သင်တန်းများ ထပ်မံတက်ရမည်။

စက်မှုခေတ်က ခေတ်၏သဘောတရားကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ရာတွင် အိုင်စတိုင်း၏ "$E=mc^2$" ပုံသေနည်းဖြင့် ဖွင့်ဆိုခဲ့ကြသည်။ နည်းပညာခေတ်တွင် ခေတ်မီသဘောတရားကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မိုး၏နိယာမကို အသုံးချရမည်ဖြစ်သည်။ မိုး၏ နိယာမမှာပင် ယနေ့ရရှိထားသော အတွေ့အကြုံအချက်အလက်တို့သည် ၁၈ လကြာလျှင် နောက်ထပ် နှစ်ဆပွားသည်။ ဆိုလိုသည်မှာ ပြောင်းလဲမှုနှင့်အတူ ရင်ပေါင်တန်းနိုင်ရန် သင်သည် ၁၈ လကြာတိုင်း ၁၈ လအတွင်းဖြစ်ပေါ်လာသမျှ ပညာရပ်တို့ကို သင်ပြန်လည်သင်ယူဖို့လိုအပ်မည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။

စက်မှုခေတ်တွင် ပြောင်းလဲမှုသည် နှေးကွေးလှချေ၏။ စာသင်ကျောင်းတက်ပြီး လေ့လာသင်ယူခဲ့သမျှသော ပညာတို့သည် သင့်ဘဝတစ်သက်တာတွင် ဖူလုံ၏။ နည်းပညာခေတ်တွင် သင်သိထားသမျှသည် လျင်မြန်စွာ ပြောင်းလဲသွားချိန်တွင် အသုံးမတည့်တော့ဘဲ ခေတ်မမီသည့်အသွင်သို့ ရောက်ရှိသွားနိုင်သည်။ သင်နာယူသင်ကြားခဲ့သည်တို့မှာ အရေးပါသည်။ သို့ရာတွင် သင်အဘယ်မျှလျင်မြန်စွာ သင်ယူနိုင်သည်၊ ပြောင်းလဲသည်နှင့် သဟဇာတဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်မှုတို့က ပို၍အရေးပါအရာရောက်လာသည်။

သာဓကအားဖြင့် အိုင်ဘီအမ် (IBM) ကွန်ပျူတာကုမ္ပဏီကြီးမှ အသက်အရွယ်ကြီးရင့်ပြီးဖြစ်သော ဒါရိုက်တာ အဖွဲ့ဝင်လူကြီးများသည် ပြောင်းလဲနေပြီဖြစ်သော အနေအထားနှင့် ဈေးကွက်ကို ကြိုတင်မမြင်ခဲ့သောကြောင့် ယှဉ်ပြိုင်ဘက်ကွန်ပျူတာပညာရှင် ဘီလ်ဂိတ်Bill Gates သည် ကမ္ဘာပေါ်တွင် နည်းပညာဖြင့် ကြွယ်ဝချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သွားခဲ့သည်။ ထိုပုဂ္ဂိုလ်သည် ပညာလည်းတတ် စိတ်ထားလည်းမြတ်လှသောကြောင့် ဘီလ်ဂိတ်ဖောင်ဒေးရှင်းဖြင့် ကမ္ဘာကျော်ပရဟိတဒါနရှင်ကြီးတစ်ဦးဖြစ်လာခဲ့သည်။ ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများ၏ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ကိုယ်ပိုင်ငွေဖြင့် အလှူငွေရက်ရောစွာ ထည့်ဝင်၍ လှူဒါန်းဖြည့်ဆည်းပေးလျက်ရှိသည်။ ဘီလ်ဂိတ်ကဲ့သို့ နည်းပညာရပ်များဖြင့် ငွေကြေးကြွယ်ဝလာသည့် ပညာရှင်များ မြန်မာနိုင်ငံတွင် များစွာပေါ်ထွန်းစေချင်သည်။

ယနေ့မျက်မှောက်ခေတ်တွင် ကမ္ဘာတစ်ခွင်၌ ပြောင်းလဲမှုနှုန်းများ ယခင်ကထက် မြန်ဆန်လွန်းသဖြင့် ပညာရေး၏အခန်းကဏ္ဍသည် ပို၍အရေးပါအရာရောက်လာခဲ့သည်။ နည်းပညာခေတ်တွင် နည်းပညာဖွံ့ဖြိုးမှသာ နိုင်ငံဖွံ့ဖြိုး၍ လူမျိုးတိုးတက်မည်။ နည်းပညာဖွံ့ဖြိုးလာသောနိုင်ငံများသည် ရှေ့တန်းရောက်ပြီးနိုင်ငံ၏ အခြေခံ ကြွယ်ဝမှုများသည် ယခင်ကထက် အရှိန်အဟုန်ဖြင့် တိုးတက်ပွားများလာမည်ဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရာ၌ ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံမှုဖြစ်စဉ် (Globalization) နှင့် 'အမျိုးသားရေးဝါဒ' (Nationalism) ကိုမှန်ကန်စွာ ဆက်စပ်အကောင်အထည်ဖော်ဆောင်တတ်ကြဖို့လိုသည်။

လောက၌ မသင်အပ်၊မတတ်အပ်သော ပညာဟူ၍မရှိ။ အသုံးမချသင့်သော ပညာရပ်သာရှိသည်။ မိမိ တတ်မြောက်ထားသော အသိပညာ၊ အတတ်ပညာဖြင့် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် မကောင်းမှု၊ အကုသိုလ်စရိုက်မဖြစ်စေဖို့ အရေးကြီးလှသည်။ ပညာသည်မွန်မြတ်သော်လည်း အသုံးပြုသူ၏ နှလုံးသွင်းပုံ စိတ်ဓာတ်မကောင်းပါက ထိုပညာရပ်သည် အဟောသိကံ အချည်းအနှီး ဖြစ်ရတော့သည်။

သာဓကဆိုကြပါစို့။ ဆေးပညာအတတ်မှာ အလွန်မွန်မြတ်လှပါ၏။ သို့တစ်ဖန် ဆရာဝန် သို့မဟုတ် ဆေးဆရာ၏ စိတ်ထားမကောင်းပါက သို့မဟုတ် ယောနိသောမနသိကာရဟူသော ကောင်းသောစိတ်ထား မထားနိုင်ပါလျှင် လူနာများ၊ ရောဂါဝေဒနာရှင်များ ဒုက္ခရောက်လာရုံသာရှိတော့သည်။ ထိုသာဓကကဲ့သို့ သိပ္ပံပညာရှင်ကြီးများက အဏုမြူကို လောကကြီးနှင့် လူသားတို့အတွက် အကျိုးအလို့ငှာ ရှာဖွေဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။

၁၉ ရာစုအကုန်တွင် ဂျာမန်ရူပဗေဒပညာရှင် ရွန်လျင်၏အိတ်စ်ရေးရောင်ခြည် (x-ray) စတင်တွေ့ရှိချက်နှင့် ပြင်သစ်သိပ္ပံပညာရှင် ဘက်ကာရဲလ်၏ ရေဒီယိုသတ္တိကြွခြင်း တွေ့ရှိချက်တို့သည် ခေတ်သစ်ရူပဗေဒပညာကို အစပျိုးပေးခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် အဲလ်ဘက်အိုင်စတိုင်း၏ ဒြပ်တစ်ခုအတွင်း၌ အလွန်ကြီးမားသော စွမ်းအင်ရှိကြောင်းတွေ့ရှိချက်၊ ၁၉၁၁ ခုနှစ်တွင် သိပ္ပံပညာရှင် ရူသာဖို့ဒ်က အယ်လ်ဖာအမှုန်များကို အသုံးပြု၍ အဏုမြူအတွင်းကျသော အပိုင်းကိုလေ့လာရာ နျူကလီးယားရရှိကြောင်းတွေ့ရှိချက်၊ ၁၉၁၃ ခုနှစ်တွင် ဗြိတိသျှဓာတုဗေဒပညာရှင် ဖရန့်စစ်အက်စ်တန်က ဓာတုဂုဏ်သတ္တိများတူညီ၍ အဏုမြူအလေးချိန်ကွဲပြားသော ဒြပ်စင်များဖြစ်သည့် အိုင်ဆိုတုပ်တည်ရှိကြောင်း သက်သေပြနိုင်ချက်၊ ၁၉၄၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဓာတုဗေဒပညာရှင်များဖြစ်ကြသည့် ဂလင်းတီဘောဂ်နှင့်အက်ဒ်ဗင်မက်မီလန်တို့၏ပလူတိုနီယမ်ကို ရှာဖွေတွေ့ရှိချက်စသည်တို့က ကမ္ဘာကြီးအား "နျူကလီးယားခေတ်"သို့ ရောက်ရှိအောင်လမ်းဖွင့်ပေးခဲ့သည်။

အဏုမြူကို စတင်ဖော်ထုတ်ခဲ့ကြသည့် သိပ္ပံပညာရှင်များ၏ မူရင်းရည်ရွယ်ချက်မှာ အဏုမြူစွမ်းအင် (Atomic Energy)ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက်လည်းကောင်း၊ ရေငန်မှ ရေချိုချက်လုပ်ရာတွင်လည်းကောင်း၊ အဏုမြူစွမ်းအင်ကို ရရှိစေနိုင်သော "ရေဒီယိုအိုင်ဆိုတုပ်များကို ဆေးဝါးကုသရေးလုပ်ငန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မိုးလေဝသနှင့် အာကာသသုတေသနလုပ်ငန်းများတွင်လည်းကောင်း တွင်ကျယ်စွာအသုံးပြုရန်ပင်ဖြစ်သည်။ သို့တစေနျူကလီးယားနည်းပညာ အတတ်ကို "ကမ္ဘာဖျက်လက်နက်" ထုတ်လုပ်ရေးလုပ်ငန်းတွင် အသုံးချလိုက်သောအခါ သိပ္ပံပညာရှင်ကြီးများမှာ ရင်ထုမနာဖြစ်ခဲ့ကြရရှာသည်။ (သာဓကအားဖြင့် ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်နှင့် ၉ ရက်များတွင် အမေရိကန်သမ္မတ ထရူးမင်းက ဂျပန်နိုင်ငံဟီရိုရှီးမားမြို့နှင့် နာဂါဆကီးပေါ်သို့အဏုမြူဗုံးတစ်လုံးစီ ကြဲချလိုက်ခြင်းမျိုးဖြစ်သည်)ဤသည်မှာ နည်းပညာကိုတလွဲအသုံးချလိုက်သည့် သာဓကတစ်ရပ်ပင်ဖြစ်သည်။

သာဓကအားဖြင့် အင်တာနက်မှ အသိပညာ၊ အတတ်ပညာ၊ သတင်းအချက်၊ ဗဟုသုတအဖုံဖုံကိုရယူအသုံးချမည့်အစား သမီးရည်းစား၊ ဘဝကြင်ဖော်ရှာဖွေခြင်း၊ လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာကိုစော်ကားထိပါးဖော်ပြခြင်းမျိုးများမှာလည်း နည်းပညာရပ်ကို အလွဲသုံးစားပြုလုပ်နေကြခြင်းပင်ဖြစ်သည်။

မိမိသင်ယူတတ်မြောက်ထားသော အတတ်ပညာရပ်များမှာ တန်ဖိုးမဖြတ်နိုင်စေကာမူ လူသားနှင့်လူ့အဖွဲ့အစည်းအတွက် အကျိုးမပြုပါက ထိုအတတ်ပညာသည် တန်ဖိုးမရှိနိုင်တော့ပေ။ ထို့ကြောင့် ပညာကို ကောင်းမွန်စွာအသုံးချနိုင်ရေးနှင့်စပ်လျဉ်း၍ အဋ္ဌကထာကျမ်းတွင် "ရံ ပရူပရော ပရဟိတံအကုသလဝဇ္ဇိတံ-တစ်ပါးသူ ကို ဒုက္ခပေးခြင်းကင်းစင်၍ အကုသိုလ်လွတ်ကင်းမှသာလျှင် ထိုအတတ်ပညာသည် မင်္ဂလာဖြစ်၏"ဟု ဖွင့်ဆိုထားခြင်းပင်ဖြစ်သည်။

ဤနေရာတွင် စပ်လျဉ်း၍ စာရေးသူသည် လွန်ခဲ့သောနှစ် သင်္ကြန်ပိတ်ရက်အတွင်းက ရန်ကုန်မြို့ အင်းလျားမြိုင်နှင့် အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ၌ ၁၀ ရက် တရားစခန်းဝင်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံလေးကို ပြန်လည်ပြောပြလိုပါသည်။ ထိုရိပ်သာတွင် နိုင်ငံခြားသား ယောဂီ ၂၁ ဦးခန့်ပါဝင်ခဲ့သည်။ နိုင်ငံခြားသားယောဂီများထဲမှာ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှ ခွဲစိတ်ကုသမားတော်ကြီး ဒေါက်တာ ဂျွန်စမစ်ဆိုသူနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ တစ်နေ့တရားစခန်းရပ်နားချိန်တွင် ဆရာကြီး ဂျွန်စမစ်က ဤသို့ဆိုပါသည်။ "ကျွန်တော်က အိန္ဒိယနိုင်ငံကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စီမံကိန်းတာဝန်နှင့်ရောက်ပြီး တာဝန်ထမ်းဆောင်နေရင်းက ဝိပဿနာ ဆရာကြီး ဒေါက်တာဂိုအင်ကာ(မကြာသေးမီက ကွယ်လွန်)ရဲ့ တရားရိပ်သာကို ရောက်သွားရာက ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ရတာပါ။ ခင်ဗျားတို့မြန်မာပြည်မှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာဝန်တွေရဲ့ ကိုယ်ကျင့်တရားကို ကျွန်တော်လေးစားတယ်။ ကျွန်တော်တို့ဆီမှာ များသောအားဖြင့် ဆရာဝန်တွေက ပိုက်ဆံအဆမတန်ယူပြီး ကလေးမလိုချင်တဲ့ကိုယ်ဝန်ဆောင်တွေကို ကိုယ်ဝန် ဖျက်ချပေးတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီအလုပ်မျိုးလုပ်ခဲ့ပြီး ပိုက်ဆံအများကြီးယူခဲ့ဖူးတယ်။ ခင်ဗျားတို့ဒီနိုင်ငံမှာတော့ ဥပဒေက ခွင့်မပြုဘူး။ ဆရာဝန်အများစုကလည်း ရှောင်ကြဉ်ကြတော့ သိပ်ထူးခြားတဲ့ ကိုယ်ကျင့်တရားလို့ဆိုချင်တာပါပဲ" ဟု ဒေါက်တာဂျွန်စမစ်က အတတ်ပညာကို မကောင်းသည့်ဘက်တွင် အသုံးချနေသည့် အနောက်တိုင်းလူ့အဖွဲ့အစည်းနှင့် ပညာရှင်အချို့၏ လုပ်ရပ်ကို ရိုးသားစွာ ဝန်ခံပြောဆိုသွားသည်။ တစ်ဆက်တည်းမှာပင် မြန်မာ့လူ့အဖွဲ့အစည်းမှ ဆရာဝန် ဆေးပညာရှင်တို့၏ အတတ်ပညာကို ကောင်းမွန်သည့်ဘက်တွင်သာ အကျိုးရှိစွာအသုံးချသည့် ဂုဏ်ဒြပ်ကိုလည်းဖော်ထုတ်သွားသည်။

ယနေ့ နည်းပညာခေတ်၏ သားပျို၊ သမီးပျိုများဖြစ်ကြသည့် ပညာသင်မောင်မယ်တို့သည် မည်သည့် အတတ်ပညာ၊ နည်းပညာများကို လေ့လာသင်ကြားကြသည်ဖြစ်စေ မိမိတို့သင်ယူတတ်မြောက်ထားကြသည့် ပညာရပ်ကို မိမိကိုယ်ကို၊ မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွက် အကျိုးရှိစွာအသုံးချနိုင်ဖို့ အထူးလိုအပ်လှပါသည်။ "သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပျံ့သည်၊ သမာဓိလွန်သည် တွန့်သည်၊ သတိသည်သာ လွန်သည်မရှိ" ဆိုသကဲ့သို့ သတိလက်ယာ ပညာလက်ဝဲ ထားရှိကာ မိမိအကျိုးနှင့် နိုင်ငံ့အကျိုးကို မိမိ၏အသိပညာ၊အတတ်ပညာတို့ဖြင့် ကောင်းမွန်စွာအလုပ်အကျွေး ပြုသွားနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းလိုက်ရပါသည်။ ။

ဒီမိုကရေစီ
အနှစ်သာရ
ခံစားလိုကြ
အခွန်ပေးကြ

ပြည်တွင်းရေးရာ

☆ ဒုတိယသမ္မတမှ

(၂၅) နှစ်အထက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၂၄ ချက်လျော့ရိုက်သူ သုံးဦးရှိပြီး ကျော်စွာ(တနင်္သာရီ)က ပထမ၊ ဦးမဲ (မန္တလေး)က ဒုတိယ၊ ကျော်ကျော်(မန္တလေး)က တတိယရရှိကြသည်။

ဆက်လက်၍ (၂၅) နှစ်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(၂၅) နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဇင်မင်းသူ(ရန်ကုန်)က သတ်မှတ်ရိုက်ချက်ထက် ၃၁ ချက် လျော့ရိုက်ပြီး ပထမ၊ ကျော်သက်ဦး(တနင်္သာရီ)က ၂၃ ချက်လျော့ရိုက်ပြီး ဒုတိယ၊ သီဟဌေး(ရန်ကုန်)က ၂၃ ချက် လျော့ရိုက်ပြီး တတိယရရှိခဲ့သည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယနှင့် တတိယရရှိသော အသင်းများအား တာဝန်ရှိသူများက ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၅၈၆ ချက်ဖြင့် ရခိုင်ပြည်နယ်အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၅၉၁ ချက်ဖြင့် ရှမ်းပြည်နယ်အသင်းက တတိယရရှိခဲ့သည်။

ယင်းနောက် (၂၅)နှစ်အထက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယနှင့် တတိယရရှိသော အသင်းများအား တာဝန်ရှိသူများက ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

(၂၅) နှစ်အထက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၄၉၃ ချက်ဖြင့် နေပြည်တော်အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၅၀၅ ချက်ဖြင့် ကချင်ပြည်နယ်အသင်းက တတိယရရှိခဲ့သည်။

ဆက်လက်၍ (၂၅) နှစ်အောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယနှင့် တတိယရရှိသော အသင်းများအား တာဝန်ရှိသူများက ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

(၂၅) နှစ်အောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ၄၉၅ ချက်ဖြင့် နေပြည်တော်အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၅၁၅ ချက်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယရရှိခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော နေပြည်တော်အသင်း၊ (၂၅) နှစ်အထက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် (၂၅)နှစ်အောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းများအား ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဆုရရှိသောအသင်းများသည်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

○ ကမ္ဘောဇမှ

နောက်မှ လိုက်ကစားခဲ့ရသည်။ ဟန်ဆန်မပါနိုင်၍ ကမ္ဘောဇအသင်းမှာ ဂျူနီယာကိုနောက်တန်း၌ ဆင်းကစားစေခဲ့ရာ ကွင်းလယ်တွင် ဂျပန်ကစားသမားကင်မ်တစ်ယောက်တည်းနှင့်အလုပ်မဖြစ်ခဲ့ပေ။ တိုက်စစ်တွင်လည်း စိုးမင်းဦးခြေမပေါ်၍ ဇီကိုဗစ်တစ်ဦးတည်း ရုန်းကန်ခဲ့ရသည်။

သုံးပွဲဆက်အနိုင်ရထားသည့် ရတနာပုံအသင်းမှာ အဝေးကွင်းပွဲတွင် အဖိုးတန်သရေတစ်မှတ်ရယူနိုင်ခဲ့သော်လည်း နိုင်ပွဲပျောက်ဆုံးခဲ့၍ ထိပ်ဆုံးနေရာကို ဂိုးကွာခြားချက်ဖြင့် ရန်ကုန်အသင်းထံလွှဲပေးခဲ့ရသည်။ ပွဲအစတစ်မိနစ်တွင် ပွန်ဆီကာက ရတနာပုံအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး မိနစ် ၃၀ တွင် ကမ္ဘောဇအတွက် ချေပဂိုးကို ဇီကိုဗစ်က သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)
Southern -တစ်ဂိုး
(ထက်အောင်)
ဇွဲကပင်-တစ်ဂိုး
(ကင်တာဂို)

ပွဲစဉ်(၄)အပြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်နှင့် ရတနာပုံတို့က ၁၀ မှတ်စီ၊ နေပြည်တော်နှင့် ဧယျာဝတီ ရွှေမြေတို့က ကိုးမှတ်စီ၊ မကွေးနှင့် မနောမြေတို့က ခြောက်မှတ်စီ၊ ကမ္ဘောဇအသင်းက ငါးမှတ်၊ ဇွဲကပင်နှင့် Southern တို့က လေးမှတ်စီ၊ ဧရာဝတီနှင့် ချင်းယူနိုက်တက်တို့က သုံးမှတ်စီ ရရှိထားပြီး GFA အသင်းမှာ အမှတ်မရသေးပေ။

✻ ဂျပန်မှ

မြန်မာအစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်မွမ်းမံလိုက်ပြီဖြစ်ရာ ပြည်ပလက်လီဖြန့်ချိကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ကုန်စည်လက်လီဖြန့်ချိမှုလုပ်ငန်း လုပ်ကိုင်လျက်ရှိသော အေးယွန်ကုမ္ပဏီသည် ပြီးခဲ့သောကာလက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ရှော့ပင်းမောလ်တစ်ခုဖွင့်လှစ်ခဲ့ပြီးလာမည့် ၂၀၂၀ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ စတိုးဆိုင်ကြီး ပေါင်း ၂၀ အထိ တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း သိရသည်။ **(ကျိုဒို)**

နိုင်ငံခြားသားရဟန်းနှင့် သီလရှင်များအား ဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထေရဝါဒသာသနာ ငါးနိုင်ငံတွင် မြန်မာနိုင်ငံသည် သာသနာတော်ထွန်းကားသော နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံသို့ နိုင်ငံရပ်ခြားမှ သာသနာပြုများ လာရောက်လည်ပတ်ခြင်း၊ လာရောက်သီတင်းသုံးခြင်း၊ လာရောက်၍ ပရိယတ္တိ၊ ပရိပတ္တိ သာသနာပြုခြင်းတို့ ပြုနေသည်ကို မြင်တွေ့ရသည်။ ထိုသို့သာသနာပြုကြရာတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပြည်ပသာသနာပြုများ လာရောက် သာသနာပြုလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီခွဲက မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာလမ်းမကြီးနှင့် ဧရာဝဏ် လမ်းမကြီးတို့တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြု၍ မဟာဌာနမှူးဆရာတော်နှင့် ဗုဒ္ဓစာပေသင်ကြားရေး ဆရာတော် ၁၂ ပါး ဦးဆောင်ကာ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဗုဒ္ဓစာပေ သင်ကြားလေ့လာလျက်ရှိသော နိုင်ငံခြားသား ရဟန်းတော် ၅၅ ပါး၊ နိုင်ငံခြားသား သီလရှင် ၃၈ ပါးတို့သည် ပဏ္ဍာစာရဆွမ်းဝတ် လက်တွေ့ကျင့်သုံး ဆွမ်းအလှူခံကြွတော်မူရာ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးတွင်ရှိကြသော ဆွမ်းလောင်းအသင်းများက စုပေါင်း၍ လှူဒါန်းကြသည်။ **(၆၈၂)**

ဆူဒိုအက်ဖီဒရင်း အာနိသင်ပါ အဖြူရောင်နှာစေးပျောက်ဆေးပြား ၂၅၀၀၀ ခန့် သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၁၇) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၂ ရက် ည ၁၂ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်နေ ကျော်ဇေဦး(၃၄)နှစ်နေထိုင်သည့် တိုက်ခန်းအား ဝင်ရောက်ရှာဖွေခဲ့ရာ နောက်ဖေးမီးဖိုချောင်ရှိ စားပွဲခုံအောက်မှ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါ အဖြူရောင်အအေးမိနှာစေးပျောက်ဆေးပြား ၂၄၃၀၀၊ တိုက်ခန်းရှေ့တွင် ရပ်ထားသော ၎င်းပိုင်ယာဉ်နောက်ခန်းမှ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါ အဖြူရောင်နှာဆေးပျောက်ဆေးပြား ၄၆ ပြား စုစုပေါင်းဆေးပြား ၂၄၃၄၆ ပြား၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၂၁၅၂ သိန်း၊ လက်ကိုင်ဖုန်းသုံးလုံး၊ ကျောက်စိမ်းဖြတ်စပိုင်းတစ်ခုနှင့် ကျောက်ပွင့် လေးပွင့်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် အမှတ်(၇)နယ်မြေရဲစခန်းက မယ(ပ) ၂/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆ (ခ) / ၂၁ ဖြင့်လည်းကောင်း၊ (ပ) ၁၁၉/ ၂၀၁၄၊ ကျောက်မျက်ဥပဒေပုဒ်မ ၄၂(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



မီးလောင်ဆုံးရှုံးသွားသည့် ဆိုင်ခန်းရှင်များ နစ်နာမှုမရှိစေရန် စီစဉ်ဆောင်ရွက်ပေးရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေးကြီး မီးလောင်ကျွမ်းမှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား နယ်မြေခံတပ်ဋ္ဌာနချုပ်ခန်းမ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

ထိုသို့ ရှင်းလင်းတင်ပြရာတွင် မြို့မဈေးကြီး၏ မီးမလောင်ကျွမ်းမီ အခြေအနေ၊ မီးလောင်ကျွမ်းခဲ့မှု၊ မီးစတင်လောင်ကျွမ်းခဲ့မှုဖြစ်စဉ်နှင့် မီးလောင်ကျွမ်းစဉ်ငြိမ်းသတ်မှုအခြေအနေ၊ ပျက်စီးဆုံးရှုံးထိခိုက်ဒဏ်ရာရရှိမှု၊ မီးလောင်ပြင်နေရာရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြန်လည်ထူထောင်ရေးအတွက် ယာယီဈေးဆိုင်ခန်းဆောက်လုပ်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် မီးလောင်ဆုံးရှုံးမှုတန်ဖိုးက ဈေးသစ်ထပ်မံတည်ဆောက်ရခြင်းထက် ပို၍ကုန်ကျမှုများပြားပါကြောင်း၊ ထို့ကြောင့် ဈေးအသစ်တည်ဆောက်သည့်အခါတွင် ယခင်မီးလောင်ခဲ့ရမှုဖြစ်စဉ်များအပေါ် လေ့လာသုံးသပ်ပြီး နောင်ထပ်မံမဖြစ်ပေါ်စေရေးအတွက် ထည့်သွင်းစဉ်းစားပြီး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အသစ်ပြန်လည်တည်ဆောက်ရာတွင်လည်း မီးလောင်ဆုံးရှုံးခဲ့ရသူများ၏ ဆန္ဒနှင့်အညီ လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ မိုင်ဒါကွင်းနေရာ၌ ယာယီဈေး တည်ဆောက်ရာတွင်လည်း ပူပြင်းခြောက်သွေ့သည့်ရာသီတွင် သစ်ဖြင့်တည်ဆောက်မည်ဖြစ်သဖြင့် မီးဘေးအန္တရာယ်ကို အထူးသတိပြုတည်ဆောက်သွားရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မီးဘေးလုံခြုံရေးအစီအမံများ ထည့်သွင်းဆောင်ရွက်ခြင်း၊ မီးသတ်ဆေးဘူးများ စီစဉ်ထားရှိပေးခြင်း၊ ဈေးရုံဆိုင်ခန်းများအကြား မီးသတ်ကားများ အလွယ်တကူ ဝင်ထွက်နိုင်အောင် ထည့်သွင်းဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မီးလောင်ဆုံးရှုံးသွားသည့် ဆိုင်ခန်းရှင်များအား ဆိုင်ခန်းနေရာပြန်လည်ချထားပေးရာတွင် နစ်နာမှုမရှိစေရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယာယီဈေးတည်ဆောက်ရာတွင် နိုင်ငံတော်အနေဖြင့်လည်း အတတ်နိုင်ဆုံး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မူလနေရာတွင် ဈေးအသစ်ပြန်လည်တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြို့မဈေးကြီး မီးလောင်ကျွမ်းခဲ့သည့်နေရာနှင့် မိုင်ဒါကွင်းတွင် ယာယီဈေးတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါမြို့မဈေးကြီးသည် တောင်ငူမြို့ အမှတ်(၁၆) ရပ်ကွက်တွင် တည်ရှိပြီး ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့စဉ်ကလည်း ဈေးရုံ ၂၀ ရှိ ဆိုင်ခန်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် မြေဧရိယာ ၄ ဒသမ ၉၉ ဧကပေါ်၌ ဈေးရုံ ၃၈ ရုံ၊ ဈေးဆိုင်ခန်း ၂၂၉၈ ခန်း တည်ဆောက်ခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် အဆိုပါဈေးကြီးရှိ မင်္ဂလာရုံ(၂)တွင် လုံခြုံရေးမီးလိုင်းပြုပြင်ရာမှ လျှပ်စစ်ဝါယာရှော့ဖြစ်၍ မီးလောင်ကျွမ်းခဲ့မှုကြောင့် ဈေးရုံ ၁၉ ရုံ၊ ဆိုင်ခန်းပေါင်း ၁၂၂၇ ခန်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၆၄၉၉၂ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မီးလောင်ဆုံးရှုံးခဲ့သည့် ဈေးသူဈေးသားများ တွေ့ဆုံ၍ ယာယီဈေးတည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး မိုင်ဒါကွင်းနေရာတွင် ယာယီဈေးတည်ဆောက်ရန် သဘောတူညီခဲ့ကြသည်။

ယာယီဈေးတွင် ဈေးရုံ ၅၆ ရုံ၊ ဆိုင်ခန်းပေါင်း ၆၇၂ ခန်းပါဝင်ပြီး ယခုနှစ် မတ်လအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေ လူဆွဲပိုက်လုပ်ငန်းများ အဆင်ပြေ

ဘိုကလေး ဖေဖော်ဝါရီ ၂၃

ယခုအခါ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများတွင် လူဆွဲပိုက်လုပ်ငန်းများဖြင့် လက်လုပ်လက်စားရေလုပ်သားများ တွက်ခြေကိုက်အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသ တောင်သာကျေးရွာတွင် လူဆွဲပိုက်လုပ်ငန်းလုပ်ကိုင်နေသူ ကိုကရင်ထံမှ သိရသည်။

လူဆွဲပိုက်လုပ်ငန်းမှာ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများ၏ တန်ဖိုးနည်း ပင်လယ်ရေလုပ်ငန်းတစ်ခုဖြစ်ပြီး မိသားစုတစ်နိုင်တစ်ပိုင် လုပ်ကိုင်ဆောင်ရွက်နိုင်သကဲ့သို့ ပင်လယ်ရေလုပ်သားအချင်းချင်း စုပေါင်းလုပ်ကိုင်နိုင်သည့် ပင်လယ်ရေလုပ်ငန်းတစ်ခုဖြစ်သည်။ တန်ဖိုးနည်း တစ်ပိုင်တစ်နိုင်ဟုဆိုသော်လည်း အခြေခံရေလုပ်သားလူတန်းစားများအတွက် စားဝတ်နေရေးကို အဆင်ပြေစေသည့်အပြင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လည်း လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ရေလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ယခုအခါ လပွတ္တာမြို့နယ် လေယာဉ်ကွင်း၊ အမတ်ကြီး၊ ကုန်းပေါက်၊ အောင်လှိုင် စသော ကျေးရွာများ၊ အမာမြို့နယ် အေးရာ၊ ထောင်ကြီးတန်း၊ ဂယက်ကြီး၊ ခတ္တာများ၊ ဂေါ်ဒူ၊ ဘိုကလေးမြို့နယ် ကျွဲဖြူ၊ တောင်သာ၊ ခါးပြတ် စသော ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများတွင် တွင်ကျယ်စွာ လုပ်ကိုင်နေသည်ကို တွေ့ရှိရသည်။

အဆိုပါ လူဆွဲပိုက်လုပ်ငန်းကို အနည်းဆုံး ပင်လယ်ရေလုပ်သားသုံးယောက်နှင့်အထက် လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး လူအင်အား ကန့်သတ်မှုမရှိဘဲ ပိုက်အင်အား၊ လူအင်အားရှိသလောက်နှင့်ပင် လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ပင်လယ်ရေလုပ်ငန်းတစ်ခုဟုဆိုသော်လည်း ကမ်းခြေကမ်းစပ်များတွင်သာ အိုးမကွာ အိမ်မကွာ လုပ်ကိုင်ဆောင်ရွက်ရသဖြင့် လွယ်ကူစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး ပင်လယ်ပြင်အန္တရာယ်အကင်းဆုံးသော ရေလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ထို့အပြင် မိသားစုတစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်သဖြင့် လက်လုပ်လက်စားများပင် လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး မိသားစုဝင်အားလုံး ဝိုင်းဝန်းလုပ်ကိုင်နိုင်သော ပင်လယ်ရေလုပ်ငန်းတစ်ခုဖြစ်သည်။ အဆိုပါလုပ်ငန်းမှာ မိသားစုများလျှင် ပိုမိုအဆင်ပြေတွက်ခြေကိုက်သည်။ ကျောင်းမနေရသေးသည့် ကလေးငယ်များပင်လျှင် သဲသောင်ပြင်ပေါ်တွင် ဆော့ကစားရင်း ပိုက်ထဲမှ ငါး၊ ပုစွန်များကို ဝိုင်းကူကောက်ပေးနိုင်သည့် လုပ်ငန်းဖြစ်သည်။ လက်ရှိတွင် ပုစွန်တုပ်တစ်ကောင်၊ ကဏန်းတစ်ကောင်၊ ငါးတစ်ကောင် ဖမ်းယူရမိလာလျှင်ပင် ငွေကျပ်ထောင်ကျော် ဝင်ငွေရရှိနေသဖြင့် လူဦးရေများသည့် လက်လုပ်လက်စား ရေလုပ်သားမိသားစုအချို့မှာ ဒေသတွင်းရှိ ပင်လယ်ရေလုပ်ငန်းများနှင့် ငါးထမ်း၊ ငါးရွေး၊ ငါးလှမ်း၊ ငါးခွဲ၊ ပိုက်ဖာလုပ်ငန်းများတွင် အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းမပြုကြဘဲ အရင်းအနှီးအနည်းငယ်မျှဖြင့် လူဆွဲပိုက်လုပ်ငန်းများကို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကာ အဆင်ပြေတွက်ခြေကိုက်နေကြသည်။

အဆိုပါ လူဆွဲပိုက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရသည်မှာလည်းလွယ်ကူသည်။ ကမ်းခြေမှ လူခါးလယ်လောက်အထိ ရေအနက်နေရာတွင် လူအင်အား ရှိသလောက်နှင့် ငါးဖမ်းပိုက်ကို နေရာအသီးသီးမှ ဆွဲကာ ကမ်းခြေသို့ ပြန်တက်လာရသည်။ အကူလုပ်သားများက ကမ်းခြေမှနေ၍ ပုံး (သို့မဟုတ်) တောင်းကိုကိုင်၍ စောင့်နေရသည်။ ပိုက်ကို ကမ်းခြေသဲသောင်ရောက်သည်အထိ ဆွဲယူကြသည်။ ထိုအခါ ကမ်းခြေတွင် စောင့်နေသည့် အကူလုပ်သားများက ပိုက်တွင် ပါရှိလာသော ငါး၊ ပုစွန်များကို ကောက်ယူကာ အသင့်ရှိနေသော တောင်း (သို့မဟုတ်) ပုံးအတွင်းသို့ ထည့်သည်။ ထို့နောက် နောက်တစ်ကြိမ် ရေထဲသို့ ဆင်းသွားကြပြန်သည်။ ခါးလောက်ရေအနက်နေရာရောက်လျှင် ကမ်းခြေသို့ ဆွဲတက်လာခဲ့ကြပြန်သည်။ ဤသို့ဖြင့် ကမ်းခြေတစ်လျှောက် လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ လူအင်အားနှင့် ဆွဲယူရသဖြင့် အဆိုပါလုပ်ငန်းကို လူဆွဲပိုက်လုပ်ငန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ လုပ်ငန်းရာသီချိန်မှာ တစ်နှစ်ပတ်လုံးဖြစ်ပြီး ရာသီအလိုက် ငါး၊ ပုစွန်များကို ဖမ်းဆီးနေကြောင်း သိရသည်။ **မင်းသစ္စာလှိုင်(ကဒုံကနီ)**

နံ့ရုံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်သည့်အနေဖြင့် ဥက္ကာမင်း နံ့ရုံကပ်စာစောင်၊ ဂျာနယ်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လဝကမှ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် သမိုင်းဝင် မြန်မာ့အလှနှင့် သဘာဝဓာတ်ပုံများနှင့် သုတရသ စာအုပ်များကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြောင်း သိရသည်။**(ဝဲပုံ)** **(၆၈၄)**

❖ **သီလဝါမှ**

မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ အစုရှယ်ယာတွေကို ဘယ်လိုပုံစံနဲ့ ဘယ်သူတွေကိုရောင်းချမယ်ဆိုတာကို သိချင်ပါတယ်။

ဖြေ။ ။သီလဝါ အထူးစီးပွားရေးဇုန်ရဲ့ အစုရှယ်ယာတွေကို မြန်မာအများပိုင် ကုမ္ပဏီဖြစ်တဲ့ Myanmar Thilawa SEZ Holdings Public Limited က သူတို့ပိုင်ထားတဲ့ ၄၁ ရာခိုင်နှုန်းကို ထုတ်ရောင်းမှာဖြစ်ပါတယ်။ အများပြည်သူပါဝင်နိုင်တဲ့ ကုမ္ပဏီတစ်ခုဖြစ်လာစေဖို့အတွက်ပါ။ ရှယ်ယာတစ်ခုကို တစ်သောင်းကျပ်နဲ့ ရောင်းချပေးသွားမှာပါ။ ရှယ်ယာဝယ်ယူရာမှာ အနည်းဆုံးဘယ်နှုခုဝယ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်မထားပါဘူး။ တစ်သောင်းတတ်နိုင်လို့ တစ်စုပဲ ဝယ်ရင်လည်းရပါတယ်။ ပိုက်ဆံတတ်နိုင်တဲ့ သူတွေက ရှယ်ယာအများကြီးဝယ်လိုက်ပြီးတော့ ရှယ်ယာ နည်းနည်းပဲဝယ်သူတွေအတွက် အစုရှယ်ယာမရှိတော့ဘူးဆိုတာမျိုးမဖြစ်ရအောင် အနည်းငယ်ဝယ်မယ့်သူကို ပိုဦးစားပေးရောင်းချသွားမှာပါ။

ဘယ်လိုပုံစံနဲ့ ဦးစားပေးရောင်းမလဲဆိုရင် ဝယ်ယူလိုသူက ဝယ်ယူချင်တဲ့ ရှယ်ယာအရေအတွက်ကို အဆိုပြုတင်သွင်းရပါမယ်။ တစ်ယောက်က တစ်သောင်းဖိုး၊ တစ်ယောက်က တစ်သိန်းဖိုး စသဖြင့် အဆိုပြုရမယ်။ အဆိုပြုလွှာတွေကို ကွန်ပျူတာနဲ့ စိစစ်ပြီး ရှယ်ယာဝယ်ဖို့ အဆိုပြုသူတွေ အားလုံးထဲမှ ရှယ်ယာအနည်းငယ် ဝယ်သူတွေရဲ့ရာခိုင်နှုန်းက အနည်းဆုံး ၅၀ ရာခိုင်နှုန်းကျော် (အများစု) ရှိစေဖို့ စီစဉ်ထားရှိမှာဖြစ်ပါတယ်။ ပြီးတော့မှ ရှယ်ယာအများကြီး ဝယ်လိုတဲ့သူတွေကို နိုင်ငံတကာမှာ ကျင့်သုံးတဲ့ပုံစံအတိုင်း အချိုးကျ ဆက်လက်ရောင်းချသွားမှာပါ။ ဒီအခါမှာ သိန်းငါးထောင်ဖိုးဝယ်မယ်လို့ အဆိုပြုထားသူကလည်း တကယ်ဝယ်ခွင့်ရမှာက သိန်းနှစ်ရာဖိုးလောက်ပဲ ဖြစ်ချင်ဖြစ်သွားမှာပေါ့။

မေး။ ။ အစုရှယ်ယာတွေ ဝယ်ယူဖို့အတွက် ဘယ်လိုဝယ်ရမယ်၊ ဘယ်လို လုပ်ဆောင်ရမယ်ဆိုတာ ပြောပြပေးပါ။

ဖြေ။ ။ ရှယ်ယာရောင်းချမယ့် Company နဲ့ ချိတ်ဆက်ထားတဲ့ ဧရာဝတီ၊ မြန်မာ့ရှေ့ဆောင်၊ သမဝါယမ (CB)၊ ရိုးမ၊ ကမ္ဘောဇဘဏ်တွေနဲ့ အဲဒီဘဏ်တွေက သတ်မှတ်ထားတဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ဘဏ်ခွဲအသီးသီးမှာ အဆိုပြုလွှာတင်သွင်းပြီး ဝယ်ယူနိုင်ပါတယ်။ ရှယ်ယာဝယ်လိုသူတွေအတွက် အဲဒီနေရာတွေမှာ ရှယ်ယာရောင်းချမယ့် company ရဲ့ prospectus ကို ဖြန့်ဝေမှာပါ။ prospectus ဆိုတာက ဒီကုမ္ပဏီက ဘာကုမ္ပဏီလဲ။ ဘာစီမံကိန်းကိုလုပ်မှာလဲ။ လက်ရှိမှာ ဒီကုမ္ပဏီက ဘယ်လောက်ရင်းနှီးထားပြီလဲ။ ဘယ်လောက်ထပ်ပြီးတော့ ရင်းနှီးရမှာလဲ။ ဒီရှယ်ယာဝယ်လိုက်ရင် ဘယ်လောက်ထိအခွင့်အရေးရနိုင်မှာလဲ။ ဒီရှယ်ယာဝယ်ခြင်းအတွက် ဘယ်လိုဆုံးရှုံးမှုတွေရှိနိုင်မလဲ စတဲ့ ကုမ္ပဏီနဲ့ပတ်သက်တဲ့ အချက်အလက်တွေနဲ့ company က ရင်းနှီးမြှုပ်နှံမယ့် စီမံကိန်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေ အကုန်လုံးကို ရေးထားတာပါ။ ဒီတော့ prospectus ကို သေချာဖတ်ပြီး ကိုယ်ဘယ်လောက်ဝယ်ချင်လဲဆိုတာကို ဆုံးဖြတ်အဆိုပြုနိုင်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်တစ်ဝိုက်မှာတော့ ဘယ်ဘဏ်ရဲ့ ဘဏ်ခွဲမှမရှိတဲ့အတွက် ဒေသခံတွေ ဝယ်ယူနိုင်အောင် သီလဝါအထူးစီးပွားရေးဇုန်နေရာမှာ စားပွဲတစ်လုံးချပြီးတော့ အဆိုပြုလွှာတွေလက်ခံဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ အနေနဲ့ ဒေသခံတွေကို အကျိုးရှိစေချင်ပါတယ်။

မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်မှာ မြေဈေးက အခြားစက်မှုဇုန်မြေဈေးထက်သက်သာမယ်လို့ ကြားသိရပါတယ်။ ဟုတ်၊ မဟုတ်ပြောပေးပါ။

ဖြေ။ ။ မြန်မာနိုင်ငံမှာ ပထမဦးဆုံး နိုင်ငံတကာစံနှုန်းနဲ့ တည်ဆောက်ထားတဲ့ အထူးစီးပွားရေးဇုန်တစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဈေးနှုန်းတွေအကုန်လုံးက ဒေသတွင်း နိုင်ငံတွေက ဈေးနှုန်းတွေနဲ့ ယှဉ်လိုက်ရင် အခုရောင်းချမယ့် ပထမအဆင့်က မြေဈေးက နည်းနည်း ပိုသက်သာမယ်လို့ ပြောတာပါ။ မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုဇုန်တွေရဲ့ ဈေးနဲ့ ယှဉ်ပြောတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံ စက်မှုဇုန်တွေက မြေဈေးနဲ့ယှဉ်ရင်တော့ တချို့စက်မှုဇုန်တွေက မြေဈေးထက်များတာမျိုး၊ နည်းတာမျိုး နှစ်ခုစလုံးဖြစ်နိုင်ပါတယ်။

မေး။ ။ ဒါဆိုရင် သီလဝါအထူးစီးပွားရေးဇုန်မှာ ရှယ်ယာဝယ်မယ့်သူ၊ မြေဝယ်မယ့်သူတွေဟာ ဘယ်အချက်တွေကို သတိပြုစဉ်းစားသင့်ပါသလဲ။

ဖြေ။ ။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး အယူအဆမလွဲဖို့ လိုပါတယ်။ လူတော်တော်များများက ရှယ်ယာတွေ စရောင်းတော့မယ်လို့ကြားတဲ့အချိန်မှာ ရှယ်ယာဝယ်မယ်ဆိုရင် အတိုးဘယ်လောက်ကိုက်မှာလဲဆိုပြီး အရင်တွေးကြတယ်။ အစုရှယ်ယာဝယ်တာနဲ့ ငွေတိုးချေးတာ လုံးဝမတူဘူးဆိုတာကို သတိပြုစေချင်ပါတယ်။ အခုရောင်းချမယ့် အစုရှယ်ယာတွေဟာ common ရှယ်ယာတွေဖြစ်လို့ အမြတ်ဝေစုရချင်လည်းရမယ်။ မရချင်လည်း မရနိုင်သေးဘူး။ ရှယ်ယာက အဓိကဘယ်အပေါ်မှာမူတည်လည်းဆိုတော့ ဥပမာ မြေဝယ်သလိုပေါ့။ ဒီနေ့ သိန်းတစ်ရာနဲ့ ဝယ်ထားပေမယ့် နောက်ငါးနှစ်မှာ သိန်းငါးရာလည်း ဖြစ်ချင်ဖြစ်သွားနိုင်မယ်။ ဒါကို share price appreciation လို့ ခေါ်ပါတယ်။ တကယ်တမ်း မြန်မာပြည်မှာ ရှယ်ယာ အရောင်းအဝယ်လုပ်တဲ့ secondary market က မဖွံ့ဖြိုးသေးတဲ့အတွက် share price appreciation ရဲ့ concept ကို သိပ်နားမလည် ကြသေးတာပါ။ အခုကျွန်တော်တို့ ရှယ်ယာထုတ်ရောင်းမယ်ဆိုတာက Primary market ပါ။ အဲဒီရှယ်ယာတွေကို ဝယ်ယူထားတဲ့သူအချင်းချင်း ဒါမှမဟုတ် လက်ဝယ်ပိုင်ဆိုင်ထားတဲ့သူက အခြားသူတွေကို secondary market မှာ ပြန်လည်ရောင်းချတာဖြစ်ပါတယ်။ စတော့ရှယ်ယာဈေးကွက်ပေါ်ထွက် မလာသေးတဲ့အတွက် ရှယ်ယာရောင်းချတဲ့ company ကနေပြီး over-the-counter market ကို ဖွင့်လှစ်ပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီမှာ ရှယ်ယာအရောင်းအဝယ်လုပ်လို့ရမှာ ဖြစ်ပါတယ်။ မြေကိစ္စအကြောင်း ပြောရရင်တော့ တော်တော်များများက အခြားစက်မှုဇုန်တွေမှာမြေဝယ်သလို ဈေးပေါပေါရရင်ဝယ်ထားပြီး ဈေးတက်လာရင် ပြန်ရောင်းလို့ ရမယ်ထင်နေကြတာဟာများပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ဟာ တခြားစက်မှုဇုန်တွေလို မဟုတ်ပါဘူး။ စီမံကိန်းစရမယ်လို့ သတ်မှတ်ထားတဲ့ ကာလအတွင်းမှာ မစတင်နိုင်ရင် နိုင်ငံတကာစံနှုန်းအတိုင်း ဒီမြေတွေကို ပြန်သိမ်းမယ့် အစီအစဉ်တွေပါရှိပါတယ်။ ဒီအကြောင်းတွေကိုတော့ နားလည်တဲ့အထိ သေသေချာချာ လေ့လာထားဖို့လိုပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ဟာ ပထမဆုံးမြန်မာပြည်ရဲ့ အထူးစီးပွားရေးဇုန်ဆိုတော့ နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ အကောင်အထည်ဖော်ရာမှာ လွဲလို့မဖြစ်ပါဘူး။ ဒါမှလည်း နောင်အနာဂတ်မှာ ထပ်မံပေါ်ပေါက်လာမယ့် အထူးစီးပွားရေးဇုန်တွေအားလုံးအတွက် အကောင်းဆုံး စံပြနမူနာတစ်ခု ဖြစ်လာမှာပါ။

မေး။ ။ မြန်မာနိုင်ငံမှာ ရှယ်ယာဝယ်တဲ့ပုံစံက အစုတစ်ခုကို ငါးကျပ်တိုးကနေ စရတယ်လို့သိရပါတယ်။ သီလဝါရဲ့ အစုရှယ်ယာတွေကို ဝယ်ယူမယ့်သူတွေ အတွက်ကော ဘယ်လိုအကျိုးအမြတ်ရရှိမှာပါလဲ။

ဖြေ။ ။ common ရှယ်ယာဆိုတဲ့ သဘောက အတိုးမပေးပါဘူး။ preference ရှယ်ယာ အမျိုးအစားဆိုရင်တော့ အမြတ်ရာခိုင်နှုန်းတစ်ခုကို အာမခံထားတာမျိုးရှိပါတယ်။ ဒါပေမယ့် အဲဒီအာမခံထားတဲ့ အမြတ်ရာခိုင်နှုန်းက အရမ်းနည်းပါတယ်။ ရှယ်ယာအမြတ်ကို တစ်လငါးရာခိုင်နှုန်း၊ ခြောက်ရာခိုင်နှုန်းပေးတယ်ဆိုတာ ဘယ်နိုင်ငံမှာမှ မရှိပါဘူး။ နိုင်ငံ တကာက ရှယ်ယာဝယ်ယူကြတဲ့သူတွေက အမြတ်ငွေထက် ရှယ်ယာရဲ့ တန်ဖိုးဘယ်လောက်ထိ မြင့်တက်နိုင်မယ်ဆိုတာခန့်မှန်းပြီး ဝယ်ကြတာပါ။ အစုရှယ်ယာတွေက အမြတ်ဘယ်လောက်ရမယ်ဆိုတာ အာမခံထားခြင်းမရှိဘူး။ တစ်ကမ္ဘာလုံးမှာလည်း အစုရှယ်ယာနဲ့ပတ်သက်ပြီး အာမခံတဲ့စနစ်မရှိပါဘူး။ ဒီနှစ်မှာ အမြတ်တွေ အများကြီးရလို့ အများကြီးပေးလိုက်ပြီး နောက်နှစ်မှာ အမြတ်ကနည်းလို့ နည်းနည်းပဲ ပေးမယ်ဆိုရင် စတော့ဈေးကွက်မှာ ရှယ်ယာတန်ဖိုးတွေက ကျလာမယ်။ ဒါကြောင့်မို့ ရှယ်ယာအမြတ်မူဝါဒ (dividend policy) ဆိုတာ ကုမ္ပဏီတိုင်းမှာ ရှိတယ်။ ဒါပေမယ့် အများပိုင်ကုမ္ပဏီဖြစ်တဲ့အတွက် ရှယ်ယာအမြတ်မူဝါဒ ဘယ်လိုရှိတယ်ဆိုတာကို အားလုံးသိအောင် ပွင့်ပွင့်လင်းလင်းချပြရပါတယ်။ ရှယ်ယာအမြတ်မူဝါဒမှာ အမြတ်ကို ဘယ်လိုပုံစံမျိုးပေးမယ်။ ဘယ်လိုအချိန်မှာ ပေးမယ်။ ဘယ်လိုအချိန်မျိုးမှာ မပေးဘူး ဆိုတာကို Board of Management က ဆုံးဖြတ်ရတာပါ။ ရှယ်ယာအမြတ်မူဝါဒအရ အမြတ်ခွဲဖို့ နှစ်ကုန်ခါနီးမှာမှ ဘယ်လောက်အမြတ်ရတယ်ဆိုတာကို တွက်ချက်တယ်။ နောင်လုပ်မယ့်လုပ်ငန်းတွေမှာ ရင်းနှီးဖို့ ဘယ်လောက်ထိ ချန်ထားရမယ်ဆိုတာကို တွက်ချက်ပြီးမှ ကျန်တဲ့အမြတ်ကို ရှယ်ယာအရေအတွက်နဲ့စားပြီး ရှယ်ယာတစ်ခုချင်းစီရဲ့ အမြတ်ကို တွက်ချက်ပါတယ်။ အခုချိန်မှာ တစ်လကို၊ တစ်နှစ်ကို သီလဝါနဲ့ ပတ်သက်ပြီး အမြတ်ဘယ်လောက်ရမယ်ဆိုတာ ကြိုသိတဲ့ထုံးစံမရှိပါဘူး။ တစ်လကို သုံးကျပ်တိုးရတယ်၊ ငါးကျပ်တိုးရတယ်ဆိုတာ ရှယ်ယာထည့်တာမဟုတ်ဘဲ ငွေတိုးချေးတာသာဖြစ်ပါတယ်။

ဦးဆက်အောင်
ဥက္ကဋ္ဌ
သီလဝါအထူးစီးပွားရေးဇုန်
စီမံခန့်ခွဲမှုကော်မတီ

မေး။ ။ သီလဝါတည်ဆောက်ဖို့အတွက် ချေးငွေယူဖို့ အစီအစဉ်ရှိပါသလား။

ဖြေ။ ။ ကုမ္ပဏီတစ်ခုထူထောင်မယ် လုပ်ငန်းတစ်ခု စတင်ဖို့အတွက် ဘဏ္ဍာငွေရှာဖွေဖို့ အရေးကြီးပါတယ်။ ဘဏ္ဍာငွေရှာမယ်ဆိုရင် ရှာဖွေတဲ့ပုံစံက နှစ်မျိုးရှိတယ်။ ပထမတစ်ခုက ကိုယ့်အိတ်ထဲက ငွေထုတ်ပြီး အလုပ်လုပ်မယ်။ ဒါမှမဟုတ် ရှယ်ယာတွေ ရောင်းချပြီးရှာဖွေမယ်။ အဲဒီပုံစံကို equity financing လို့ခေါ်ပါတယ်။ နောက်တစ်ခုက ဘဏ်ကနေ အကြွေးနဲ့ ငွေချေးမယ်။ ဒီလိုမှမဟုတ်ရင် Bond (စာချုပ်)တွေ ရောင်းပြီးရှာမယ်။ အဲဒီလိုပုံစံကိုတော့ debt financing လို့ ခေါ်ပါတယ်။ ဘဏ်ကနေ အကြွေးယူပြီး လုပ်မယ်ဆိုရင် အကြွေးကို ဘယ်နှရာခိုင်နှုန်းလောက်ယူမယ်။ ရှယ်ယာနဲ့ ကိုယ်ပိုင်ငွေကို ဘယ်နှရာခိုင်နှုန်းထားမယ်ဆိုတဲ့အချိုးက အရေးကြီးပါတယ်။ ဘဏ်ကနေ အကြွေးယူပြီး လုပ်ရင် ကုမ္ပဏီရဲ့တန်ဖိုးက တဖြည်းဖြည်းနဲ့စတက်ပါတယ်၊ လိုအပ်တာထက် အကြွေးကိုပိုယူလိုက်ပြီဆိုရင်တော့ ကုမ္ပဏီရဲ့တန်ဖိုးက ကျသွားမှာပဲ။ ဥပမာ ကိုယ်ပိုင်ငွေနဲ့ ရှယ်ယာငွေက ၃၀ ရာခိုင်နှုန်းထက် နည်းနေပြီး အကြွေးကို ၇၀ ရာခိုင်နှုန်းထက်ကျော်နေရင် မကောင်းတော့ဘူးပေါ့။ ဒါကလည်း လုပ်ငန်းအမျိုးအစားစီးပွားရေးကဏ္ဍတစ်ခုချင်းစီအလိုက် ကွာနိုင်ပါတယ်။ အဲဒါကြောင့် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းမှာလည်း ချေးငွေကို ရာခိုင်နှုန်းအထိ ယူပြီး ရင်းနှီးတည်ဆောက်ရင် company ရဲ့ net present value တို့ ရင်းနှီးငွေပေါ် အမြတ်ရာခိုင်နှုန်းတို့တွင် မြင့်တက်လာနိုင်ပါတယ်။ ဒါပေမယ့် အခုလောလောဆယ်မှာ ချေးငွေယူဖို့ အစီအစဉ်မရှိသေးပါဘူး။ နောင်ဆိုရင်တော့ board of management က ဆုံးဖြတ်ပြီး ချေးငွေယူမယ်ဆိုရင်လည်း ယူနိုင်ပါတယ်။

မေး။ ။ ဒါဆို ချေးငွေယူဖို့ လိုလာပြီဆိုရင် ဘယ်ကယူမလဲ။ ပြည်တွင်းကယူမလား။ ပြည်ပက ယူမလား။

ဖြေ။ ။ကျွန်တော်တို့ အခုပြောနေတာက နှစ်ဆင့်ရှိပါတယ်။ ဂျပန်အစိုးရ၊ မြန်မာအစိုးရနဲ့ နှစ်ဖက်စလုံးက အများပိုင်ကုမ္ပဏီတွေ ပါဝင်တဲ့ developer level အဆင့်ကို ပြောတာလား။ ဒါမှမဟုတ် ရှယ်ယာတွေ ထုတ်ရောင်းတဲ့ အများပိုင်ကုမ္ပဏီအဆင့်ကို ပြောတာလားဆိုတာ နှစ်ခုရှိပါတယ်။ ဒါပေမယ့် ဘယ်အဆင့်ကိုပဲပြောပြော အကြွေးယူမယ်၊ မယူဘူးဆိုတာက စီမံခန့်ခွဲမှုဘုတ်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါတယ်။ အကြွေးယူရာမှာလည်း မြန်မာနိုင်ငံမှာပဲ ယူမှာလား ဒါမှမဟုတ် နိုင်ငံခြားကနေ အကြွေးယူမှာလားဆိုတာကိုက စီမံခန့်ခွဲမှုဘုတ်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့သွားရမှာ။

မြန်မာပြည်မှာ Project financing ဆိုတာမရှိတဲ့အတွက် ရေရှည်ချေးငွေယူဖို့ မလွယ်ပါဘူး။ ကာလတိုချေးငွေ (short term loan)ကိုပဲလွယ်လွယ်ရနိုင်ပါတယ်။ ရေရှည်ချေးငွေ (long term loan) ကို ဗဟိုဘဏ်ကချေးခွင့်မပေးဘူးဆိုတာကတော့ မဟုတ်ပါဘူး။ ရေရှည်ချေးဖို့က လောလောဆယ်ဘဏ်တွေမှာ အခက်အခဲရှိနိုင်ပါတယ်။ ရေရှည်ချေးတော့မယ်ဆိုရင် ကောင်းမွန်တဲ့ Assets liability management ရှိဖို့ လိုပါတယ်။

> ❝ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး အယူအဆမလွဲဖို့ လိုပါတယ်။ လူတော်တော်များများက ရှယ်ယာတွေ စရောင်းတော့မယ်လို့ကြားတဲ့အချိန်မှာ ရှယ်ယာဝယ်မယ်ဆိုရင် အတိုးဘယ်လောက်ကိုက်မှာလဲဆိုပြီး အရင်တွေးကြတယ်။ အစုရှယ်ယာဝယ်တာနဲ့ ငွေတိုးချေးတာ လုံးဝမတူဘူးဆိုတာကို သတိပြုစေချင်ပါတယ် ❞

ဘာလို့လဲဆိုတော့ ဥပမာအချိန်မရွေး ပြန်ထုတ်သွားနိုင်တဲ့ deposit ကို လက်ခံပြီး တခြားတစ်ဖက်ကို ဆယ်နှစ်လောက် ပြန်ချေးထားမယ်ဆိုရင် deposit ထားတဲ့သူက သူ့ပိုက်ဆံပြန်လာတောင်းတဲ့အခါမှာ ပြဿနာဖြစ်မှာဖြစ်ပါတယ်။ အဲဒီလို maturity mismatch ဖြစ်သွားရင် liquidity gap ဖြစ်သွားပါတယ်။ အဲဒါဆိုရင် ဘယ်ဘဏ်မှ ရပ်တည်လို့မရတော့ဘူး။ ဒါကြောင့် ရေရှည်ချေးတော့မယ်ဆိုရင် assets liability management ကို လုပ်ရမယ်။ ဒါကိုသာ လုပ်နိုင်လို့ရှိရင် long term loan ကို ချေးခွင့်ပြုထားပါတယ်။ မြန်မာနိုင်ငံက ဘဏ်တွေမှာလည်း long term loan ချေးနိုင်ဖို့အတွက် ကောင်းမွန်တဲ့ assets liability management အပြည့်လုပ်ဖို့ အခက်အခဲ ရှိပါတယ်။ တချို့ market တွေက ကျွန်တော်တို့ဆီမှာ အဆင့်သင့်မဖြစ်သေးဘူး။ liquidity gap ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် Interbank market for funds လိုအပ်ပါတယ်။ ဒ့ါအပြင် forward start loans လိုမျိုး instruments တွေလည်း မရှိသေးပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံမှာ လတ်တလော ကာလရှည်ချေးငွေ ယူမယ်ဆိုရင် အခက်အခဲတွေ့နိုင်ပါတယ်။

မေး။ ။ ဒါဆို ရေရှည်ချေးငွေ (long term loan)အတွက် အဆင်ပြေအောင် နိုင်ငံခြားကပဲချေးယူမယ်ဆိုတဲ့ သဘောမျိုးလား။

ဖြေ။ ။ နိုင်ငံခြားမှာငွေချေးမယ်ဆိုရင်လည်း အတိုးနှုန်းက အရေးအကြီးဆုံးပဲ။ နိုင်ငံခြားမှာငွေချေးမယ်ဆိုရင် တော်တော်များများက အတိုးနှုန်းနည်းတယ်လို့ထင်ကြတယ်။ ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံတွေကို ပြန်ကြည့်လိုက်ရင် ထိုင်းမှာဆိုရင် ဘဏ် ၁၆ ခုလောက်ရှိမယ်ထင်တယ်။ သူတို့ရဲ့ အတိုးနှုန်းကို ပြန်ကြည့်ရင်အတိုးနှုန်းမလျော့ဘူး။ အတိုးနှုန်းက risk ပေါ်မှာ မူတည်တာပေါ့။ ထိုင်းမှာဆိုရင် ငွေချေးနှုန်း(Lending rate) ပုံစံအများကြီးရှိပါတယ်။ ဥပမာ- minimum loan rate တို့ minimum retail rate တို့ အများကြီး ရှိပါတယ်။ ထိုင်းမှာက ကော်ပိုရေးရှင်းကြီးတွေကို ချေးတဲ့အတိုးနှုန်းနဲ့ ရိုးရိုးအလတ်စား ကုမ္ပဏီတွေကို ချေးတဲ့ အတိုးနှုန်းက အရမ်းကွာပါတယ်။ နာမည်ကြီး ထိုင်း bank တစ်ခုဆိုရင် minimum retail rate က ၈ ဒသမ ၁ ရာခိုင်နှုန်းလောက် သတ်မှတ်ထားပြီး အလတ်စားလုပ်ငန်းတွေကို risk ပေါ်မူတည်ပြီး အတိုးနှုန်း ၁၃ ဒသမ ၁ ရာခိုင်နှုန်းအထိ သတ်မှတ်ထားပါတယ်။ အဲဒီလိုပဲ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ စတဲ့ နိုင်ငံအတော်များများမှာ မြန်မာပြည်ထက် အတိုးနှုန်းများတာကို တွေ့ရပါတယ်။ တိုးတက်တဲ့ နိုင်ငံတွေက bank ကြီးတွေကတော့ စီမံကိန်းရဲ့ အနာဂတ် projected cash flows ကို တွက်ချက်ပြီး သင့်တင့်တဲ့အတိုးနဲ့ project financing ငွေချေးပေးတာတွေရှိပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အရမ်းကြောက်တဲ့ အချက်က Exchange rate risk ပါ။ နိုင်ငံခြားငွေကြေးနဲ့ ငွေချေးလိုက်ပြီဆိုတာနဲ့ ပြန်ဆပ်မယ့် အချိန်မှာ ပေးချေရမယ့်ငွေလဲလှယ်နှုန်း (exchange rate) ကို forward market (ပြန်လည်ပေးဆပ်ရမယ့် အချိန်အတွက် ကြိုတင်သတ်မှတ်ထားတဲ့ ငွေကြေးလဲလှယ်မှုဈေးနှုန်း) မှာ ကြိုတင်သတ်မှတ်ရပါတယ်။ မြန်မာနိုင်ငံမှာက forward market မရှိသေးဘူး။ forward market ဖြစ်လာဖို့ interest rate market ကို အရင်တည်ထောင်ရပါမယ်။ အဲဒီတော့မှ ဈေးကွက်ကသတ်မှတ်တဲ့ spot နှင့် forward interest rate တွေကို ရနိုင်မှာပါ။ အဲဒီ interest rate market ပေါ်လာဖို့အတွက် t-bill auction ကို တည်ထောင်ရမယ်။ နောက်ပြီး t-bill interbank market ဖြစ်လာအောင် လုပ်ရမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်း အဆင့်ဆင့်ကိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စလုပ်နေပါပြီ။ လုပ်ငန်းပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်တွေမပြီးခင်မှာ Forward Market မဖြစ်သေးတဲ့အတွက် ကျွန်တော်တို့ရဲ့ Foreign exchange exposure risk ကြီးက အရမ်းကိုများပါတယ်။ ဒါတွေအတွက်ကြောင့် သီလဝါအထူးစီးပွားရေးဇုန်အတွက် ငွေချေးမှာလား၊ ပြည်တွင်းက ချေးမှာလား။ ပြည်ပကနေ ချေးမှာလားဆိုတာကို ဒီ Factor တွေ အများကြီးအပေါ်မှာ အခြေခံပြီး စီမံခန့်ခွဲရေးဘုတ်အဖွဲ့ကနေ ဆုံးဖြတ်မှာဖြစ်ပါတယ်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် အစုရှယ်ယာများကို ရှယ်ယာအနည်းငယ် ဝယ်လိုသူများကိုသာ ဦးစားပေးပြီး ၎င်းတို့ အဆိုပြုလွှာတင်သွင်းသည့်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။ ရှယ်ယာအရေအတွက်များများဝယ်ရန် အဆိုပြုလွှာတင်သွင်းသူများကိုလည်း နိုင်ငံတကာစံနှုန်း Pro-tata စနစ်ဖြင့် အချိုးကျ ရောင်းချ ပေးသွားမည်ဖြစ်သည်။ အကယ်၍ ရှယ်ယာစုစုပေါင်း ၂ ဒသမ ၁၄၅ သန်းအား အများပြည်သူများမှ အပြည့်အဝ ဝယ်ယူနိုင်ခြင်းမရှိပါက အများပိုင်ကုမ္ပဏီ၏ မူလအစုရှယ်ယာရှင် ကုမ္ပဏီကိုးခုဖြစ်သော Golden Land East Asia Development Ltd,Myanmar Sugar Development Co.Ltd, Myanmar Edible Oil Industrial Public Corporation, First Myanmar Investment Co.Ltd, Myanmar Agricultural & General Development Public Ltd, National Development Company Group Limited, New City Development Public Co.Ltd, Myanmar Technologies and Investment Corporation Ltd နှင့် Myanmar Agribusiness Public Corporation Ltd မှ အချိုးကျဝယ်ယူရန် သဘောတူညီထားကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။ ငွေကြေးထပ်မံလိုအပ်သည့် အချိန်တွင်ရှယ်ယာများကို ထပ်မံရောင်းချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ။

တွေ့ဆုံမေးမြန်း
ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်

ယာဉ်ရောင်းဝယ်ရေးဇုန်ကို အစိုးရအဖွဲ့မှ မြေနေရာသတ်မှတ်ပေးပါက ယာဉ်ဝယ်ရောင်းများ၏ဝင်ငွေဖြင့်သာ ဝယ်ယူသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့တွင်းရှိ ယာဉ်ရောင်းဝယ်ရေးစခန်းကြီးများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရမှ နေရာအတည်တကျ သတ်မှတ်ပေးပါက ရွာသာကြီးနှင့် ထောက်ကြန့်နေရာများသို့ ယာဉ်ရောင်းဝယ်လုပ်ကိုင်သူများ၏ ကိုယ်ပိုင်ငွေဖြင့် မြေနေရာ ဝယ်ယူ၍ ယာဉ်အရောင်းအဝယ်ကို စနစ်တကျ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်ရောင်းဝယ်သူများ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက ပြောသည်။

"ယာဉ်ရောင်းဝယ်ရေး စခန်းကြီးကို ပြောင်းရွှေ့ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြထားပြီးပါပြီ။ ရွာသာကြီးနဲ့ ထောက်ကြန့်မှာ ဧက ၃၀ လောက်ရှိတဲ့ မြေနေရာ သတ်မှတ်ပေးရင် ယာဉ်ဝယ်ရောင်း လုပ်ကိုင်တဲ့သူတွေရဲ့ ငွေတွေနဲ့ပဲ ဝယ်ယူသွားမှာပါ။ အဲဒီလိုပြောင်းရွှေ့သွားရင် ရန်ကုန်မှာဖြစ်ပေါ်နေတဲ့ ယာဉ်ပိတ်ဆို့ကျပ်တည်းမှုတွေလည်း တော်တော်လေး လျော့သွားမှာပါ။ အဲဒီယာဉ်ရောင်းဝယ်ရေး စခန်းတွေမှာ ယာဉ်ရပ်နားတဲ့နေရာတွေ အသုံးပြုလို့တောင် ရသေးတယ်" ဟု ၎င်းက ပြောသည်။

မော်တော်ယာဉ်ဝယ်ရောင်း ပြုလုပ်သူများအနေဖြင့် နေရာအကျယ်အဝန်း ကောင်းမွန်၍ သွားလာရ အဆင်ပြေသည့် နေရာတစ်ခုကို သတ်မှတ်ပေးပါက မော်တော်ယာဉ်ရောင်းဝယ်ရေးဇုန်ကြီးဖြစ်ပေါ်လာမည်ဖြစ်ပြီး ယခုလက်ရှိတွင် ယာဉ်ရောင်းဝယ်ရေး ပြုလုပ်နေသည့် နေရာများမှာ သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်း၊ မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်း(ယာယီ)နှင့် မြင်သာ ယာဉ်ရောင်းဝယ်ရေးစခန်းတို့သည် တရားဝင်ခွင့်ပြုပေးထားပြီး ကျောက်မြောင်း သမိပ္ပဒါန်၊ (၁၄- ၁၅) လမ်းဆုံ၊ မအူကုန်းလမ်းကျယ်၊ ဟံသာဝတီ အဝိုင်းအနီးတွင် ယာဉ်ဝယ်ရောင်း ပြုလုပ်သည့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကေသိန်းဆွေ)

ကချင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာမိသားစုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ Family Kits ၅၀၀၀ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာမိသားစုဝင်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသည့် Family Kits ၅၀၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ကန်ပိုက်တည် မြို့နယ်ခွဲ နယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာက ကချင်ပြည်နယ်အတွင်း ၂၀၁၁ခုနှစ် ဇွန်လမှစ၍ အခြေအနေအရပ်ရပ်ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ နေရပ်စွန့်ခွာမိသားစုဝင်များအား ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၁ခုနှစ် ဇွန် ၁၅ ရက်မှ စတင်ပြီး စီမံခန့်ခွဲနိုင်သည့် နယ်မြေအတွင်းရှိ နေရပ်စွန့်ခွာ နေထိုင်ကြသော စခန်း ၁၀၁ ခုရှိ အိမ်ထောင်စု ၉၁၅၉ စု၊ လူဦးရေ ၄၀၁၄၉ ဦးတို့ကို UNDP, ICRC, ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ လူသားချင်းစာနာထောက်ထားသောအားဖြင့် တိမ်းရှောင် မိသားစုဝင်များအတွက် Family Kits များကို လာရောက်ထောက်ပံ့ပေးသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် တိမ်းရှောင်မိသားစုဝင်များ၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ မစ္စဟော်လင်းက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောတောင်ရေမြေချင်း ဆက်စပ်တည်ရှိနေပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးကြသည့် ဆွေမျိုးပေါက်ဖော်အိမ်နီးနားချင်းနိုင်ငံများ ဖြစ်ကြပါကြောင်း၊ မိမိတို့ကြက်ခြေနီအသင်းချုပ်မှ ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအရ ရှောင်တိမ်းနေရသော မိသားစုများအတွက် လူသားချင်းစာနာထောက်ထားရေးကို အခြေပြုပြီး နှစ်ဦးနှစ်ဖက် ကြက်ခြေနီအသင်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယနေ့ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ လာရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ စောင်၊ ဖိနပ်အစရှိသည့်လူသုံးကုန်ပစ္စည်း ၁၂ မျိုးပါဝင်သည့် Family Kits ၅၀၀၀ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း နှစ်နိုင်ငံကြက်ခြေနီအသင်းအချင်းချင်း ညှိနှိုင်းဆွေးနွေးပြီး Family Kits ၅၀၀၀ ကို ထပ်မံလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့လွှဲပြောင်းပေးအပ်မည့် ထောက်ပံ့ရေးပစ္စည်းများကို ကချင်ပြည်နယ် အတွင်းရှိ နယ်မြေလုံခြုံရေးအရ ရှောင်တိမ်းနေရသော အိမ်ထောင်စု ၅၀၀၀ လတ်တလော အခက်အခဲများကို အထောက်အကူပြုပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အကျိုးတော်ဆောင် အတွင်းရေးမှူးတို့က Family Kits ထောက်ပံ့မှုအတွက် ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကိုလက်မှတ်ရေးထိုးကြပြီး Family Kits ၅၀၀၀ ကို တရုတ်ကြက်ခြေနီ အသင်းချုပ်ဒုဥက္ကဋ္ဌက ပြည်နယ် လူမှုရေးဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းချုပ်ဒုဥက္ကဋ္ဌတို့က စင်ကြိုင်ကျေးရွာရှိ IDP စခန်းတာဝန်ခံအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့တို့ကလည်း စင်ကြိုင်ကျေးရွာရှိ နေရပ်စွန့်ခွာမိသားစုဝင်များအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး အိမ်ထောင်စု ၁၈၈ စု အတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြက်ခြေနီအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ မစ္စဟော်လင်း ဦးဆောင်သည့်အဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အကျိုးတော်ဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

(ပြည်နယ် မြန်/ဆက်)

အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုး အနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လွှတ်တော်ပုံနှိပ်တိုက်တွင်အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ပါပုံနှိပ်လုပ်ငန်းသုံး စက်ပစ္စည်း(၃)မျိုးအား မြန်မာ့ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	Auto Glue Binding Machine (Horizon/BQ-470 V)(Japan)	1-Unit
(ခ)	Gathering Machine (Horizon/MG-600 Q)(Japan)	1-Unit
(ဂ)	Perforation Attachement for Folder (Horizon/CGU-T 56M & KT-PP56) (Japan)	2-Unit

၂။ တင်ဒါစည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်းတိတိ) နှုန်းဖြင့် ရုံးအမှတ်(၂၀)၊ ပြည်ထောင်စုလွှတ်တော်ရုံးတွင် ၂၄-၂-၂၀၁၄ ရက်(တနင်္လာနေ့) မှစ၍ ရုံးချိန် အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၈-၂-၂၀၁၄ ရက်(သောကြာနေ့) (၁၂၀၀)နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - ၂၈-၂-၂၀၁၄ ရက်(သောကြာနေ့) (၁၃၀၀)နာရီ ရုံးအမှတ်(၂၀)၊ ပြည်ထောင်စုလွှတ်တော်ရုံး

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာန၊ ၀၆၇-၅၉၀၁၈၃၊ ၀၆၇-၅၉၁၁၈၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုလွှတ်တော်ရုံး၏ အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေး သူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအား သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန



ဥဒ္ဒိဿကဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရတနာလိုဏ်ဂူ (ရသေ့ဂူ) သို့ နေပြည်တော် သတင်းစာတိုက်ဝန်ထမ်းများ ပင့်ဆောင်ပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နေပြည်တော် ဇေယျာသီရိမြို့နယ် ရွာသစ်ကုန်းကျေးရွာတောင်ခြေအနီး တည်ထားကိုးကွယ်သော ကပ်ကာကမ္ဘာအေးစေတီတော်ပရိဝုဏ်ရှိ ရတနာလိုဏ်ဂူ (ရသေ့ဂူ)သို့ ဥဒ္ဒိဿက ဗုဒ္ဓရုပ်ပွားဆင်းတုတော်ပင့်ဆောင်လှူဒါန်းပူဇော်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက်ဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်း ဦးဆောင်၍ ဝန်ထမ်းများက ဥဒ္ဒိဿကဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဝန်ထမ်းအိမ်ရာ ယာယီစံကျောင်းတော်မှ ရတနာလိုဏ်ဂူ (ရသေ့ဂူ)သို့ ပင့်ဆောင်လှူဒါန်းပူဇော်ကြသည်။

ဥဒ္ဒိဿကဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို အလှူရှင် ဦးအောင်ကျော်ကျော်၊ ဦးမျိုးသန့်နှင့် ဝန်ထမ်းများက လှူဒါန်းပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။ **(အေးသန်း)**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ ပဲခူးတိုင်းဒေသကြီး(ရုံးချုပ်)ဖွင့်

ပဲခူး ဖေဖော်ဝါရီ ၂၃

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ ပဲခူးတိုင်းဒေသကြီး(ရုံးချုပ်)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အမှတ်(၁၁၂) (က)သနပ်ပင်လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမင်းသိန်း၊ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် ဌာနခွဲများကို လိုက်လံကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အား ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားပြီး ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် ပဲခူးတိုင်းဒေသကြီး(ရုံးချုပ်)ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ လုပ်ငန်းသည် ပုဂ္ဂလိက အာမခံလုပ်ငန်းလိုင်စင် ရရှိသော ကုမ္ပဏီ ၁၁ ခုတွင်အပါအဝင်ဖြစ်ပြီး အာမခံလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာပြည်အနှံ့အပြားတွင် မိဘပြည်သူများအား အာမခံလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို အနီးကပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့တော်များတွင် ဒေသဆိုင်ရာရုံးချုပ်များ အသီးသီးတိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့(၁၂)ခုမြောက်ဖွင့်လှစ်သော ပဲခူးတိုင်းဒေသကြီး(ရုံးချုပ်)သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အာမခံအကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံ မော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သား အသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံနှင့်သမာဓိအာမခံတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့် မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ကယားပြည်နယ် ခရိုင်နှင့် မြို့နယ်အသီးသီးတွင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့်မြေများ ပါဝင်ခြင်း ရှိ၊ မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	ကယားပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ပြည်နယ်အစိုးရအဖွဲ့ရုံး	၀၈၃-၂၁၁၅၇
၂	လွိုင်ကော်ခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၃-၂၁၅၄၉
၃	ဘောလခဲခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁-၃၃၃၀၀၂၉
၄	လွိုင်ကော်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၃-၂၁၁၅၀
၅	ဒီမော့ဆိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၃-၄၀၁၁၇
၆	ဖရူဆိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁-၃၃၃၁၀၇၂
၇	ရှားတောမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁-၃၃၃၁၅၃၉
၈	ဘောလခဲမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁-၃၃၃၀၀၂၉
၉	ဖားဆောင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁-၃၃၃၁၂၇၀
၁၀	မယ်စဲ့မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁-၃၃၃၁၂၈၂

(သတင်းစဉ်)

ပုပ္ပားအနုပညာပွဲတော် ပြည်သူ့ရင်ပြင်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပုပ္ပားအနုပညာပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ကြောင်း ယမန်နေ့နံနက် ၁၀ နာရီက The Last Leaf Gallery တွင်ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ပုပ္ပားအနုပညာပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ "အဓိကက ပုပ္ပားတောင်ဝန်းကျင်မှာရှိတဲ့ တောတောင်တွေကို ထိန်းသိမ်းစေချင်တဲ့ ရည်ရွယ်ချက်အပြင် အခြားဗဟုသုတလေးတွေရစေချင်တာကြောင့်ပါ" ဟု ပွဲစီစဉ်သူ ဦးမျိုးမင်းထွန်းက ပြောသည်။

အဆိုပါ ပွဲတော်တွင် ပုပ္ပားအလှပန်းချီကားများ၊ ဓာတ်ပုံများ၊ ပုပ္ပားဒေသထွက်ဆေးဝါးများ၊ အထည်အလိပ်များ၊ စားသောက်ကုန်များ၊ ပုပ္ပားတောင်နှင့်ပတ်သက်သည့်စာအုပ်များ ခင်းကျင်းရောင်းချပေးမည့်အပြင် ကာတွန်းဆရာဆရာမများ၊ ကယ်ရီကေချာနှင့် ရေဆေးပညာရှင်များကလည်း လက်တွေ့ရေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပညာရှင်များက ဟောပြောမည်ဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲများ၊ ကဗျာရွတ်ဆိုပွဲနှင့် ကဗျာဆိုင်ရာပါဖောင်းမန့်တို့ကိုပါ တင်ဆက်သွားမည်ဖြစ်သည်။ အဆိုပါပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ နံနက် ၈ နာရီမှ ည ၈နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **(သီသီမင်း)**



ကျန်းမာပျော်ရွှင်သည့်ဘဝကို အလိုရှိသည့် ပေါ့ပ်ကြယ်ပွင့် ရီဟန်းနား

တေးသံရှင်ရီဟန်းနားက ကျန်းမာပျော်ရွှင်သောဘဝတစ်ခုကို ဆက်လက်ပိုင်ဆိုင်နိုင်ရန်အတွက် ဆေးလိပ်သောက်သုံးသည့် အလေ့အကျင့်ကို ဖျောက်ဖျက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည့် ၎င်း၏ (၂၆)နှစ်ပြည့်မွေးနေ့ပွဲတွင် တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် စီးကရက်သောက်သုံးနေသည့်ပုံများအမြောက်အမြားတင်လေ့ရှိသည့် ပေါ့ပ်ကြယ်ပွင့် ရီဟန်းနားသည် ယခုအခါ ကျန်းမာပျော်ရွှင်သည့်ဘဝတစ်ခုကို အလိုရှိသည့်အတွက် ဆေးလိပ်ဖြတ်ရန် အလျင်စလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် အသက်အန္တရာယ်ကိုပါ ဒုက္ခပေးနိုင်သည့်အတွက် ကြိုးစားဖြတ်သွားမည်ဖြစ်ကြောင်း တေးသံရှင်ရီဟန်းနား၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဟောလိဝုဒ်ရီပိုတာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပေါ့ပ်ကြယ်ပွင့် ရီဟန်းနားသည် မကြာမီထွက်ရှိလာမည့် Vogue မဂ္ဂဇင်း၏မျက်နှာဖုံးအလှရှင်အဖြစ် ဖော်ပြခြင်းခံရမည်ဖြစ်ပြီး ဆေးလိပ်မသောက်ဘဲနှင့်လည်း ဆွဲဆောင်မှုရှိပြီး လှပသောပိုစတာဓာတ်ပုံများ ရိုက်ကူးသွားမည်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရီဟန်းနားသည် (၂၆)နှစ်မြောက် မွေးနေ့ပွဲအခမ်းအနားတွင် ၎င်း၏ချစ်သူ ကနေဒါရက်ပ်အဆိုတော် Drake အပါအဝင် သူငယ်ချင်းများစွာနှင့်ဆင်နွှဲခဲ့သည်။ အနုပညာလှုပ်ရှားမှုအနေဖြင့် ကိုလံဘီယာ အဆိုတော်ရှာကီရာ၏ အယ်လ်ဘမ်သစ်၏ Can't Remember to Forget You တေးသီချင်းဗီဒီယိုတွင် ပါဝင်သီဆို သရုပ်ဆောင်ထားပြီး ယခုနှစ်စပိုင်းမှစတင်ကာ ၎င်း၏ အဋ္ဌမမြောက်အယ်လ်ဘမ်အတွက် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်းလည်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

Dior ၏ မော်ဒယ်လ်သစ်ဖြစ်လာဦးမည့် အကယ်ဒမီဆုရှင် ဂျနီဖာလောရင့်စ်

ဟောလိဝုဒ်မင်းသမီး အကယ်ဒမီဆုရှင် ဂျနီဖာလောရင့်စ်က ဖက်ရှင်လောကသို့ တတိယအကြိမ်ဝင်ရောက်သည့်အနေဖြင့် ပြင်သစ်နိုင်ငံထုတ် Dior ကုန်ပစ္စည်းများ၏ မော်လ်ဒယ်အဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မအကြိုက်ဆုံး Dior ရဲ့ ဝတ်စုံတစ်စုံကို ပြီးခဲ့တဲ့ ကိန်းရုပ်ရှင်ပွဲတော်မှာ ဝတ်ခဲ့ပါတယ်။ အဲဒီဝတ်စုံတွေဟာ ပရိသတ်တွေအတွက်ရော ကျွန်မအတွက် အထူးအမှတ်ရစရာတွေ ကျန်ရစ်စေခဲ့ပါတယ်"ဟု မင်းသမီး ဂျနီဖာလောရင့်စ်က Dior အတွက် အမှတ်တရစကားပြောကြားပေးခဲ့သည်။

ထို့အပြင် မကြာခင်တွင် မင်းသမီးဂျနီဖာလောရင့်စ်က Dior ပြခန်းတစ်ခုသို့လာရောက်ကာ အော်စကာဆုပေးပွဲအတွက် အဝတ်အစားလာရောက်ရွေးချယ်ဝယ်ယူပုံရိုက်ကူးသည့်ဗီဒီယိုကြော်ငြာတစ်ခုကို ရိုက်ကူးသွားမည်ဖြစ်သည်။

ဆက်လက်ပြီး ဂျနီဖာလောရင့်စ်က ဖက်ရှင်တစ်ခုဖန်တီးရာတွင် ဒဏ္ဍာရီဆန်သည့် ဖက်ရှင်ဒီဇိုင်းများကို ဖန်တီးလိုသည့်ဆန္ဒရှိပါကြောင်း ထုတ်ဖော်ခဲ့သည်။ ယမန်နှစ်ကကျင်းပခဲ့သည့် အော်စကာဆုပေးပွဲတွင် ဂျနီဖာလောရင့်စ်ဝတ်ဆင်ခဲ့သည့် ဝတ်စုံသည် *Dior* မှ ဖန်တီးပေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင်လည်း American Hustle ဇာတ်ကားဖြင့် အကယ်ဒမီဆုအတွက် ဆန်ခါတင်ရွေးချယ်ခံထားရကြောင်းသိရသည်။

နာမည်ကြီးတရုတ်ဇာတ်ကားကို ဗြိတိန်နှင့် ပြန်လည်ပူးပေါင်းထုတ်လုပ်မည်

၂၀၀၄ ခုနှစ်ကထွက်ရှိခဲ့ပြီး တရုတ်ရုပ်ရှင်လောက၏ အထင်ကရဖြစ်သော Golden Horse ဆုရရှိခဲ့သည့် A World Without Thieves ဇာတ်ကားကို ဗြိတိန်ထုတ်လုပ်သူများနှင့်ပူးပေါင်းကာ ပြန်လည်ပြင်ဆင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကား၏ ဒါရိုက်တာ Feng Xiaogang က ဆိုသည်။

"လောလောဆယ်တော့ ဇာတ်ညွှန်းအကြမ်းပြီးနေပါပြီ။ အဲဒါကို ဆက်လက်ဆွေးနွေးသွားပါမယ်။ အခုပြန်ရိုက်တာက တရုတ်မှဗြိတိန် version သို့ ကူးပြောင်းခြင်းသာမဟုတ်ဘဲ အချို့သောဇာတ်လမ်းပိုင်းဆိုင်ရာများ ပြောင်းလဲခြင်းနှင့် စိတ်လှုပ်ရှားဖွယ်ရာဇာတ်ဝင်ခန်းများ ဖြည့်ဆည်းထားခြင်းဖြစ်ပါတယ်"ဟု ဒါရိုက်တာ Feng က ဆိုသည်။ ယင်းဇာတ်ကားသည် ၂၀၀၅ ခုနှစ်တွင် အကောင်းဆုံးဇာတ်ညွှန်းဆုအတွက် Golden Horse ဆုရရှိဆွတ်ခူးခဲ့သည့် တရုတ်အက်ရှင်ဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။

တွစ်တာသုံးစွဲသူများ လိမ္မာပါးနပ်ရန် လိုအပ်သည်ဟု ယူဆသူ Harry Styles

ဆယ်ကျော်သက်အမျိုးသမီး ဂီတပရိသတ်၏ အသည်းစွဲ One Direction အဖွဲ့မှ အဖွဲ့ဝင် တေးသံရှင် Harry Styles က တွစ်တာအသုံးပြုသူများအနေဖြင့် ပိုမိုလိမ္မာပါးနပ်ရန်လိုအပ်မည်ဟုထင်မြင်ယူဆပါကြောင်း၊ တင်သည့် ပို့စ်တိုင်းကို အမြင်မကြည်လင်သူတို့က အယူအဆတစ်မျိုးဖြစ်သွားနိုင်သဖြင့် အထူးဂရုစိုက်ရပါကြောင်း ဆိုခဲ့သည်။

တွစ်တာစာမျက်နှာတွင် followers ပေါင်းသန်းနှင့်ချီရှိနေသည့် တွစ်တာအကောင့်ပိုင်ရှင် Harry Styles က မိမိအသုံးပြုသည့် အကောင့်အကြောင်းကို ကောင်းစွာနားလည်ထားကြရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် One Direction အဖွဲ့သည် ၎င်းတို့၏ တတိယမြောက်ဂီတဖျော်ဖြေရေးခရီးစဉ်ကို လာမည့် ဧပြီလ ၂၅ ရက်တွင် တောင်အမေရိကမှစတင်ကာ အောက်တိုဘာလအထိ ဖျော်ဖြေပွဲပေါင်း ၆၅ ပွဲဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယင်းဂီတဖျော်ဖြေပွဲသည် ၎င်းတို့အဖွဲ့၏ Midnight Memories အယ်လ်ဘမ်အတွက် ပရိုမိုးရှင်းပွဲစဉ်လည်း ဖြစ်ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်တွင် The X Factor သီချင်းဆိုပြိုင်ပွဲမှ ဂီတလမ်းကြောင်း အစပြုခဲ့သည့် အဆိုပါ One Direction အဖွဲ့သည် ၂၀၁၂ ခုနှစ်က ၎င်းတို့အဖွဲ့၏ ပထမဆုံးသော တေးသီချင်း What Makes You Beautiful ဖြင့် BRIT Awards ကို ပထမဆုံးစတင်ဆွတ်ခူးနိုင်ခဲ့ပြီး အမေရိကန်တေးဂီတဆုနှစ်ဆု အပါအဝင် အခြားဆုပေါင်းများစွာကိုလည်း အောင်မြင်စွာဆွတ်ခူးနိုင်ခဲ့သည့် အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ချစ်ပါပါ ဟာဂျီ ဦးသိန်းဝင်းနှင့် ချစ်မာမီ ဟာဂျီမ ဒေါ်ချိုချိုတို့၏

ငွေရတုမင်္ဂလာဆုတောင်းလွှာ

မေတ္တာဝေသီ၊ လဖေဖော်ဝါရီမှာ
မင်္ဂလာချစ်သက်၊
နှစ်ဆယ့်ငါးနှစ် ပြည့်ခဲ့သည့်တိုင်
ခိုင်မြဲနှစ်မာ၊ ရှည်ကြာခဲ့ပြီး
မျက်ရှုရတနာ၊ သမီးသားချာကို
လိုအင်မရှိ၊ အတိပြည့်စုံ
အဖုံဖုံကို၊ ဖြည့်ဆည်းဆုံးမ
နည်းလမ်းပြလို့၊
ပညာပြည့်ဝ နှလုံးလှခဲ့။
ဆာယာအေးရိပ်၊ ချွေးသိပ်ပြေခဲ့။
ပါပါမာမီ၊ ဖန်တီးခဲ့တဲ့
မေတ္တာသိုက်မြုံ၊ အေးရိပ်လုံသည်
နှစ်နှစ်ဆယ့်ငါး၊ မပျောက်ပြယ်ဘဲ
တည်ဆဲတည်မြဲ၊ ကမ္ဘာ့သည်းထိ
စွဲငြိသစ္စာ၊ ခွန့်ရှည်ပါဟု
သားသမီးတစ်စု၊ တောင်းဆုပြုသည်။
ချစ်သမီးကြီး - မေသရဖီဝင်း **(EPP)**
ချစ်သမီးငယ် - ဖူးသစ္စာဝင်း **[Final Part(2), IM(1) Ygn]**
ချစ်သားလေး - ရဲမာန်ဝင်း **(2nd Year Y.I.T)**

ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိုကြောင်း တယ်ရီဖွင့်ဟ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီသည် အဲဗာတန်အသင်းအား စတမ်းဖို့ဒ်ဘရစ်ချ်၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးကာ ချယ်လ်ဆီးအသင်း၏ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။

နောက်ခံလူ ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့်အတူ ၁၉၉၈ ခုနှစ်မှစတင်ကာ ပွဲထွက်ကစားခဲ့ပြီး ၎င်း၏ လက်ရှိစာချုပ်သက်တမ်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဆန္ဒဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေကြယ်

ဖလက်ချာနှင့် စာချုပ်သစ်ချုပ်ဆိုရန် မန်ယူစီစဉ်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် နာတာရှည်ရောဂါဖြစ်ပွားခဲ့သော ကွင်းလယ်ကစားသမား ဖလက်ချာအား ၁၈ လကြာ အနားပေးခဲ့ရပြီးနောက် လက်ရှိတွင် အသင်းနှင့် ပြန်လည်ပွဲထွက်ကစားနိုင်သည့် အခြေအနေတွင် ရှိနေပြီဖြစ်သောကြောင့် ဖလက်ချာနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုနိုင်ရေး ကမ်းလှမ်းရန် စီစဉ်ထားကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဖလက်ချာ၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် အသက်(၃၀)အရွယ်ရှိပြီဖြစ်သည့် ကွင်းလယ်ကစားသမား ဖလက်ချာအား တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် မန်ယူအသင်းအနေဖြင့် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ဖလက်ချာသည် ရောဂါခံစားခဲ့ရခြင်းကြောင့် စကော့တလန်နိုင်ငံအတွက် ၂၀၁၂ ခုနှစ်မှ စတင်ကာ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ခွဲစိတ်ကုသမှုပြီးမြောက်ခဲ့ပြီး အသင်းနှင့်အတူ ပြန်လည် ပွဲထွက်လာနိုင်ခဲ့ခြင်းကြောင့် စကော့တလန်လက်ရွေးစင်အသင်းအနေဖြင့် မတ် ၅ ရက်တွင် ပိုလန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားမည့် ပွဲစဉ်တွင် ဖလက်ချာအား ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်ယူကွင်းလယ်ကစားသမား ဖလက်ချာသည် လက်ရှိတွင် မန်ယူအသင်း၌ တစ်ပတ်လုပ်ခလစာပေါင် ၆၀၀၀၀ ရရှိထားကြောင်း သိရသည်။

ကက်ပီတယ်ဝမ်းဖလားတွင် အောင်မြင်မှုရရှိရန် နာဆရီမျှော်လင့်

မန်စီးတီးကွင်းလယ်ကစားသမားနာဆရီသည် ဝင်ဘလေကွင်းကြီး၌ ဆန်းဒါးလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကက်ပီတယ်ဝမ်းဖလားနောက်ဆုံးဗိုလ်လုပွဲတွင် အောင်မြင်မှုရရှိရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား နာဆရီသည် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော ကက်ပီတယ်ဝမ်းဖလားနောက်ဆုံး ဗိုလ်လုပွဲတွင် နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့ဖူးသူဖြစ်သည်။ ပထမတစ်ကြိမ်မှာ ၂၀၁၁ ခုနှစ်က အာဆင်နယ်ကစားသမားဘဝတွင် ဘာမင်ဂမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့်အပြင် ပြီးခဲ့သည့်နှစ်က မန်စီးတီးအသင်းနှင့်အတူ ပွဲထွက်ကစားခဲ့ရာ၌ ဝီဂန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင်လည်း ပါဝင်ကစားခဲ့သည်။

ထို့ကြောင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက ပြင်သစ်အသင်းနှင့်အတူ ပွဲထွက်ကစားခဲ့ရာ၌ အင်္ဂလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကွင်းလယ်ကစားသမားနာဆရီအနေဖြင့် ဆန်းဒါးလန်းအသင်းနှင့်ပွဲစဉ်တွင်လည်း အင်္ဂလန်အသင်းအား ပြင်သစ်က အနိုင်ရရှိသကဲ့သို့ နိုင်ပွဲရရှိရန် မျှော်လင့်ထားကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အာဆင်နယ်အသင်းနှင့်ရော မန်စီးတီးအသင်းနှင့်ပါ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၌ နောက်ဆုံးဗိုလ်လုပွဲတွင် အောင်မြင်မှုမရရှိခဲ့ခြင်းကြောင့်သာ ယခုကဲ့သို့ ဆန်းဒါးလန်းအသင်းအား အနိုင်ရရှိရန် မျှော်လင့်ထားခြင်းဖြစ်ကြောင်း ကွင်းလယ်ကစားသမားနာဆရီက ပြောကြားခဲ့သည်။

(၈)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

အစ်ကို ကိုကျော်သန်းလင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး)နှင့် အစ်မ မစန္ဒာလင်း(ခ)ပိုးလေး၏ ၂၄-၂-၂၀၁၄ရက်တွင် ကျရောက်သော(၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းတစ်ရာတိုင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် အစ်ကိုအစ်မတို့၏ တစ်ဦးတည်းသော သားလေး မောင်အောင်သူရဦး(ခ)တိုးလီနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုသုကိုလင်း၊ ကိုဇင်ကိုလင်း

(ရွှေဗျိုင်းဖြူ စက်သုံးဆီဆိုင်မှ ချစ်ညီလေးများ)

နေပြည်တော်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်နေ
သရေစည်သူ ဦးမြင့်လှိုင် [ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း]-ဒေါ်ခင်သန့်စင်တို့၏ တစ်ဦးတည်းသောသားရတနာ

မောင်သန့်စင်လှိုင်

B.E(Mechanical) D.S.T.A

(အုပ်ချုပ်မှုဒါရိုက်တာ မြင့်မိုးဂုဏ်ရည်ကုမ္ပဏီလီမိတက်)

နှင့်

ရန်ကုန်မြို့နေ
ဒေါက်တာဦးဝင်းနိုင်-ဒေါ်စုစုအောင်တို့၏ သမီးထွေးရတနာ

မဇင်မာနိုင်

B.A(English) Master of Business Administration(Y.I.E)

တို့၏ ၁၄-၂-၂၀၁၄ရက် Sky Star Hotel၌ ကျင်းပပြုလုပ်သည့် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးစိုးလွင်(ခရိုင်တရားသူကြီး၊ အနောက်ပိုင်းခရိုင်တရားရုံး)အားလည်းကောင်း၊ အသိသက်သေများအဖြစ်လည်းကောင်း၊ မင်္ဂလာဆုံးမဩဝါဒစကားများ အသီးသီးပြောကြားပေးကြပါသော ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)နှင့် ဇနီးဒေါ်မြင့်မြင့်သန်း၊ ဦးခင်မောင်အေး(ဥက္ကဌ၊CB Bank)နှင့်ဇနီးဒေါ်ဝင့်ရည်အေး၊ ဦးကျော်ဝင်း(ဥက္ကဌ၊ ရွှေသံလွင်ကုမ္ပဏီ)နှင့်ဇနီးဒေါ်နန်းမောက်လောဝ်ဆိုင်၊ ဦးချိုသန်းမောင်[ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်]နှင့်ဇနီး ဒေါက်တာဒေါ်တင်နွယ်ဝေတို့အားလည်းကောင်း၊ ၂၂-၂-၂၀၁၄ရက် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ မေတ္တာဖြင့် ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးကြပါသော အဘ ဦးအောင်ထွေး-ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)နှင့်ဇနီး အမေ ဒေါ်ခင်နှင်းဝေ၊ အဘဦးကျော်ဝင်း-ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)တို့ အားလည်းကောင်း၊ ဦးဌေးဦး(ဟသ်ာတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဌ)နှင့်ဇနီး ဒေါ်နီနီဝင်းတို့အားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားခြင်းနှင့် မင်္ဂလာသိဒ္ဓိတင်ပန်းကုံး ဆင်မြန်းပေးပါသော သရေစည်သူ ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန)(ဒုတိယဗိုလ်ချုပ်ကြီးငြိမ်း)နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာကံဇော်(ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)နှင့်ဇနီးဒေါ်နန္ဒာမွန်း(ညွှန်ကြားရေးမှူးချုပ်၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီးတို့အား မေတ္တာဖြင့်ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပြီး မင်္ဂလာလက်ဆောင်မွန်များ ချီးမြှင့်ပေးကြပါသော နှစ်ဖက်သော ဂုဏ်သရေရှိ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ နှစ်ဖက်သောမိဘများ၏ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်း များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မမြင့်မိုရ်ချစ်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မသက်နှင်းဝေဝေ၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် လျှောက်လှမ်းပေးပါသော မောင်မြင့်ဇေယျာအောင်(Sam Son)နှင့် မသုန္ဒရီဦး၊ မင်္ဂလာပန်း များကြဲဖြန့်ပေးပါသော မမေဖြူဖြူနှင့်မအေးလဲ့ကံဇော်၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ကိုထက်ပိုင်နှင့် ကိုအောင်မြတ်ခင်၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မကြည်သာချစ်နှင့်မခိုင်မာလွင်တို့အားလည်းကောင်း၊ မိတ်ကပ် နှင့်ဆံပင်အလှ ဖန်တီးပေးပါသော မေဦးမောင် (တော်ဝင်သူ) နှင့်အဖွဲ့အားလည်းကောင်း၊ Pre Wedding မှတ်တမ်းဓါတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုတိတ်နှင့်ကိုနိုင်နိုင်ထွန်း (Exposure)တို့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော ဒေါ်မိုးမိုးသာ(White Rose)နှင့် ကိုထွန်းထွန်းဦး(Eden Floral)အဖွဲ့အားလည်းကောင်း၊ မီးအလှဆင်ပေးပါသော မီးငယ် (Disco Light)အဖွဲ့အားလည်းကောင်း၊ သတို့သားအတွက် မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော အန်တီပေါက်နှင့်သတို့သမီးနှင့် သတို့သမီးအရံများအတွက် မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော အန်တီစူးမာ(Fashion Euphoria)တို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော She Shine Gems & Jewelly မှ မကြီးနှင့်မချို၊ The Rich Gems မှ အန်တီလုလုတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော စန္ဒရားဦးသိန်းမြင့်သန်းနှင့်အဖွဲ့အား လည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော မဟေမာနေဝင်းအားလည်းကောင်း၊ Signature Wedding Planner အဖွဲ့၊ အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံပေးကြပါသော ကန်တော်ကြီးဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများအား လည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား မင်္ဂလာမောင်မယ်နှင့် နှစ်ဖက်သောမိဘများမှ လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မင်္ဂလာသတို့သားမောင်သန့်စင်လှိုင်-မင်္ဂလာသတို့သမီး မဇင်မာနိုင်

ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ ရဲအုပ် ငြိမ်းချမ်းစိုးဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက လားရှိုးမြို့ ရပ်ကွက် (၁၂) ဟူးမွန်အုပ်စု မန်နားကျေးရွာရှိ ဒေါ်အေးမြ၏တောင်ယာတဲကို ဝင်ရောက်ရှာဖွေရာ ဝါးပလိုင်းအတွင်းမှ ပလတ်စတစ်ပိုက်ငယ်တစ်ပိုက်လျှင် ဘိန်းဖြူမူန့်အလေးချိန် သုည ဒသမ ၀၃ ဂရမ်ပါ ၂၁ ပိုက် (စုစုပေါင်း ဘိန်းဖြူမှုန့်အလေးချိန် သုည ဒသမ ၆၃ ဂရမ်) အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် ၈၈ နှင့် ၁ စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ (အလေးချိန် ၁၈ ဂရမ်နှင့်) ငွေကျပ် ၁၆၄၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိရောင်းချသူ ဒေါ်အေးမြ

(၅၆)နှစ်အား လားရှိုးနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဟန်ငွေး(iprd)**

မြန်မာအလုပ်သမားများတင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ ထုန့်ဆောင်ပောင့်နယ်မြေတွင် မြန်မာအလုပ်သမားများ တင်ဆောင်လာသော နယ်မြေခံယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ကိုယ်ပိုင်ယာဉ်တစ်စီးကို တောမေ(လူဝင်မှုကြီးကြပ်ရေးဌာန)နှင့် စစ်တပ်တို့က ဖမ်းဆီးရမိကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ ထုန့်ဆောင်ပောင့်နယ်မြေတွင် နယ်မြေခံယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ၎င်း၏ စားဝတ်နေရေး အခက်အခဲကြောင့် မဲဆောက်မြို့သို့ဆင်းကာ အထောက်အထားစာရွက်စာတမ်းမရှိသော မြန်မာအလုပ်သမား ၁၀ ဦးကို ဟွန်ဒါယာဉ်ဖြင့်တင်ဆောင်ကာ ဗန်ကောက်မြို့သို့လာစဉ် တာခ့်ခရိုင် မဲဆောက်မြို့ ထဆိုင်လွရပ်ကွက်ရှိ ပေွ့ပာင်ဖွန် စစ်ဆေးရေးဂိတ်၌ အဆိုပါ HONDA အနီရောင်ယာဉ်အမျိုးအစား လိုင်စင်နံပါတ် ၅၀၆၆ ပေါ်တွင် တင်ဆောင်လာသော မြန်မာအလုပ်သမားများနှင့်အတူ လက်နက်များကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်ကို ဆက်လက်စစ်ဆေးရာ ဗန်ကောက်မြို့မှ မောင်းနှင်လာသော ယာဉ်မဖြစ်နိုင်ကြောင်းနှင့် ထိုင်း-မြန်မာ နယ်စပ်ရှိ မြဝတီမြို့ဘက်သို့ ရောင်းလိုက်သည်ဟု ထပ်မံသိရှိရ၍ ၎င်းယာဉ်ထိန်းရဲအား ယာဉ်ကို တရားမဝင်ရောင်းချမှုနှင့် ထပ်မံတရားစွဲထားကြောင်းဖြင့် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက TNN24 News တွင် ဖော်ပြထား MAT က ပြောကြားသည်။

(ဝဝ)



ဘားအံမြို့ နာရီစင်အနီး ဂေါ်ဒန်ကျောက်သယ်ယာဉ် တိမ်းမှောက်

ဘားအံ ဖေဖော်ဝါရီ ၂၃

ကရင်ပြည်နယ် ဘားအံမြို့ ဗိုလ်ချုပ်လမ်းမကြီး နာရီစင်အနီးတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက်က တန် ၄၀၀၀ ဘီလပ်မြေစက်ရုံသို့ ဂေါဒန်ကျောက်တင်ပို့နေသော ကျောက်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ဘက်မှ ဘားအံ တန် ၄၀၀၀ ဘီလပ်မြေစက်ရုံသို့ ဂေါဒန်ကျောက်များ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်လျက်ရှိသော ယာဉ်အမှတ် ၉ခ/---- နီဆန်းယူဒီ ၁၀ ဘီး ကျောက်သယ်ယာဉ်သည် လမ်း၊ တံတားများကို ဖြတ်သန်းသယ်ဆောင်မောင်းနှင်လာစဉ် ဘားအံမြို့လယ်ကောင် နာရီစင်အနီးကွေ့တွင် တန်ပို တင်ဆောင်လာသော ကျောက်အလေးချိန်ကြောင့် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ နာရီစဉ်အနီး ရပ်နားထားသော မော်တော်ယာဉ်နှစ်စီးမှာ ကျောက်တုံးကြီးများ လွင့်စဉ်ထိမှန်ခဲ့ပြီး ညအိပ်ယာဉ်ငယ် ၉င/---- ပေါ်တွင် အိပ်နေသော ကော့ကရိတ်မြို့နယ် သဃ်န်းညီနောင်နေ ကိုကျော်မှာဒဏ်ရာရရှိနှင့် ဆလွန်းယာဉ်တစ်စီးပေါ်တွင် အိပ်နေသော ကိုယ်ဝန်ခုနစ်လရှိ မခိုင်မာဝင်းမှာ ကျောက်တုံးထိမှန်၍ ဒဏ်ရာအသီးသီးရရှိခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်တိမ်းမှောက်ခဲ့ရာ ပတ်ဝန်းကျင် ရပ်ကွက်နေပြည်သူများက ယင်းဂေါဒန် ကျောက်သယ်ယာဉ်များသည် မြို့တွင်း လမ်းတံတားများကို တန်ပိုများ တင်ဆောင်မောင်းနှင် ဖြတ်သန်းလေ့ရှိကာ တင်ဆောင်လေ့ရှိပြီး မြို့တွင်း လမ်းမကြီးများပေါ်တွင် မဆင်မခြင် မောင်းနှင်လျက်ရှိကြောင်း၊ ယမန်နှစ်ကလည်း ဂေါဒန်ကျောက်သယ်ယာဉ်မှ ကျောက်တုံးကြီးများ နာရီစဉ်အနီး သုံးထောင့်တွင် ပြုတ်ကျခဲ့ဖူးပြီး ရပ်ကွက်နေပြည်သူများက သုံးထောင့်လမ်းဆုံ အနီးသို့ တွန်းရွှေ့ပေးခဲ့ရကာ စည်ပင်က အဆိုပါ ကျောက်တုံးကြီးအား ရှင်းလင်းဖယ်ရှား ပေးခဲ့ရကြောင်း ပြောသည်။ “အခင်းဖြစ်အချိန်က နံနက်မိုးမလင်းခင် အချိန်ဆိုတော့ လူခြေတိတ်ဆိတ်နေတဲ့အတွက် တန်ပိုတင်ပြီး အရှိန်ပြင်းယာဉ်မှောက်မှုဖြစ်ပွားတော့ မြို့ထဲမှာကျယ်လောင်သံကြားရသဖြင့် ရပ်ကွက်နေပြည်သူတွေ အထိတ်တလန့်ဖြစ်ခဲ့ရတယ်”ဟု အခင်းဖြစ်ပတ်ဝန်းကျင် ရပ်ကွက်နေ ပြည်သူတစ်ဦးကဆိုသည်။

တိမ်းမှောက်သည့် ယာဉ်၏ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်ပြီး ယင်းအမှုကို အမှတ်(၇) ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ ယာဉ်ထိန်းဒုရဲအုပ်ဇေယျာလတ်က အမှုဖွင့်လှစ်တိုင်ကြားသဖြင့် ဘားအံမြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ တရားခံအမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယမန်နှစ်ကလည်း တန် ၄၀၀၀ ဂေါဒန်ကျောက်သယ်ယာဉ် တစ်စီးသည် တန်ပိုတင်ကာ မဆင်မခြင် မောင်းနှင်ခဲ့ခြင်းကြောင့် သံလွင်တံတားကုန်းဆင်းတွင် ရှေ့မှမောင်းနှင်နေသော ကျောက်သယ်ယာဉ်ကို ဝင်ရောက်တိုက်မိကာ သံလွင်တံတား ဘားကပ်ဘက်ခြမ်း ဂိတ်အနီးလမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ဖူးကြောင်း သိရသည်။ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံးကလည်း ဂေါဒန်ကျောက်သယ်ယာဉ်များအား လမ်းတံတားများ ထိခိုက်မှုမရှိစေရေး၊ စိစစ်ဆောင်ရွက်နိုင်ရေးအတွက် ဘားအံ-လှိုင်းဘွဲ့လမ်းဂိတ်နှင့် သံလွင်တံတားဂိတ်များတွင် စည်းကမ်းချက် (၅)ချက်ထုတ်ပြန်ထားရှိကာ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ထွန်းထွန်းထွေး-ဘားအံ)**



တ/ဥ စက်မှုဇုန်အငှား

ပေ(၅၀×၁၅၀) [ပေ(၅၀×၇၀)] ဂိုဒေါင်၊ 40 HP Power (၁)လုံး၊ Lighting (၁)လုံး၊ အဝီစိတွင်း။

ဖုန်း-၀၉ ၂၅၄၁၃၃၉၅၇၊ ၃၇၄၉၅၄

မီး သတိပြု

အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန် ဂျပန်၊ ဂျာမနီ နှင့် ကိုရီးယားတို့ ကူညီမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ (SMEs)ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျပန်၊ ဂျာမနီနှင့် တောင်ကိုရီးယားနိုင်ငံများမှ လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေး ခြင်းများ၊ အခြားရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာ အကူအညီပေးအပ်မှုများကို စစ်တမ်းများ ကောက်ယူ၍ အကူအညီ ပေးသွားမည်ဖြစ်ကြောင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဆပ်ကော်မတီမှ လက်ထောက်ညွှန်ကြား ရေးမှူးဒေါက်တာအိရွှေစင်ထွန်းက ပြောကြားသည်။

"SMEs လုပ်ငန်းရှင်တွေအနေနှင့် အခုအချိန်မှာ ဖွံ့ဖြိုးရေးဆပ်ကော်မတီဆီကို လာပြီး ဖောင်ပြည့်ရုံပါ အဲဒီလို ဖြည့်ပြီးတဲ့လုပ်ငန်းတွေကို အမျိုးအစားလိုက် အကူအညီပေးမယ့်နိုင်ငံတွေကိုပေးပို့မှာ အဲဒီအချိန်မှာ သူတို့အကူအညီပေးနိုင်မယ့် ပညာရှင်တွေကို ဒီလိုလွှတ်ပေးမယ်၊ မှတ်ပုံတင်လိုင်စင်ရှိပြီး လုပ်ငန်းလည်ပတ်နေတဲ့ စက်မှုလုပ်ငန်းလေးတွေရဲ့ အခက်အခဲတွေကို လုပ်ငန်းနာမည်၊ လိပ်စာတွေကို ဖောင်ဖြည့်ပြီး မတ်လ ၃၁ ရက်နေ့ နောက်ဆုံးပေးပို့ရမှာ လူကိုယ်တိုင် မလာနိုင်ရင်တောင် အီးမေးကနေ ဖောင်ဖြည့်ပြီးပေးပို့လို့ရပါတယ်" ဟု ၎င်းက ပြောသည်။

နိုင်ငံအတွင်းရှိ SMEs လုပ်ငန်းများကို ကိုရီးယားအမျိုးသား နည်းဗျူဟာတက္ကသိုလ်နှင့် ကိုရီးယားနိုင်ငံ Gunhong Int'l Co,Ltd မှ နည်းပညာပံ့ပိုးမှုကို စစ်တမ်းများကောက်ယူ၍လည်းကောင်း၊ ဂျပန်နှင့် ဂျာမနီနိုင်ငံတို့မှ ဧရာဝတီ၊ တနင်္သာရီ၊ မြိတ်တို့ကို SMEs လုပ်ငန်း ၁၀၀ ကို လုပ်ငန်း လည်ပတ်မှုပေါ် မူတည်၍ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် စက်မှုဝန်ကြီးဌာနအောက်ရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဆပ်ကော်မတီအနေဖြင့် အာဆီယံအပါအဝင် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ SMEs လုပ်ငန်းများ၏အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

SMEs လုပ်ငန်း လုပ်ကိုင်လျက်ရှိနေသူများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းအခက်အခဲများကို ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ် သာလမ်းသစ်၊ ဗဟန်းမြို့နယ်အမှတ်(၃၅ဘီ/၁၅)သို့လည်းကောင်း၊ e.mail:smecetre 35b@gmail.com သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရမှလည်း SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုက်တက်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေပြီး SMEs ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီမှ ကော်မတီခွဲ ကိုးခုဖြင့် SMEs လုပ်ငန်းပေါင်း ၁၀၀၀ ကျော်၏ အခက်အခဲများကို ကူညီပံ့ပိုးမှုများပြုလုပ်ပေးလျက်ရှိနေကြောင်း သတင်းရရှိသည်။

တင်မောင်ဦး

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၃)ရပ်ကွက် သာသနာ့မဏ္ဍိုင်ဓမ္မာရုံ တော်ကြီးအတွင်း၌ ဖေဖော်ဝါရီ ၂၁ ရက်နေ့ နံနက် ၉ နာရီကစတင်ကာ လှိုင်သာယာမြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ခံဒေါက်တာ ဒေါ်ခင်ရူပါစိုးကိုယ်တိုင် ကြပ်မတ်ဦးဆောင်ကာ ဒုတိယပတ် အစုလိုက်မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ ဆောင်ရွက်မှုကို ဦးဇော်မင်းဦး၊ ကျန်းမာရေးမှူး ကြီးကြပ်(၂)၊ ဒေါ်လှလှတင့်၊ မိခင်နှင့်ကလေးကာကွယ်စောင့်ရှောက်ရေး(ဥက္ကဋ္ဌ)ရပ်/ကျေးနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ရပ်ကွက်နေမိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ - မင်းထက်ပိုင်(လှိုင်သာယာ)

ပုဂံဒေသသို့ ဇန်နဝါရီလတွင်း ပြည်ပခရီးသည် လာရောက်မှု ယခင်နှစ်ထက် ငါးရာခိုင်နှုန်းပိုမိုလာ

ရန်ကုန်၊ ဖေဖော်ဝါရီလ ၂၃

မြန်မာနိုင်ငံတွင်းသို့ ပြည်ပခရီးသည်များ လာရောက်လည်ပတ်ရာတွင် စိတ်ဝင်စားမှုအများဆုံး ဒေသအဖြစ် သတ်မှတ်ခြင်းခံရသော ပုဂံမြို့သို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင်း ပြည်ပခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုသည် ယခင်နှစ် ဇန်နဝါရီလထက် ငါးရာခိုင်နှုန်း ပိုမိုလာခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

"အခုက နှစ်တိုင်းဆက်တိုက် တိုးတက်လာပါတယ်။ မနှစ်ကနဲ့ဒီနှစ် တစ်နှစ်လုံးနှိုင်းယှဉ်ရင် တစ်လချင်းစီ အနေနဲ့လည်း ရာခိုင်နှုန်းတိုးလာတာတွေ့ရပါတယ်၊ ယခုလက်ရှိ အနေအထားရဆိုရင်လည်း ဆက်ပြီး တိုးနေမယ့် သဘောပါပဲ" ဟု ပုဂံမြို့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဝေက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်း ဆက်သွယ်ရေး ယခင်ထက်ကောင်းမွန်လာခြင်း၊ လုံခြုံရေးအခြေအနေများ တည်ငြိမ်လာခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိလာခြင်းတို့ကြောင့် နိုင်ငံခြား ပြည်ပဧည့်သည်များ ပိုမိုလည်ပတ်လာကြသဖြင့် ပုဂံဒေသတွင် ယခင်နှစ်ဇန်နဝါရီလတွင် ၂၈၀၀၀ ကျော်ရှိရာမှ ယခုနှစ်တွင်မူ ၂၉၄၈၀ ထိ (ငါးရာခိုင်နှုန်း)တိုးမြင့်လာပြီး အများစုမှာ အမေရိကန်လူမျိုး၊ ဗြိတိသျှလူမျိုးနှင့် ထိုင်းလူမျိုးတို့ဖြစ်ကြောင်းသိရသည်။

"လာရောက်လည်ပတ်တဲ့ ပြည်ပဧည့်သည်တွေ များလာတော့ လူကြီးတွေကလည်း အစကတည်းက ကြိုတင်မျှော်မှန်းတွက်ဆပြီး ဟိုတယ်ဇုန်ဖော်ထုတ်ပြီး အခန်းအရေအတွက်လည်း တိုးချဲ့လာကြပါတယ်။ ဧည့်သည်များလာသလို အခန်းအရေအတွက်လည်း တိုးပွားလာလို့ သူ့ဟာနဲ့သူ လုံလောက်မှုရှိပါတယ်" ဟု ဦးတင့်ဝေက ဆက်လက်ပြောကြားသည်။

လက်ရှိ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကုန်ထိ ပုဂံဒေသတွင် ဟိုတယ် ၇၇ လုံး၊ အခန်းပေါင်း ၂၃၈၆ ခန်းရှိပြီး ၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံး ပြည်ပဧည့်သည် ဝင်ရောက်မှုမှာ ၁၉၆၃၆၉ ဦးရှိခဲ့ကာ ယခုလက်ရှိတွင်လည်း တစ်နေ့လျှင် ပျမ်းမျှ ၁၀၀၀ ကျော်ဝင် ရောက်နေကြောင်း သိရသည်။

စိုးအောင်ဖေ

ကသာမြို့မှ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှုပေး

မုံရွာ၊ ဖော်ဝါရီ ၂၃

ကသာမြို့ Wilmar အင်တာနေရှင်နယ်လီမိတက်၊ ဂရိတ်ဝေါစားသောက်ကုန်လုပ်ငန်းကုမ္ပဏီတို့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ အခမဲ့မျက်စိခွဲစိတ်ကုသ ပေးမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုလို အခမဲ့လာရောက် စမ်းသပ်၊ ကုသ၊ ခွဲစိတ်ပေးတာကို အရမ်းဝမ်းသာပြီး ကျေးဇူးတင်ပါတယ်၊ မျက်စိမကောင်းတော့ စိတ်သွားတိုင်းကိုယ်ကမပါဘူး၊ ခွဲစိတ်မယ်ဆိုတော့လည်း ငွေကြေးကိုင်နေတော့ မခွဲဖြစ်ဘူး၊ အခုဒီမှာ အခမဲ့ခွဲစိတ်ကုသပြီး သောက်ဆေးတွေ ပါ အခမဲ့ပေးတယ်ဆိုတော့ လာရောက်ကုသတာပါ၊ လူက ကျိုးနေတာက တော်သေးတယ် မမြင်ရလို့ကန်းနေ ရင် ဘာမှလုပ်လို့မရပါဘူး။ မျက်စိက အရေးကြီးဆုံးပါ၊ အားလုံးကို သာဓုခေါ်ပါတယ်လို့" မျက်စိဝေဒနာရှင်တစ်ဦးကပြောသည်။

Wilmar အင်တာနေရှင်နယ်လီမိတက်နှင့် ဂရိတ်ဝေါစားသောက်ကုန်ကုမ္ပဏီတို့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ ထီးချိုင့်မြို့နယ် မောင်းကုန်းဒေသမှ ဒေသခံမျက်စိဝေဒနာရှင် ၂၅၀၀ ဦးကို အခမဲ့ စမ်းသပ်စစ်ဆေးခြင်း၊ အသေးစား ခွဲစိတ်/ကုသခြင်း၊ ဆေးဝါးများအခမဲ့ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အကြီးစားခွဲစိတ်မည့် လူနာများအား ကုမ္ပဏီမှ မော်တော်ယာဉ်များဖြင့် ကသာမြို့ ကုတင် ၁၀၀ ဆံ့ ဆေးရုံသို့ အခမဲ့ခေါ်ယူခွဲစိတ်ပေးကြောင်းသိရသည်။

မျက်စိအခမဲ့ကုသခြင်း အလှူပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ၊ Wilmar အင်တာနေရှင်နယ်လီမိတက်၊ ဂရိတ်ဝေါစားသောက်ကုန်လုပ်ငန်းကုမ္ပဏီ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ မျက်စိဝေဒနာရှင်များ တက် ရောက်ကြသည်။ **ဖိုးချမ်း(မုံရွာ)**

ENGLISH
Conversation Practice

နားမကြားကလေးများ၏သင်ရိုးညွှန်း တန်းများ စီမံချက်ဖြင့် ဆောင်ရွက်မည်

မန္တလေး၊ ဖေဖော်ဝါရီ ၂၃

နားမကြားကလေးများ၏ ပညာရေး အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သင်ရိုးညွှန်းတန်းများ ရေးဆွဲနိုင်ရေးစီမံချက်တစ်ခု အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက နားမကြားသော ကလေးများ ကျောင်းသို့ ကျိုရှင်းကုမ္ပဏီမှ ၁၆ ကြိမ်မြောက် ဒေါ်လာ ၁၀၀၀၀ လှူဒါန်းပေးအပ်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးစိုးကြည်က ပြောကြားသည်။

နားမကြားကလေးများ၏ မူလတန်းအဆင့်အတွက်သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းမှာ အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး လက်ရှိတွင် မန္တလေးမြို့ နားမကြားသောကလေးများ ကျောင်းရှိကလေးများအတွက် မူလတန်းအဆင့် လက်သင်္ကေတပြ ဘာသာနှင့် သင်ရိုးညွှန်းတမ်း ရေးဆွဲနိုင်ရေးအတွက် ဂျပန်နိုင်ငံ၊ ကျိုရှင်းကုမ္ပဏီမှ လှူဒါန်းမှုများ ပြုလုပ်ထားကြောင်းလည်း ၎င်းက ပြောသည်။

"ကျိုရှင်းကုမ္ပဏီက အမေရိကန်ဒေါ်လာ တစ်သောင်းလှူဒါန်းခဲ့ပါတယ်။ ရန်ကုန်မြို့မှာလည်း နားမကြားသော ကလေးများကျောင်း တစ်ကျောင်း ထပ်မံဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်ထားတာကြောင့် ဒီသင်ရိုးညွှန်းတန်းဟာ နားမကြားကျောင်းအားလုံးရဲ့ ပညာသင်ကြားမှုမှာ အလွန်မှတန်ဖိုးရှိ အသုံးဝင်မှာဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သည့် နားမကြားကျောင်းတွင် အကြားအာရုံ ချို့တဲ့သည့် ကလေးများအား လက်သင်္ကေတပြ ဘာသာစကားနှင့် အသံထွက်လေ့ကျင့်မှုနည်းပညာ နှစ်မျိုးပေါင်းစပ်ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး နားမကြား ကျောင်း၌ မူလတန်းအဆင့်အား အထူးပညာရေးနှင့် သင်ကြားပေး လျက်ရှိကြောင်း ၎င်းကပြောသည်။

အကြားအာရုံ ချို့တဲ့သည့် ကလေးများ၏ ပညာရည်မြင့်မားရေးသည် ၎င်းတို့၏ အနာဂတ်အတွက်သာမက နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ရန်အတွက် အခြေခံ အုတ်မြစ်များဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ဇံကလည်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အတွင်း မသန်စွမ်းသူများသွားလာရေး လွယ်ကူစေရန် ကျုံးပတ်လည်နှင့် မဟာမြတ်မုနိဘုရားကြီးတွင် ဝီးလ်ချဲလမ်းများ ဆောက်လုပ်ထားရှိပြီး နှစ်အလိုက် ဧရိယာ တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အကြားအာရုံ ချို့တဲ့သူများအတွက် အထူးပညာရေးကျောင်းများ အနေဖြင့်ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နှစ်ကျောင်းသာ ဖွင့်လှစ်ထားနိုင်ပြီး ကျောင်းသား/သူ ၅၀၀ကျော်ကို လက်ခံသင်ကြားပေးလျက် ရှိသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကောက်ယူခဲ့သည့် အခြေခံမသန်စွမ်းမှု စစ်တမ်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်ပြီး ၎င်းတို့အနက် တစ်သိန်းလေးသောင်းသည် အကြား အာရုံချို့တဲ့သူများဖြစ်ပြီး အခြေခံပညာ သင်ယူသည့် အသက်အရွယ်ဖြစ်သော ၆ နှစ်မှ ၁၆ နှစ် အထိကလေးများမှာ သုံးသောင်းကျော်ခန့်ရှိကြောင်းသိရသည်။ **အောင်ရဲသွင်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၂၁ ရက်နေ့က ထိုင်းတော်ဝင် ရေတပ်အရာရှိလောင်းများ သွေးလှူဒါန်းနေစဉ်။

ရန်ကုန်ဆေးရုံကြီးတွင် ထိုင်းတော်ဝင်ရေတပ်အရာရှိလောင်း ၅၉ ဦး သွေးလှူဒါန်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၃

နှစ်နိုင်ငံကာကွယ်ရေးတပ်မတော်များ ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းတော်ဝင်ရေတပ်သင်္ဘောများမှ Captain Kasame ဦးစီးသောရေတပ်အရာရှိလောင်း စစ်သည် ၅၉ ဦးသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာနတွင် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်၊ ဒုတိယဆေးရုံအုပ်၊ သွေးလှူဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်၊ Royal Thai Embassy မှ သံအမတ်ကြီး Mr. Pisano Suvanajata နှင့်ဇနီး၊ စစ်သံမှူး၊ လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးလွင်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်သိန်းနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ကြသည်။ **အမျိုးသားသွေးဌာန၊ ရန်ကုန်**

သတင်းတို

BMW MOTOR RAD CLUP အဖွဲ့ မကွေးသို့ရောက်ရှိ

မလေးရှားနိုင်ငံသားများ မောင်းနှင်လာသော BMW R(1200)နှင့် F(800) ရောင်စုံဆိုင်ကယ် ၁၂ စီးပါဝင်သည့် BMW MOTOR RAD CLUP အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်က မကွေးမြို့သို့ ရောက်ရှိလာခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် မြဝတီသို့ စတင်ရောက်ရှိခဲ့၍ ၁၈ ရက်တွင် နေပြည်တော်သို့ဝင်ရောက်ခဲ့ရာ ၁၉ ရက်မှ ၂၀ ရက်အထိ ပုဂံဘုရားများသို့ လှည့်လည်ကြည့်ရှု၍ နှစ်ညအိပ်ခဲ့ပြီး မကွေးမြို့သို့ ၂၁ ရက်တွင်ရောက်ရှိခဲ့သည်။ မကွေးမြို့တွင် ခေတ္တအနားယူပြီး ပြည်မြို့မှတစ်ဆင့် ထွက်ခွာပြီး မြဝတီမြို့သို့ ၂၅ ရက်နေ့ အရောက် ခရီးဆက် မောင်းနှင်သွားကြမည်ဖြစ်ကြောင်းသိရသည်။ **ပိုင်ဇေ(မကွေး)**

လှိုင်သာယာတွင် သန်းခေါင်စာရင်းကောက်ယူရေး ဆွေးနွေးပွဲများကျင်းပ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၃) ရပ်ကွက်၊ သာသနာ့မဏ္ဍိုင်ဓမ္မာရုံတော်ကြီး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့်စပ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို ယခုလ ၂၁ ရက်နေ့ ၁၁ နာရီကကျင်းပခဲ့သည်။

ထို့ပြင် တစ်အိမ်တက်ဆင်း မျက်မြင်အခြေအနေဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၌ ဥပဒေသများနှင့် အကာအကွယ်ပေးထားမှု၊ သန်းခေါင်စာရင်း ကောက်ယူခြင်း၌ ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် စပ်စံထွန်းလမ်းမကြီးရှိ အောင်သုခဓမ္မာရုံအတွင်း၌ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲမှစတင်၍ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဟောပြောပွဲကျင်းပခဲ့ပြီး ဟောပြောပွဲတွင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးထိန်လင်းက အမှတ်(၉)ရပ်ကွက်အတွင်းရှိဒေသခံပြည်သူများကို အနှစ် ၃၀ တိုင်အထိ အခြေအနေအရပ်ရပ်ကြောင့် သန်းခေါင်စာရင်းတိကျစွာ ပြုစုနိုင်ခြင်း မရှိခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အဖွဲ့အစည်းတို့၏ ဘက်စုံထောင့်စုံ အဖက်ဖက်မှ ပံ့ပိုးကူညီမှုများနှင့် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ ၁၂ ရက် တိုင်တိုင် အိမ်တိုင်ယာရောက် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းစစ်တမ်းပြုလုပ်ရာ၌ အဓိကကျသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့် မေးခွန်း ၄၁ ချက်နှင့်အညီ ဒေသခံပြည်သူ ၄၅၀ ခန့်နှင့် ဆွေးနွေးခဲ့သည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**









တတိယအကြိမ် အလင်္ကာစာပေဆုပေးပွဲ အခမ်းအနားကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၃

တတိယအကြိမ် အလင်္ကာ စာပေ ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁) လမ်း၊ (၈၄) လမ်းနှင့် (၈၅) လမ်းကြား ဓမ္မသာယာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆုပေးပွဲသို့ မန္တလေးမြို့ရှိ သတင်းစာ၊ ဂျာနယ်တိုက်များမှ စာတည်းများ၊ သတင်းထောက်များ၊ စာပေအနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး အလင်္ကာစာအုပ်တိုက်ပိုင်ရှင် ဦးပုညဆွေကစာပေလောကတွင်တစ်နှစ်တာအတွင်း ထုတ်ဝေဖြန့်ချိပြီး စာဖတ်သူအကြိုက်ဆုံးနှင့် လူထုကို အသိပညာဗဟုသုတအပေးနိုင်ဆုံး စာအုပ်ကို အလင်္ကာစာပေဆု ၂၀၁၃အဖြစ် ရွေးချယ်ကြောင်း၊ ယခုနှစ်တွင် အလင်္ကာစာပေ ဆုရွေးချယ်ရေးအဖွဲ့က ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောရေးသည့် "ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့"စာအုပ်ကို ရွေးချယ်ခဲ့ကြောင်း ရှင်းပြသည်။

စာရေးဆရာညီစေမင်းက စာရေးသူ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ အတ္ထုပ္ပတ္တိနှင့် နိုင်ငံအတွက် ဆောင်ရွက်ချက်အကျဉ်းကို ရှင်းပြပြီး ဦးပုညဆွေက အလင်္ကာစာပေဆုကို ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောမိသားစု ကိုယ်စားဦးရန်ကျော် ထံပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းစာပေဆုကို ရာပြည့်မန္တလေးစာအုပ်ဆိုင်တည်ထောင်ခြင်း၊ ရှစ်နှစ်ပြည့်နှင့် အလင်္ကာစာပေတည်ထောင်ခြင်း အထိမ်းအမှတ်အဖြစ် ချီးမြှင့်ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က စတင်ချီးမြှင့်ခဲ့ရာအလင်္ကာစာပေဆု(၂၀၁၁)ကို စာရေးဆရာစုံရေးသားသည့် အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော်စာအုပ်၊ အလင်္ကာစာပေဆု(၂၀၁၂)ကို မသီတာ(စမ်းချောင်း) ၏ စမ်းချောင်း၊ အင်းစိန်ဟားဖက် စာအုပ်တို့ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)



ပြည်သူထုထု အကျိုးပြု ထန်းပင်ပျိုရေထိန်းတံခါး

ကျိုက်လတ် ဖေဖော်ဝါရီ ၂၃

ထန်းပင်ပျို ရေထိန်းတံခါးသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ သမက်ပြေချောင်းပေါ်တွင် တည်ဆောက်ထားသောရေထိန်းတံခါးတစ်ခုဖြစ်သည်။ ယင်းရေထိန်းတံခါးကို ၁၉၈၂ ခုနှစ်တွင် (စပါး-၂)စီမံကိန်းမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အရွယ်အစားမှာ (၈ပေ × ၈ပေ) (၂၁)ပေါက် R/C ကွန်ကရစ်အမျိုးအစားဖြစ်ပါပြီး ရေနုတ်မြောင်းအလျားမှာ ၂၄ ဒသမ ၅ မိုင်ရှည်ပြီး အကျိုးပြုဧရိယာဧက ၁၅၀၀၀ဖြစ်ပါသည်။

စီမံကိန်းကာလအတွင်း ပင်မရေထိန်းတံခါးတည်ဆောက်ခြင်း၊ လှေဝင်/လှေထွက် ရေတံခါးငယ် (Log gate) တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းမကြီးနှင့် လက်တံမြောင်းများတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါရေထိန်းတံခါးအား ဖျာပုံခရိုင်ဆည်မြောင်းဦးစီးဌာနလက်အောက်ရှိ ဦးစီးမှူးရုံး(ကျိုက်လတ်)မှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထန်းပင်ပျို ရေထိန်းတံခါးသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်လာသည်နှင့်အမျှ ရေတံခါးပေါ်ရှိ လျှောက်လမ်းကြမ်းခင်းများ ပျက်စီးခြင်း၊ ရေတံခါးရွက်များ ချွတ်ယွင်းခြင်း၊ အရောင်လွင့်ခြင်း၊ သံချေးတက်ခြင်း၊ ရေတံခါးအထွက်မြောင်းနှင့် ရေနုတ်မြောင်းများ ဘေးဆလံနှင့် ကြမ်းခင်းတို့တွင်ရေတိုက်စားခြင်းများ ဖြစ်ပေါ်လာသဖြင့်လျှောက်လမ်းကြမ်းခင်းများ ပြုပြင်ခြင်း၊ ရေတံခါးရွက်များ ပြင်ဆင်ခြင်း၊ ထုံးသုတ်ဆေးသုတ်ခြင်း၊ မြေကာနံရံနှင့်မြေထိန်းနံရံများပုံစံကျ ပြုပြင်ပေးခြင်းများ ၂၀၁၁- ၂၀၁၂ ခုနှစ်အတွင်းကပြုပြင် ဆောင်ရွက်ပေးခဲ့သဖြင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးရေရရှိရန်အောင် ရေထိန်းပေးပြီး မိုးရာသီတွင် ပိုလျှံရေများ ထုတ်ပေးခြင်းဖြင့် ဒေသသီးနှံ အထွက်နှုန်းများလည်း များစွာတိုးတက် လာခဲ့ပါသည်။ ယင်းရေထိန်းတံခါးအား အကြောင်းပြု၍ကျိုက်လတ်မြို့နယ် သည် မိုးစပါးစံပြမြို့နယ်အဖြစ် ရွေးချယ် ခံရရုံမျှမက ယခုအခါနွေစပါးများလည်း ကွင်းလုံးပြည့်နီးပါး စိုက်ပျိုးလာနိုင်ခဲ့၍ ဒေသခံများ ဝမ်းမြောက်ကြည်နူးလျက်ရှိကြသည်။

ထိုရေတံခါးကိုကျိုက်လတ်မြို့နယ်၊ သုံးခွကျွန်းတာမိုင် (၄၃/၃)သမက်ပြေကျေးရွာတွင်တည်ဆောက်ထားခြင်းဖြစ်ကာသမက်ပြေကျေးရွာအုပ်စု၊ အုန်းပင်စုကျေးရွာအုပ်စု၊ အစုကြီးကျေးရွာအုပ်စု၊ တမံကြီးကျေးရွာအုပ်စု၊ ဆားဖိုသိုင်းချောင်းကျေးရွာအုပ်စု၊ အဟူးကျေးရွာအုပ်စုများအတွက်စိုက်ပျိုးရေ (အောင်ရေ)ထိန်းပေးထားသဖြင့်ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သွားလာဆက်သွယ်ရေးကဏ္ဍများ ယခင်ကာလများ ထက်များစွာတိုးတက်လာသဖြင့် အမှန်တကယ်ပြည်သူလူထု အကျိုးပြုသော ရေထိန်းတံခါး တစ်ခုဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက် ရပါသည်။

သပြေထွန်း

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မီးပွိုင့်များတပ်ဆင်

နွားထိုးကြီး ဖေဖော်ဝါရီ ၂၃

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် နွားထိုးကြီးမြို့၏ အဓိကနေရာသုံးနေရာတွင် မီးပွိုင့်ခြောက်ခုကို ဖေဖော်ဝါရီ ၂၀ ရက်က မန္တလေးမှ ကွင်းဆင်းတပ်ဆင်ပေးသည်။ ယခုတပ်ဆင်ပေးသော မီးပွိုင့်မှာ ယာဉ်အရှိန်လျှော့ရန်အတွက် နေရောင်ခြည် သုံးလေဆာမီးပွိုင့်ဖြစ်သည်။ မီးဝါဖြင့် ယာဉ်မောင်းကို အရှိန်လျှော့ရန် အချက်ပေးခြင်းဖြစ်သည်။

မန္တလေးမှ နွားထိုးကြီးကို သီးသန့်လာရောက်တပ်ဆင်ခြင်းဖြစ်ကြောင်း တပ်ဆင်သူကပြောသည်။ မြို့မအထကခွဲရှိ ဈေးလမ်း တစ်နေရာ၊ လျှပ်စစ်ရုံးရှေ့ လမ်းဆုံတစ်နေရာ၊ အထကကျောင်းရှေ့ တစ်နေရာတို့တွင်တပ်ဆင်ထားကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

နည်းပညာတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူ

မန္တလေး ဖေဖော်ဝါရီ ၂၃

နည်းပညာတက္ကသိုလ် (မန္တလေး)၏ (၁၁) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က အဆိုပါ တက္ကသိုလ်ပင်မကျောင်းဆောင်၌ ပြုလုပ်ရာ ကျောင်းသူ ကျောင်းသားက သွေးအိတ် ၃၅၀ လှူဒါန်းကြောင်း သိရသည်။ သွေးလှူဒါန်းခြင်းကို နံနက် ၉ နာရီမှ စတင်ကာ စတင်ခဲ့ပြီး မွန်းလွဲ ၁ နာရီကျော်ထိ စုပေါင်းသွေးလှူဒါန်းကြရာ ရရှိသော သွေးအိတ်များကို နည်းပညာတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခ ဦးတင်လေးမောင်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်သို့ ပေးအပ်လှူဒါန်းခဲ့သည်။

သွေးလှူဒါန်းရာသို့ အမျိုးသားသွေးလှူဘဏ်မှ ဒေါက်တာခင်မြမွန်နှင့် အဖွဲ့က ရွေ့လျားသွေးလှူဘဏ်ကားဖြင့် လာရောက်အလှူခံပေးခဲ့ပြီး သွေးလှူဒါန်းခြင်းအတွက် ဂုဏ်ပြုလက်မှတ်ပြန်လည်ပေးအပ်ခဲ့သည်။

နည်းပညာတက္ကသိုလ် (မန္တလေး) လူမှုရေးအသင်းမှ တစ်နှစ်လျှင် နှစ်ကြိမ် စုပေါင်းသွေးလှူဒါန်းကြောင်း နည်းပညာတက္ကသိုလ် (မန္တလေး) လူမှုရေးအသင်း ဥက္ကဋ္ဌ ကိုသွန်းခစိုးက ပြောသည်။ စုပေါင်း သွေးလှူဒါန်းမှုမှာ ခြောက်နှစ်တာကာလသို့တိုင်ရောက်ရှိခဲ့ပြီး (၁၁) ကြိမ်မြောက်ထိ သွေးလှူဒါန်းမှု အပါအဝင် စုစုပေါင်း သွေးအိတ်ပေါင်း ၃၃၀၀ ကျော် လှူဒါန်းနိုင်ခဲ့ပြီး ဖြစ်သည်။

၀၀၂






ချိန်ခါမဟုတ်မိုးကြောင့် ဆောင်းသီးနှံပဲယဉ်းစိုက်ခင်းများ အထွက်နှုန်းတိုးနိုင်

မတ္တရာ ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၁၇ရက်က ချိန်ခါမဟုတ်ရွာသွန်းခဲ့သည့် မိုးကြောင့် အချို့သော စီးပွားရေးလုပ်ငန်းများအတွက် အခက်အခဲများကြုံတွေ့ကြရသည်ဟု ဆိုနိုင်သော်လည်း မိုးကို အဓိက အားကိုးအားထားပြု၍ လုပ်ကိုင်ဆောင်ရွက်ကြရသည့် ဆောင်းသီးနှံစိုက်ပျိုးရေးတွင်မူ များစွာ အထောက်အကူဖြစ်ကြောင်း တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။ ယခုအချိန်တွင် ဆောင်းသီးနှံအဖြစ် မြေပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ နေကြာစသည့်သီးနှံများကို စိုက်ပျိုးထားလျက်ရှိရာ ချိန်ခါမဟုတ်ရွာသွန်းခဲ့သည့် မိုးကြောင့် နောက်ပိုင်း ရေဓာတ်လိုအပ်မှုရှိနေသည့် သီးနှံများအတွက် များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း၊ မိုးကြောင့် စိုက်ပျိုးသီးနှံပင်များ၏ အပွင့်ကျန်၊ အသီးကျန်များကို အောင်မြင်ဖြစ်ထွန်းစေသည့်အတွက် ကောင်းမွန်မှုရှိကြောင်း သိရကြသည်။

"အခု ပဲယဉ်းတွေ စိုက်ပျိုးထားတယ်။ ရာသီဥတုက တဖြည်းဖြည်း ပူပြင်းစပြုလာတော့ အပွင့်ကျန်တွေ၊ အသီးနုတွေ ရေဓာတ်လိုပြီး မအောင်တာမျိုး ဖြစ်တတ်တယ်။ မိုးမရွာရင် အပွင့်ကျန်တွေက ခြောက်သွေ့ကုန်မယ်။ အသီးနုတွေက အစေ့အဆန် မအောင်ဖြစ်မယ်။ အခုရာသီမဟုတ်ဘဲ မိုးလေးရွာသွန်းလိုက်တော့ ပဲခင်းတွေ အဆင်ပြေသွားတယ်။ မြေပဲခင်းတွေလည်း ဥသိမ်ဥလေ နည်းသွားမယ်။ အစေ့အဆန်အောင်တော့မယ်။ အထွက်နှုန်းပိုလာဖို့ရှိတယ်"ဟု မတ္တရာမြို့နယ် ရှင်လှတောင်ရွာမှ ပဲယဉ်းစိုက်ပျိုးသူ တောင်သူ ဦးထွန်းတင်က ပြောပြသည်။

မတ္တရာမြို့နယ်မှ ဧရာဝတီမြစ်ရေဝင်မြေနုကျွန်းများနှင့် မြေနုကိုင်းကျေးရွာများတွင် ရေအစိုဓာတ်ကောင်းမွန်သည့် မြေများတွင်မြေပဲ၊ ဖူးစားပြောင်းတို့ကို ဦးစားပေးစိုက်ပျိုးကြပြီး ကုန်းပိုင်းကျသည့် မြေများတွင် ပဲယဉ်း၊ ပဲပုတ်၊ စားတော်ပဲတို့ကို အဓိကစိုက်ပျိုးကြကြောင်း၊ မတ္တရာမြို့နယ်အနောက်ပိုင်းမှ ပိုဝ၊ ဥဒိန်၊ ရှင်လှ၊ တောပု၊ ပျဉ်ကာ၊ သူရဲဇက်၊ မာယာဘင်၊မြစ်တိမ်၊ ရွာတော်ကြီး၊ ရွာတော်လေး၊ တောင်ကိုင်း၊ ဟသ်ာ ရွာသစ်၊ ဟသ်ာကုန်း၊ ရွှေဘိုးကြီး၊ သဖန်းဒေါင့်၊ ငယ်တိုး၊ ထန်းခြောက်ပင်စသည့်ကျေးရွာအုပ်စုများတွင် ပဲယဉ်းကို စိုက်ပျိုးကြကြောင်းသိရသည်။ ပဲယဉ်းကို သီတင်းကျွတ်လဆန်းပိုင်းမှစတင်၍ စိုက်ပျိုးကြရပြီး တပေါင်းလပြည့်ဝန်းကျင်တွင် ရိတ်သိမ်းကြရသည်။ ပဲယဉ်းသည် သီးနှံထွက်နှုန်းကောင်းမွန်ပြီး တစ်ဧကလျှင် တင်း ၂၀မှ တင်း ၃၀အထိ ထွက်လေ့ရှိကြောင်း၊ တောင်သူများအတွက် တွက်ခြေကိုက်သည့် သီးနှံဖြစ်ပြီး တစ်တင်းလျှင် ကျပ်နှစ်သောင်းဝန်းကျင် ဈေးရရှိကြကြောင်း သိရသည်။ ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်အတွင်း ချိန်ခါမဟုတ်မိုးရွာသွန်းမှုကြောင့် ပဲယဉ်းစိုက်ပျိုးသည့် တောင်သူများအတွက် အထွက်နှုန်းကောင်းမွန်မည့် အလားအလာဖြစ်ကြောင်း ပဲယဉ်းစိုက် ပျိုးသည့်တောင်သူများက ပြောပြကြသည်။

နန္ဒာမင်းလွင်

သတင်းတို

သန်းခေါင်စာရင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်

လမ်းမတော် ဖေဖော်ဝါရီ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်က မြို့နယ်အတွင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကြောင်း မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သန်းခေါင်စာရင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရွှေတိုင်လွင်

တောင်သူလုပ်ငန်းနားချိန်တွင် ငရုတ်သီးခြွေခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

သာစည် ဖေဖော်ဝါရီ ၂၃

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများမှာ တောင်သူလုပ်ငန်းနားချိန်တွင် ငရုတ်ခြွေခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

"တစ်နေ့ကို ငရုတ်ခြွေတဲ့သူ ၁၅၀ ခန့်ရှိပါတယ်။ အများစုကတော့ အမျိုးသမီးတွေသူဖြစ်ပြီးသူတို့တောင်သူလုပ်ငန်းနားတဲ့အချိန်မှာ မိသားစုစားဝတ်နေရေး အထောက်အကူဖြစ်စေတာပေ့ါ။ ကုလားပဲစိုက်ပျိုးတာ နောက်ကျတဲ့သူလောက်ပဲ ကုလားပဲသိမ်းဖို့ ကျန်တော့တာ။ ကျန်တဲ့ တောင်သူတွေကတော့ လုပ်ငန်းသိမ်းပြီးသလောက်ဖြစ်နေပြီ။ အားလုံးတောင်သူလုပ်ငန်းပြီးတဲ့ အချိန်ဆိုငရုတ်ခြွေသူ ၂၀၀ အထိ ရှိပါတယ်။ ငရုတ်ခြွေတဲ့သူ တစ်ယောက်ဆိုရင် တစ်နေ့ ၁၀ ပိဿာလောက်ခြွေနိုင်တယ်။ တစ်ပိဿာ ခြွေခ ၂၀၀ ကျပ်ဆိုတော့ တစ်နေ့ကို ၂၀၀၀ ကျပ်လောက်ဝင်ငွေရှိတယ်။ ကျွန်တော်က မြို့ပေါ်ပွဲရုံတွေကနေ ငရုတ်တွေ ရွာကိုသယ်လာပြီး ခြွေခိုင်းတာပါ။ ခြွေပြီးသား ငရုတ်တွေကို ပွဲရုံပြန်ပို့တဲ့အခါမှာ ကျွန်တော့်အတွက် သယ်ယူပို့ ဆောင်ခ သပ်သပ်ရပါတယ်။ ဒီအလုပ်က ရွာကလူတွေလည်း တောင်သူနားတဲ့အချိန်မှာ နေ့စဉ် ဝင်ငွေရှိတော့ အပိုဝင်ငွေရှိပြီး တောင်သူလုပ်ငန်းပြန်ဝင်ချိန်မှာ သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်" ဟု သမန်းကျားကျေးရွာမှ ငရုတ်သယ်ပို့လုပ်ငန်းလုပ်ကိုင်သူ ကိုကျော်တင့် က ပြောသည်။

ထွန်းထွန်း(သာစည်)

ဆန်သစ်ပေါ်ဈေးကောင်းရသဖြင့် မိုးစပါးချေးငွေပြန်လည်ပေးဆပ်ကြပြီ

ဖြူး ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၇၃ အုပ်စုတို့မှ တောင်သူလယ်သမားများက ၂၀၁၂ - ၂၀၁၃ ခုနှစ် မိုးစပါးစိုက်ဧက ၁၅၃၄၂၆ ဧက စိုက်ပျိုးခဲ့ကြရာ ယခုအချိန်တွင် မြို့နယ်လုံးကျွတ် မိုးစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းခြွေလှေ့ပြီးစီးသွားပြီဖြစ်ရာ ယခုနှစ် မိုးစပါးများအထွက်ကောင်းခဲ့ကြောင်းသိရသည်။

ယခုနှစ်တွင် မိုးစပါးများအထွက်ကောင်းခဲ့သလို ဆန်ဈေးနှုန်းမှာလည်း ဈေးကောင်းရသဖြင့် တောင်သူ လယ်သမားများအဆင်ပြေပြီး ဝင်ငွေကောင်းလျက်ရှိကြသည်။ "ဒီနှစ်ကတော့ ကျုပ်တို့လယ်သမားတွေ အဆင်ပြေတဲ့နှစ်လို့ ပြောရမှာပါ။ မနှစ်က ဆန်ဈေးက ဒီလိုအချိန်မှာ မနောသုခ ၊ ဆင်းသုခ၊ ပျော့ထွန်း၊ ပုလဲသွယ် ၊ သုခ (၂)၊ ဧရာမင်းစတဲ့ ကောက်ငယ်ဆန်များကို တစ်တင်း ကျပ် ၁၂၅၀၀ မှ ၁၃၀၀၀ ဈေးသာရောင်းချခဲ့ရလို့ ဈေးမကောင်းခဲ့ပါဘူး။ ယခုနှစ်ကျတော့ ကောက်သစ်ပေါ်ပေါ်ချင်း ကောက်ငယ် ဆန်တစ်တင်းကို ကျပ် ၁၄၅၀၀ မှ ၁၅၀၀၀အထိ ဈေးကောင်းနဲ့ ရောင်းချနေကြရပါတယ်။ ဒါကြောင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ချေးထားတဲ့ ချေးငွေတွေကို ယမန်နှစ်ကထက် အချိန်စောပြီး ပြန်ဆပ်ပေးနေကြပါပြီ၊ နိုင်ငံတော်အစိုးရက မိုးစပါးစိုက်ပျိုး စရိတ်ချေးငွေကိုလည်း တစ်ဧကကျပ်တစ်သိန်းနှုန်း တိုးမြှင့်ချေးပေးတဲ့အတွက် စိုက်ပျိုးသူ ကျွန်တော်တို့တောင်သူလယ်သမားတွေက နိုင်ငံတော်အစိုးရကို အထူးဝမ်းသာ ကျေးဇူးတင်နေကြပါတယ်" ဟု ဖြူးမြို့ အနောက်ဘက် ကျွန်းကုန်းရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။

ဖြူးမြင့်ဦး

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ




နှစ်ပေါင်း ၂၂၀ကျော်က ကြေးခေါင်းလောင်းကြီး ဝမ်းတွင်းမြို့နယ်ဉာဏ်ကန်ကျေးရွာတွင် ထိန်းသိမ်းထားရှိ

မိတ္ထီလာ ဖေဖော်ဝါရီ ၂၃

လွန်ခဲ့သောနှစ်ပေါင်း ၂၂၀ ကျော်က ကြေးခေါင်းလောင်းကြီးအား မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဉာဏ်ကန်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ထိန်းသိမ်း စောင့်ရှောက်ထားရှိကြောင်း အဆိုပါကျောင်းဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၏ မိန့်ကြားချက် အရသိရသည်။

"ဒီခေါင်းလောင်းကြီးကို ဉာဏ်ကန်ကျေးရွာ တောင်ဘက်ကပ်လျက်ရှိ ရှောက်တောကျေးရွာအနီးမှာ တည်ထားကိုးကွယ်ထားတဲ့ ကြေးဝါစေတီမြတ်ပရိဝုဏ်ကနေ ရွှေ့ပြောင်းထိန်းသိမ်းထားရှိတာဖြစ်ပါတယ်။ ခေတ်ကာလအရ ခေါင်းလောင်းကြီး မပျောက်ပျက်အောင် ဒီလို ထိန်းသိမ်းထားရှိတာဖြစ်ပါတယ်။ ကြေးဝါစေတီတော်မြတ်ကို အမရပူရ ပထမမြို့တည်မင်းဘိုးတော်မင်းတရားကြီးနဲ့ သားတော် အိမ်ရှေ့မဟာဥပရာဇာတို့ ကိုးကွယ်တော်မူတဲ့ ဝံသာလင်္ကာရသဒ္ဓမ္မာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် မုံတောဆရာတော်က ဒေသပြည်သူတွေနဲ့အတူ စုပေါင်းတည်ထားခဲ့တယ်။ အဲဒီနောက်စေတီတော်မြတ်တည်ထားကိုးကွယ်ပြီး လေးနှစ်ခန့်အကြာမှာ စေတီတော်အနီး ခေါင်းလောင်းတော်ကြီးတစ်ခု ကောင်းမှုပြုလိုတဲ့ ဆန္ဒရှိတာကြောင့် မျက်နှာဝ ၁၈ လက်သစ်၊ လုံးပတ် ၄၁ လက်သစ်၊ ဇောက်(အမြင့်) ၁၁၂ လက်သစ်၊ ဒု ၄ လက်သစ်ရှိပြီး ကြေးပိဿာချိန် ၂၀၀ ရှိသော ခေါင်းလောင်းကြီးပြုလုပ်တယ်။ မြန်မာသက္ကရာဇ် ၁၁၅၂ ခုနှစ် ကဆုန်လဆန်း ၁၂ ရက်နေ့မှာ ခေါင်းလောင်းတော်ကြီးကို လှူဒါန်းတော်မူခဲ့တယ်။ ခေါင်းလောင်းစာမှာလည်း လှူဒါန်းတဲ့အချိန်ကာလ၊ လှူဒါန်းရတဲ့ အကြောင်းအရာတို့နဲ့အတူ ခေါင်းလောင်းကြီးရဲ့ အရွယ်အစား အလေးအချိန်ကိုလည်း ရေးထိုးထားတဲ့အပြင် မုံတောဆရာတော်က ဒီကောင်းမှု အလှူဒါနကို အကြောင်းပြု ဘုရားဆုပန်တယ်။ပြီးတော့၁၁ ဘုံသတ္တဝါတွေကိုလည်း ကုသိုလ်အမျှ ရပါစေလို့ ရေးထိုးထားတာတွေ့ရတယ်။ ခုဆို ခေါင်းလောင်းကြီးသက်တမ်းကလည်း နှစ်ပေါင်း ၂၂၀ ကျော်ခဲ့ပြီး တိတိကျကျဆိုရရင် ၂၂၃ နှစ်ထဲရောက်နေပါပြီ" ဟုဆရာတော်က မိန့်သည်။

ကြေးခေါင်းလောင်းကြီး၏ ဆွဲကွင်းတွင် ရှေးဆန်သော ခြင်္သေ့နှစ်ကောင် နောက်ကျောပေးမျက်နှာလှည့်ထားပြီး ၎င်းအောက်တွင် ပလ္လင်လည်ရစ်နှင့် ကြာမှောက်များကိုခေါင်းလောင်းကြီးပတ်လည်တွင်တွေ့ရပြီး ခေါင်းလောင်းစာကိုလည်း ပေစာ၊ပရပိုဒ်စာများ အသွင်ပုံဖော်ပြီးရေးထိုးထားကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

နဂါးမောက်သီး စမ်းသပ်စိုက်ပျိုးအောင်မြင်

မြင်းခြံ ဖေဖော်ဝါရီ ၂၃

ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ စီးပွားဖြစ်စိုက်ပျိုးသော ပြည်ပဈေးကွက်ဝင် နဂါးမောက်သီးပင်ကို မြန်မာနိုင်ငံအလယ်ပိုင်း နွားထိုးကြီး မြို့နယ်ပြင်စည်ရွာ၊ ကန်နားရွာတို့သာမက မြို့ပေါ် ရပ်ကွက်များတွင် တစ်နိုင်တစ်ပိုင် စမ်းသပ်စိုက်ပျိုးရာမှ အောင်မြင်လာသဖြင့် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်းသိရသည်။

နဂါးမောက်သီးတစ်လုံးလျှင် ကျပ်ငါးရာ၊ ကျပ်ခုနစ်ရာမှ ကျပ်တစ်ထောင်အထိ အရွယ်အစားအလိုက် ဈေးကောင်းရလာသည့်အပြင် စားသုံးသူတို့ အကြိုက်တွေ့လာသဖြင့် အညာဒေသတွင် စီးပွားဖြစ်စိုက်ပျိုးလာခြင်းဖြစ်သည်။ ယခုအခါ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပုပ္ပားဒေသတို့တွင် စီးပွားဖြစ်အောင်မြင်စွာ စိုက်ပျိုးနေကြောင်းသိရသည်။ နဂါးမောက်သီးစားသုံးခြင်းကြောင့် အူမကြီးကင်ဆာ၊ ဆီးချိုရောဂါတို့အတွက် ဆေးဖက်ဝင်သည့်အပြင် အသားအရည်လှပခြင်း၊ ကိုလက်စထရောကျဆင်းခြင်းစသည်တို့ကြောင့် စားသုံးသူများသော်လည်း အခြေခံလူတန်းစားများထက် ငွေကြေးတတ်နိုင်သူများက ပိုမိုဝယ်ယူစားသုံးကြသည်။

နဂါးမောက်သီးတွင် အဖြူ၊ အနီ၊ အဝါ သုံးမျိုးရှိရာတွင် အဖြူရောင်သည် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။ နွားထိုးကြီးမြို့နယ်တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများရှိသကဲ့သို့ ပေါင်စနစ်ဖြင့် ဧကအလိုက်စီးပွားဖြစ်စိုက်ပျိုးသူများ ရှိလာသည်။ နဂါးမောက်သီးပင် ပျိုးပင်တစ်ပင်လျှင် ကျပ် ၁၅၀၀မှ ကျပ် ၂၀၀၀ ဈေးနှုန်းဖြင့် ဝယ်ယူစိုက်ပျိုးကြပြီး အညာတွင် လာမည့်ကာလများ၌ နဂါးမောက်သီး လှိုင်လှိုင်ထွက်လာမည်ဟု စီးပွားဖြစ် စိုက်ပျိုးသူ ဦးမြင့်သိန်းက ပြောသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

သတင်းတို

စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်လျက်ရှိ

ထီးလင်း ဖေဖော်ဝါရီ ၂၃

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများထံ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ငွေကျပ် သိန်း ၇၀၀၀ ကျော် ထုတ်ချေးပေးခဲ့ရာ ဖေဖော်ဝါရီ ၁၇ ရက်ထိ ကာလတွင် ငွေကျပ် သိန်း ၄၀၀၀ ကျော် ပြန်လည်ပေးဆပ်ပြီးဖြစ်သည်ဟု သိရသည်။ ထို့သို့ ပေးဆပ်ရာတွင် ကျေးရွာအုပ်စု ၁၁ အုပ်စု အပြေအကျေပေးဆပ်ပြီးဖြစ်ကြောင်းနှင့် ကျန်ကျေးရွာများသည်လည်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ လာရောက်ပေးဆပ်လျက်ရှိကြောင်း သိရသည်။

(၄၆၅)

ယာဉ်မောင်းများအား ရှောင်တခင်စစ်ဆေး

နွားထိုးကြီး ဖေဖော်ဝါရီ ၂၃

နွားထိုးကြီးမြို့တွင်း ဆိုင်ကယ်များစည်းကမ်းလိုက်နာရေးအတွက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများဖမ်းဆီးရုံးတင်နေရာ ဖေဖော်ဝါရီ ၁၉ ရက်က ဆိုင်ကယ်မောင်း စည်းကမ်းမလိုက်နာသူ ၁၁ ဦးကို စစ်ဆေးချိန် တစ်နာရီတွင်းဖမ်းမိသည်။ တစ်စီး ကျပ်၁၅၀၀ နှုန်းဖြင့် မြို့နယ်တရားရုံးက ဒဏ်ရိုက်လိုက်သည်။ အလားတူ မြင်းခြံမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း ကားလိုင်စင်၊ လူလိုင်စင်၊ လုပ်ငန်းလိုင်စင် စစ်ဆေးမှုကို ဖေဖော်ဝါရီ ၁၈ရက်က မြင်းခြံ-မန္တလေးကားလမ်း မြင်းခြံမြို့အဝင် မြို့အရှေ့တွင် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ကြသည်။

ဌေးမြင့်မောင်

နွားထိုးကြီး၌ ဖရဲသီးများ ဈေးကျ

နွားထိုးကြီး ဖေဖော်ဝါရီ ၂၃

တရုတ်နှစ်သစ်ကူးအပြီး နယ်စပ်တွင် ဖရဲသီးဈေးကျ၍ အညာတွင်ဖရဲသီးလှိုင်စပြုလာသည်။ ထိပ်စဖရဲသီးတစ်လုံး ငွေကျပ် ၂၀၀၀ ရှိပြီး ပုံမှန်မှာ ငွေကျပ် ၈၀၀၊ ၁၀၀၀ နှင့် အလုံးသေးများမှာ ငွေကျပ် ၅၀၀ ထိဈေးအေးနေသည်။ နွေဦးပေါက်နှင့်အပြိုင် နွားထိုးကြီး၊ မြင်းခြံဈေးကွက်တွင် ဖရဲသီးပြန်လည်တွေ့နေရသည်။ ဖရဲသီးဈေးကောင်းစဉ်က တရုတ်ဈေးကွက်သို့ အလုံးအရင်းဖြင့် တင်ပို့နေ၍ ပြည်တွင်းဈေးကွက်မရှိဘဲ ဖရဲသီးကိုမြင်လျက် ဝယ်မရဟုဆိုသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

သီပေါ ဖေဖော်ဝါရီ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်းမရှိစေရန် ကျေးရွာကို ကျေးရွာချင်း၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်ရေး လွယ်ကူချောမွေ့ရေးအတွက် ကျေးလက်ဒေသများတွင် လိုအပ်လျက်ရှိသော ချောင်းကူးတံတားများ၊ လမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စု နားလွယ်၊ ဖာဖိတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စံဖိတ်ကျေးရွာအုပ်စု နားလွယ်၊ ဖာဖိတ်လစ်မှာ တစ်မိုင်အရှည်ရှိ ကတ္တရာလမ်းကို မြန်မာ့ရတနာ ရွှေခေတ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ငွေကျပ် ၇၁၅ သိန်း ကုန်ကျကြောင်း သိရသည်။

စိုင်း(သီပေါ)







ပြည်သူအားလုံးသတိမူ မီးအန္တရာယ်သတိထား

aeZmZmx

ယနေ့လူတို့နေထိုင်ရာ ကမ္ဘာမြေကြီးကို ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးသော ကမ္ဘာကြီးအဖြစ်အစွမ်းကုန်ကြိုးပမ်းအားထုတ်နေကြသည်။ ယင်းကဲ့သို့ ကြိုးစားအားထုတ်ခြင်းများကြောင့်လည်း ယနေ့ခေတ်ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ ပြောင်းလဲဖြစ်တည်လာခဲ့ချေပြီ။ လူသားတို့၏ တီထွင်ကြံဆမှုသည် အံ့မခန်းဖွယ်ရာပင်။ သို့သော်လူသားတို့၏ ပယောဂကြောင့်ပင်၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနိဋ္ဌာရုံများကို ရင်ဆိုင်ဖြေရှင်းနေကြရသည်။

လူတို့၏ ပယောဂကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားစေသည့် အကြောင်းတရားများအနက် မီးလောင်ကျွမ်းမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးမှုဖြစ်ပွားခြင်း၊ ငလျင်လှုပ်ခတ်ခြင်းများသည် နည်းပညာများတိုးတက်လာသည်နှင့်အမျှ ကြိုတင်ခန့်မှန်းတွက်ဆ၍ ကာကွယ်မှုများပြုလုပ်နိုင်သော်လည်း လူတို့၏ပေါ့ဆမှုကြောင့် ကြုံတွေ့ခံစားရသည့် မီးဘေးအနိဋ္ဌာရုံကြီးကို ကြိုတင် ခန့်မှန်းဟောကိန်းထုတ်၍ မရနိုင်စကောင်းပါ။

မီးဟူသည် လူသားတို့အတွက် အကျိုးအပြုဆုံးအရာ ဖြစ်နိုင်သလို အန္တရာယ်လက်တစ်ကမ်းတွင်ရှိနေသည်ကိုလည်း အထူးသတိမူသင့်ပေသည်။ ရှေးယခင်ကျောက်ခေတ်လူသားများမှ အစပြု၍ မီး၏အကျိုးပြုပုံကို သိရှိနား လည်ပြီး စတင်အသုံးပြုခဲ့ကြရာ ယနေ့ ၂၁ ရာစုကြီးတွင် မီးကို ကဏ္ဍအမျိုးမျိုးဖြင့် ချဲ့ထွင်အသုံးပြုလာကြသည်။ ဤမျှအကျိုးများစေသည့် "မီး"ကို လူသားတို့အနေဖြင့် စည်းကမ်းတကျသုံးစွဲကာ မိမိတို့၏လိုရာခရီးပန်းတိုင်ကို ဦးတည်လျှောက်လှမ်းကြရပေမည်။ လူသားတို့အတွက် အကျိုးပြုစေသည့် အရာများကို တီထွင်ကြံဆနည်းလမ်းများ ရယူသကဲ့သို့ အန္တရယ်လက်တစ်ကမ်းတွင် ရှိနေသည့် မီးဘေးအန္တရာယ်ကို "မီးဘေးရှောင် မလောင်ခင်တား" ဆိုသကဲ့သို့ ကြိုတင်တားဆီး ကာကွယ်နိုင်ရန်နည်းလမ်းများ ရှာကြံလုပ်ဆောင်ကြရပေမည်။

ယနေ့အချိန်အခါသည် ပူပြင်းခြောက်သွေ့သည့် ပွင့်လင်းရာသီသို့ရောက်ရှိစပြုလာ သကဲ့သို့ လေပြင်းများတိုက်ခတ်လာပေရာ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်မှသည် လူသားတိုင်းက အလေးပေးလုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။ 'သတိမမူ ဂူမမြင်'ဟူသကဲ့သို့ သတိမမူမေ့လျော့မှုတစ်ခုကြောင့် ပစ္စည်းဥစ္စာအဆပေါင်းများစွာ ဆုံးရှုံးမှုများသာမက လူတို့၏ အသက်အန္တရာယ် ခြိမ်းခြောက်မှုများကိုပါ ကြုံတွေ့နေကြရသည်။ မီးလောင်မှုများထဲတွင် မသမာသူရှို့မီး၊ ပေါ့ဆမီး၊ မီးဖိုမီးနှင့် လျှပ်စစ်ကြောင့်လောင်သော မီးများကိုတွေ့ရသည်။ ယင်းအထဲတွင် ပေါ့ဆမီးနှင့် လျှပ်စစ်ကြောင့်လောင်သောမီးများကို ယခုတလောတွင် အများဆုံးကြားသိနေရ သည်။

> လူတို့၏ အကျိုးကို စွမ်းဆောင် ပေးနေသည့် မိတ်ဆွေအဖြစ်မှ ရန်သူအဖြစ်သို့ ပြောင်းလဲသွားနိုင် သည်ကို ပြည်သူအားလုံးက နှလုံးမူထားကြရ မည်ဖြစ်သည်

လတ်တလောဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီတွင် လောင်ကျွမ်းခဲ့သော တောင်ငူမြို့မဈေးကြီး မီးလောင်မှုတွင်လည်း လျှပ်စစ်မှစတင်၍ လောင်ကျွမ်းကြောင်းသိရသည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် သိန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ အလားတူ လျှပ်စစ်ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် မီးလောင်ကျွမ်းမှုများကို လည်း တွေ့မြင်နေရသည်။ ထို့အတူ ခြင်ဆေးခွေမှတစ်ဆင့်၊ ဖယောင်းတိုင်မီးမှတစ်ဆင့်၊ လျှပ်စစ်မီးမှတစ်ဆင့်၊ ဆေးလိပ်သောက်ခြင်းမှတစ်ဆင့်၊ မီးကြွင်းမီးကျန်များမှတစ်ဆင့်စသည့် လူတို့၏ပေါ့ဆမှုတို့ကြောင့် မီးလောင်မှုအကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့ရသည်။ ယင်းကဲ့သို့မီးလောင်ကျွမ်းမှုများကြောင့် လူတို့ကြိုးစားရှာဖွေထားသမျှ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးကြရသည်။ လူတို့၏ပေါ့ဆမှု ကြောင့် နှစ်စဉ်မီးလောင်ကျွမ်းမှု အကြိမ်အရေမှာလည်း တိုးလာရုံမျှမက ပျက်စီး ဆုံးရှုံးမှုတန်ဖိုးသည်လည်း မြင့်တက်လျက်ရှိသည်။

ယခု နွေဦးအစပင်ပျိုးသေးသော်လည်း ဆုံးရှုံးမှုတန်ဖိုးမြင့်မားသည့် မီးလောင်ကျွမ်းမှုများကိုတွေ့လာရသည်။ ယနေ့ မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးအဖြစ် ပုံမှန်ပြောင်းလဲနေချိန် ယင်းကဲ့သို့ပြောင်းလဲ ဖော်ဆောင်နေစဉ်တွင် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်ကာ စက်ရုံ၊အလုပ်ရုံများ၊ ခေတ်မီအထပ်မြင့်တိုက်ခန်းများ၊ ဈေးသစ်ကြီးများ၊ အရောင်းပြခန်းများကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ကြိုးစားလုပ်ဆောင်ထားသည့် မိမိတို့၏အားမာန်များကို မယုတ်လျော့ မပျက်စီးစေရန် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အထူးအလေးပေးလုပ်ဆောင်ကြရမည်ဖြစ်သည်။ မိမိတို့ကြိုးစားရှာ ဖွေထားသမျှ အိတ်ပေါက်နှင့်ဖားကောက်ဆိုသကဲ့သို့ ဒုံရင်းအတိုင်းမကျန်ရှိစေရန် မီးဘေးအန္တရာယ်ဆိုးကြီးကို ကြိုတင်ကာကွယ်တားဆီးကြရမည်ဖြစ်သည်။

မီးဘေးအန္တရာယ်ဆိုးကြီးကို ကာကွယ်ရန်မှာ လူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် ပြည်သူအားလုံးတွင် တာဝန်ရှိပေသည်။ မိမိတို့၏သက်ဆိုင်ရာနေအိမ်၊ ရုံး၊ အလုပ်ရုံ၊ရပ်ကွက်၊ ကျေးရွာနှင့် မြို့ပြများပါမကျန် မိမိတို့၏အသိစိတ်ဓာတ်ဖြင့် မီးဘေးလုံခြုံရေးအတွက် ဝိုင်းဝန်းကာကွယ်ရန် လိုအပ်ပေသည်။ အိမ်တိုင်း၊ ရုံး၊ ကျောင်း၊ အလုပ်ရုံ စသည်များတွင် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကား စသည့်ပစ္စည်းများကို စနစ်တကျထားရှိကြရမည်ဖြစ်သည်။သက်ဆိုင်ရာဌာနများကလည်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမြင်တင့်တယ်စေရန်မဟုတ်ဘဲ စိစစ်ကြပ်မတ်လုပ်ဆောင်ကာ ပညာပေးမှုများကိုလည်း ပိုမိုလုပ်ဆောင်ကြရမည်ဖြစ်သည်။

ပြည်သူများကလည်း သက်ဆိုင်ရာဌာနများမှ ပညာပေးလေ့ကျင့်ပေးမှုများကို လက်တွေ့လိုက်နာခြင်းဖြင့် မီးဘေးအန္တရာယ် ကိုကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ လတ်တလောတောင်ငူဈေးရုံကြီးတွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြီးကို သုံးသပ်ဆင်ခြင်ပြီး မိမိတို့၏ ရုံး၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံများမှ မီးခလုတ်၊ မိန်းခလုတ်များ၊ မီးအားမြှင့်စက်များ၊ နေအိမ်ရှိ မီးခလုတ်၊ ရေခဲသေတ္တာ၊ ပန်ကာ၊ မီးပူများမှ မီးခလုတ်များကို အသုံးပြုပြီးသည့်အခါ လုံးဝပိတ်ထားကြရမည်ဖြစ်သည်။ လူတို့၏အကျိုးကို စွမ်းဆောင်ပေးနေသည့် မိတ်ဆွေအဖြစ်မှ ရန်သူအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်ကို ပြည်သူအားလုံးက နှလုံးမူထားကြရမည်ဖြစ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဆိုသကဲ့သို့ မီးနှင့်ပတ်သက်သမျှ သေးသေးမွှားမွှားဟု သဘောမထားဘဲ သတိပြုကိုင်တွယ်သုံးစွဲကာ မီးဘေးကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များကို တစ်သဝေမတိမ်း အလေးထားလိုက်နာကြရန် အကြံပြုအပ်ပါသည်။ ။

မြင်းခြံတွင် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

မြင်းခြံ ဖေဖေါ်ဝါရီ ၂၃

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ငွေကြေးဆိုင်ရာလုပ်ငန်းများပါဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရသည်။

ငွေကြေးပိုင်းဆိုင်ရာစနစ်တွင် ဘဏ်လုပ်ငန်းစနစ်သည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော လုပ်ငန်းစနစ်ဖြစ်ပြီး ယခုအခါ မြို့ကြီးများတွင်သာမက နယ်မြို့များတွင် ဘဏ်လုပ်ငန်းများကို တွင်ကျယ်စွာဖွင့်လှစ်လာသည်ကို တွေ့ရသည်။ ဘဏ်လုပ်ငန်းဖွံ့ဖြိုးမှုနှင့်အတူ ဘဏ်ဖွင့်လှစ်မည့်မြေနေရာ၊ အဆောက်အအုံမှအစ ဈေးနှုန်းကောင်းလာခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်း မြင်းခြံမြို့နယ်တွင် ဈေးနှုန်းအမြင့်ဆုံးလုပ်ငန်းအဖြစ် ဘဏ်များကို အပြိုင်အဆိုင် ဖွင့်လှစ်လာသည်ကို တွေ့ရသည်။

မြင်းခြံမြို့နယ်တွင် အမရာဘဏ်ခွဲကို မြင်းခြံဈေးကြီးအနောက်ဘက်တွင် တည်ဆောက်နေသကဲ့သို့ စီဘီသမဝါယမဘဏ်ခွဲကိုလည်း မြင်းခြံ-မိတ္ထီလာလမ်းမ ယခင်မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံဟောင်းနေရာတွင် တည်ဆောက်လျက်ရှိသည်။ အလားတူ ကမ္ဘောဇဘဏ်ခွဲကိုလည်း မြင်းခြံဈေးကြီးတောင်ဘက်မှ အနောက်ဘက်ဈေးအနီးတွင် ဖေဖော်ဝါရီလအတွင်းက ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။(ယာပုံ)

မြင်းခြံမြို့နယ်တွင် ဘဏ်ခွဲများ အပြိုင်အဆိုင်ဖွင့်လှစ်လျက်ရှိရာ ဘဏ်ခွဲ ၁၃ ခုထက်မနည်းရှိနေပြီဟု မြင်းခြံမြို့ခံတို့က ပြောသည်။ မြင်းခြံတွင် ဘဏ်များနှင့်ဆက်သွယ်ပြီး ငွေကြေးလုပ်ငန်းများဆောင်ရွက်ကြသော ပြည်သူများ အနေဖြင့် အဆင်ပြေမှုရှိသော်လည်း အချို့ဘဏ်ခွဲများ အနေဖြင့် အလုပ်မဖြစ်သေးကြောင်းသိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းစာအုပ်နှင့် CD လှူဒါန်းမည်။

Spare Parts for D.E.L(48)Items
Spare Parts for Locomotive &
Spare Parts for Locomotive

ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ပထမအကြိမ်၊ မော်လမြိုင်မြို့နယ်ရှိ သီလရှင်များ ဝတ်စုံလှူဒါန်းပွဲ-နိုးဆော်စာ

မော်လမြိုင်မြို့၊ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပ၍ မြို့ပေါ်ရှိ သီလရှင် အပါး (၈၀၀) ကျော်ကို ဝတ်စုံများ ဆက်ကပ် လှူဒါန်းကြမည်ဖြစ်ပါသည်။

ဇနေတိ၊ သဒ္ဒိသံပါကံ ဆိုသည့်အတိုင်း သီလရှင် ဝတ်စုံလှူဒါန်းခြင်းကြောင့်

၁။ ရွှေရောင်အဆင်းကဲ့သို့ အဆင်းလှခြင်း။

၂။ ညစ်ကြေးမထင် သန့်ရှင်းစင်ကြယ်ခြင်း။

၃။ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပခြင်း။

၄။ ပင်ပန်းကင်းသော ကိုယ်ရှိခြင်း။

၅။ အဝတ် ပုဆိုးများ ပြည့်စုံစွာရရှိခြင်း။

၆။ အဆုံးဘဝ၌ ဘိက္ခုနီရဟန္တာအဖြစ်ကို ရရှိခြင်း--- စသော အကျိုးကို ခံစားရမည်ဖြစ်သည့်အတွက် ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်း- သီလရှင်ဝတ်စုံတစ်စုံလျှင် (၁၀၀၀၀ိ/-) နှုန်းဖြင့် စေတနာ သဒ္ဓါတရား နည်းများမဆို ပါဝင် လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

သီလရှင်ဝတ်စုံလှူဒါန်းပွဲကို ၂၀၁၄ခုနှစ်၊ မတ်လ ၁၅ရက်၊ (၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော်)နံနက် ၉ နာရီအချိန် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မွေ့ရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကိုယ်တိုင်ကြွရောက် ဆက်ကပ်လှူဒါန်းကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သော နေရာများ - ဆံတော်ရှင် ကျိုက်သုတ်စေတီတော်၊ မော်လမြိုင်မြို့။
ဖုန်း- ၀၅၇- ၂၄၆၉၀
- ဒေါက်တာဦးသိန်းဟန်ဦး (ဒုတိယညွှန်ကြားရေးမှူး)
(ဆေးဝါးစက်ရုံ)၊ ရန်ကုန်
ဖုန်း-၀၉ ၅၃၂၀၂၆

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း

ယဉ်ကျေးလိမ္မာသင်တန်းနည်းပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းခေါ်ယူခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ပြည်တွင်း ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွားရေး ဆပ်ကော်မတီမှ ကြီးမှူးဖွင့်လှစ်သော "ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း" အမှတ်စဉ် (၁၊ ၂၊ ၃) သင်တန်းဆင်းနည်းပြဆရာ၊ ဆရာမများ မွမ်းမံသင်တန်းကို တံတားလေးလမ်းဝရှိ ဇမ္ဗူသီရိဗိမာန်တော်တွင် ကျင်းပပြုလုပ်ရန်ရှိပါသည်။

(၁/၂-၃-၂၀၁၄) နှစ်ရက်ကြာ ပို့ချမည့်သင်တန်းသို့ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြ ဆရာ၊ ဆရာမအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဖွင့်လှစ်မည့်နေ့ရက် - ၁-၃-၂၀၁၄ရက် (စနေနေ့)

ဖွင့်လှစ်မည့်အချိန် - နံနက် ၈း၀၀ နာရီ

ဖွင့်လှစ်မည့်နေရာ - ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်းဝ၊ မရမ်းကုန်းမြို့နယ်။

သင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများအားလုံးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းရုံးချုပ်သို့ ၂၆-၂-၂၀၁၄ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်ကြောင်းနှင့် ဖုန်း(၀၁-၆၅၅၉၇၃၊ ၆၅၆၆၂၇)တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။



ဖြူးမဟာစည်ရိပ်သာ (ဖြူးမြို့) နွေရာသီတရားစခန်းဖွင့်မည်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ မဟာစည် သတိပဋ္ဌာန်ဝိပဿနာသင်္ကြန်အထူးတရားစခန်းပွဲကြီးကို [၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၉ရက်၊ တနင်္လာနေ့မှ ၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် (၇) ရက်၊ တနင်္လာနေ့] အထိ ၇-၄-၂၀၁၄ရက်မှ ၂၁-၄-၂၀၁၄ရက်အထိ ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြု နယ်လှည့် ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D.INDIA ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည် လှူဒါန်းလိုသူများသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့၊ ဖုန်း ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉ ၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စာမေးပွဲဖြေဆိုမည့်ရက်သတ်မှတ်ခြင်း
ကြော်ငြာစာအမှတ်(၁/၂၀၁၄)
၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၄ခုနှစ်၊ဖေဖော်ဝါရီလ ၂၄ ရက်)

၁။ ၁-၁၂-၂၀၁၃ရက်မှ ၃-၁၂-၂၀၁၃ရက်ထိ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့သော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)/ဒုတိယဦးစီးမှူးရာထူး(၃၅၆)နေရာ ခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ရက်စွဲ	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၄-၂၀၁၄(စနေနေ့)	မြန်မာစာ	၉း၀၀နာရီမှ ၁၁း၀၀နာရီထိ
၅-၄-၂၀၁၄(စနေနေ့)	အင်္ဂလိပ်စာ	၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ
၆-၄-၂၀၁၄(တနင်္ဂနွေနေ့)	အထွေထွေဗဟုသုတ	၉း၀၀နာရီမှ ၁၁း၀၀နာရီထိ

၂။ စာစစ်ဌာနနှင့် ခုံအမှတ်များကို လျှောက်လွှာတင်သွင်းခဲ့သော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများတွင် သွားရောက်စုံစမ်း မေးမြန်းနိုင်ပါသည်။ဖြေဆိုခွင့်ကတ်များကို ဧပြီလ(၃)ရက်နေ့နှင့် (၄)ရက်နေ့များတွင် အောက်ဖော်ပြပါ စာစစ်ဌာနများ၌ နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)၊တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)များကို ပြသ၍ ရုံးချိန်အတွင်း သွားရောက်ထုတ်ယူရန်ဖြစ်ပါသည်-

(က) **မန္တလေးစာစစ်ဌာန(မန္တလေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
ကချင်၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း(မြောက်)

(ခ) **နေပြည်တော်စာစစ်ဌာန (နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
ကယား၊ မကွေး၊ ရှမ်း(တောင်/အရှေ့)နေပြည်တော်၊

(ဂ) **ရန်ကုန်စာစစ်ဌာန(ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ။

၃။ အသေးစိတ်ကိုသိရှိလိုပါက **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**၊ ရုံးအမှတ်(၁၀)၊ ဖုန်း-၀၆၇-၄၁၂၄၁၅၊ ၀၆၇-၄၁၂၄၀၆၊ **မန္တလေးစာစစ်ဌာန** ဖုန်း ၀၂-၃၉၀၈၁၊ ၀၂-၃၆၉၁၆၊ **နေပြည်တော် စာစစ်ဌာန** ဖုန်း ၀၆၇-၅၅၀၂၁၅၊ ၀၆၇-၅၅၀၂၁၆၊ **ရန်ကုန်စာစစ်ဌာန** ဖုန်း-၀၁-၂၁၇၅၃၆၊၀၁-၂၂၁၀၃၀တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

09 31589922
09 31268183

အမည်ပြောင်း အဖ ဦးသိန်းသန်း၏ သား အမက(၁)ဗဟန်း၊ တတိယတန်း (E) မှ မောင်ဇာနည်လင်းနိုင်အား မောင်ဇာနည်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

မီးသတိပြု

လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ ဘီ-၁၁၊ အမှတ်(၁၀၂)နေ ဒေါ်မိုးသန္တာစိုး[၁၂/အစန(နိုင်) ၁၄၀၅၁၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသား

မှတ်ပုံတင်အမှတ် ၉/၃၅၆၂/၂၀၁၄

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်ဖြစ်သည့်"အောင်သပြေ" စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်းတံဆိပ်အမည်အမှတ်အသားသည် ဒေါ်မိုးသန္တာစိုးမှ တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားသော လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားဖြစ်ပါသည်။

အဆိုပါအောင်သပြေဟူသော လုပ်ငန်းအမှတ်တံဆိပ်၊ အမည်အမှတ်အသားဖြင့် စိန်ရွှေရတနာရောင်းဝယ်လုပ်ငန်းကို ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဈေး၊ မြေညီထပ်၊ အမှတ်(၁၉)၊ H-1ရုံ(၃)တွင် ယခုလက်ရှိ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။ လုပ်ငန်းလိုင်စင်၌လည်း အမည်ပေါက်ပြီးဖြစ်ပါသည်။

အဆိုပါလုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ဘလောက်၊ တီဗွီ၊ အင်တာနက်၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head ၊တံဆိပ်တုံး၊ အစရှိသည်တို့တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်ပြီး ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်သားဖြင့် စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်းကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဆိုင်ခန်းများဖွင့်လှစ် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မိုးသန္တာစိုးမှ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုမည့်အဆိုပါ အမှတ်တံဆိပ်အမည် အမှတ်အသားကိုဒေါ်မိုးသန္တာစိုး မှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်သုံးစွဲသည်ကိုတွေ့ရှိပါက ဒေါ်မိုးသန္တာစိုး၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးမှုမှ ကုန်ကျသမျှသောအရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးများတောင်းဆိုသွားနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိ မည့်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်ထားသည့် တံဆိပ်အမှတ်အသားကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်မိုးသန္တာစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင်(LL.B,D.B.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
ရုံး-တိုက်(၉/၁၁)၊အခန်းအမှတ်(005 -B)၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၃၉၃၀၆



ကျေးဇူးတင်ရှိပါကြောင်း
ဦးသူရစော [B.Sc(Maths)]
အသက် (၄၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငွေဝတ်မှုန်ရိပ်သာ၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အမှတ်(၇၀/ဈ)၌ ၁၇-၂-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့သော ဦးသူရစော (၄၇)နှစ်အား အဘက်ဘက်မှ ဂရုတစိုက် ကြည့်ရှုပေးခဲ့သော Green Cross ဆေးရုံကြီးမှ ဒေါက်တာဦးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ ၁၈-၂-၂၀၁၄ ရက် ဈာပနအခမ်းအနားတွင် လွမ်းသူ့ပန်းခွေပန်းခြင်း ပေးပို့ကြသူများ၊ လိုက်ပါပို့ဆောင်ကြသူများ၊ ကိုယ်တိုင်လာရောက်၍ အားပေးနှစ်သိမ့်စကားပြောကြားပြီး လှူဖွယ် ပစ္စည်းများ ပေးပို့လှူဒါန်းကြသူများ၊ E-Mail၊ တယ်လီဖုန်းတို့ဖြင့် ဝမ်းနည်းစကား ပြောကြားကြသူများ၊ ဈာပနကိစ္စအဝဝအတွက် အဘက်ဘက်မှ လိုအပ်သမျှ ကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးယုန်ကြည်(မြိတ်) (၉၁)နှစ်
ဥက္ကဋ္ဌ၊ ထားဝယ်စုမီးသတ်တပ်ဖွဲ့ (D.F.B)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကျောက်မီးသွေးလမ်း၊ အမှတ်(၂၅၂) နေ (ဖိုးပို-ဖွားရန်း)တို့၏သား၊ (ဖိုးရန်-ဒေါ်ဖွားတင့်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးယုန်ရှင်)၊ (ဦးရိမ်းဖေ-ဒေါ်လှရှင်)၊ (ဦးကြည်ဟန်-ဒေါ်အင်တီ)၊ ဦးအေးညိမ်း-ဒေါ်မြရီတို့၏ အစ်ကိုကြီး၊ ဒေါ်စန်းတင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်ယုယုကြူ၊ ဦးအေးသန့်-ဒေါ်မြင့်မြင့်သီ၊ ကိုအောင်သန်း၊ မဌေးဌေးကြူ၊ ကိုသန်းဝင်း-မဌေးဌေးရှန်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ် ယောက်တို့၏အဘိုး ဦးယုန်ကြည်သည် ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၄ (တနင်္လာ နေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
အလ်ဟာဂျ်မိုဟာမ္မဒ်ဒါဝူဒ်စွတ်ဘဟန်(ခ)အလ်ဟာဂျ် ဆရာဦးဒေးဗစ်စွတ်ဘဟန်(ခ)အလ်ဟာဂျ်ဦးမျိုးညွန့်
(SAT-ငြိမ်း)(အထက-၉) (စိန်ပီတာဆရာဟောင်း)
အသက်(၇၇)နှစ်

မန္တလေးမြို့၊ (၈၃)လမ်း၊ (၂၅×၂၆)လမ်းကြားနေ မရဟွန်ဟာဂျီ ဦးစွတ်ဘဟန်-မရဟူမာ ဒေါ်ရှရီတို့၏သား၊ မရဟွန် ဦးမောင်မောင်ကြီး-မရဟူမာ ဒေါ်သိန်းသိန်းတို့၏သားသမက်၊ မရဟူမာ ဒေါ်တင်ရီ(ထွန်းတီဗွီ)၏ မောင်၊ ဟာဂျီမ ဒေါ်ခင်သန်းကြည်(နေကြာစတိုး)၊ ဟာဂျီဦးစန်းမြင့် (ကထိက-ငြိမ်း)တို့၏အစ်ကို၊ အလ်ဟာဂျ်ကိုဆန်နီဒေးဗစ်၊ ကိုဒယ်နီဒေးဗစ်-မဆွေဆွေမြင့်၊ ကိုဂျယ်ရီ ဒေးဗစ်-မရီရီမြင့်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဟာဂျီမဒေါ်စကီနာ(ခ) ဟာဂျီမ ဒေါ်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၂-၂၀၁၄(သောကြာနေ့) ညနေ ၃း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းည အိရှာဟ်နမာဇ်အပြီးတွင် အေးရိပ်ငြိမ် မွတ်စလင်ကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

တစ်ဦးတည်းဖြစ်ပါကြောင်း

(အဖ) ဦးရန်အောင်ဆန်း၏သား ကျော်စည်သူအောင် [၁၂/ဒပန(နိုင်) ၀၅၁၆၅၅]နှင့် ကျော်စည်သူမှာ တစ်ဦးတည်းဖြစ်ပါသည်။

သနပ်ဖက်ပွဲစားကြီးဦးဗိုလ်မောင်
အသက်(၉၀)
(အိမ်မဲ/အလုံ)

အိမ်မဲမြို့နေ (ဦးဘိုးသန်း-ဒေါ်သိန်း ခင်)တို့၏ သား၊ (ဦးမောင်တင်-ဒေါ်သိန်းညွန့်)တို့၏ သားသမက်၊ ယခင်အမှတ် (၁၇)၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေ (ဒေါ်သန်းမြ)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းစိန်-ဒေါ်အေးသန်း၊ ဦးငွေစိုး-(ဒေါ်သန်းငြိမ်း)၊ (ဦးမြင့်စိုး)-ဒေါ်ခင်ခင်ဝင်း၊ ဦးခင်ဇော်-ဒေါ်ကြည်ကြည်ဝင်း (Newyork/USA)၊ ဦးဌေးဝင်း၊ ဦးအေးကျော်-ဒေါ်တင်တင်မြ(Singapore)တို့၏ ဖခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏ ဘဘကြီးသည် ၂၂-၂-၂၀၁၄(စနေနေ့) နံနက် ၉း၃၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီး ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၂၈-၂-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ်(၁၈)၊ လေးလွှာ(ဘီ)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးရွှေတိုး(ပဲခူး) (၅၅)နှစ်
CDC-18605

ပဲခူးမြို့၊ ဂေါ်သဇင်လမ်း၊ အမှတ်(၂၇) နေ (ဦးမြင့်-ဒေါ်ရွှေသီး)တို့၏သား၊ ဦးဆန်နီ-(ဒေါ်အိ)၊ (ဦးခိုင်ဝင်း)-ဒေါ်ချို နွယ်မြင့်၊ ဦးတိုးမြင့်-ဒေါ်စတယ်လာ၊ ဦးညီညီချို-ဒေါ်မြင့်မြင့်သီး၊ (ဦးထွန်းမြင့်)-ဒေါ်အေးအေးသိန်း၊ ဒေါ်မြင့်မြင့်ကြီး၊ ဦးကျော်ဆွေ-ဒေါ်မြင့်မြင့်လေး၊ (ဦးထွေးမြင့်)-ဒေါ်အေးမာသင်းတို့၏ ညီ/မောင်၊ ကိုလွှမ်းမိုး၏ အစ်ကို၊ တူ/တူမ ၁၄ယောက်တို့၏ ဦးလေးသည် ၁၉-၂-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၂-၂၀၁၄(သောကြာနေ့) နံနက် ၁၁ နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[၂၅-၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ အောက်မေ့ဖွယ်ရက်လည်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးယုန်ကြည်(မြိတ်)
ဥက္ကဋ္ဌ၊ထားဝယ်စုမီးသတ်တပ်ဖွဲ့ (D.F.B)
အသက်(၉၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကျောက်မီးသွေးလမ်း၊ အမှတ်(၂၅၂)နေ (ဖိုးပို-ဖွားရန်း)တို့၏သား၊ (ဖိုးရန်-ဒေါ်ဖွားတင့်)တို့၏ သားသမက်၊ ဒေါ်စန်းတင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်ယုယုကြူ၊ ဦးအေးသန့်-ဒေါ်မြင့်မြင့်သီ၊ ကိုအောင်သန်း၊ မဌေးဌေးကြူ၊ ကိုသန်းဝင်း-မဌေးဌေးရှန်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဖြိုးသန့်ပိုင်၊ မမျိုးယုသော်၊ မောင်အောင်ထွန်းကျော်၊ မောင်နေသန့်ပိုင်၊ မောင်မိုးရှန်ဟိန်း၊ မောင်မျိုးရဲဟိန်း၊ မောင်မျိုးရဲသူတို့၏ အဘိုးဦးယုန်ကြည်သည် ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့်၂၄-၂-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်သိန်း (၆၆)နှစ်
(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးစံပြအနောက်ကျေးရွာနေ (ဦးထွန်း-ဒေါ်လှခင်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၃-ခ)၊ ဘုရင့်နောင်လမ်း၊ (၆/၁၂) ရပ်ကွက်နေ ဒေါ်ဆွေဆွေမြင့် (မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်နန်းကျော်၊ မခင်နန်းမော် (ခေတ္တ-စင်ကာပူ)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်သိန်းသည် ၁၇-၂-၂၀၁၄(တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဘင်လှိုင်(ခ)ဦးဘင်နိုင်
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ် အိမ်ရာ၊ တိုက် (၅)၊ အခန်း (၅)နေ (ဦးအင်းတင်-ဒေါ်မြချစ်)တို့၏သား၊ ဦးကျင်ဝှီး၊ (ဒေါ်ကောက်ပို့)၊ (ဦးဘင် ဟုတ်-ဒေါ်ညို)တို့၏ညီ/မောင်၊ ဦးထွန်းအောင်၊ ဒေါ်သန်းချစ်၊ (ဦးထွန်းသိန်း)၊ ဦးထွန်းမြင့်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင် သန်းအေး၊ ဒေါ်မြမြလွင်(ခ)ဒေါ်သဲ၊ ဦးမြလွင်ဦး(ခ)ကိုဦး၊ ဦးစန်းလွင်ဦးတို့၏ ဦးလေး ဦးဘင်နိုင်သည် ၂၁-၂-၂၀၁၄ (သောကြာနေ့)နံနက်၃း၃၅နာရီတွင် လမ်းမတော်ခုတင်(၅၀၀) ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တူ/တူမတစ်စု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်အေးအေးလှိုင်(ခ)
နော်ခရစ္စတီးနား (၅၅)နှစ်
ရုံးအုပ်-ပင်စင်ဌာန၊(ရကတ-ငွေ)(ငြိမ်း)

ဦးအက်(ဖ)ဘော်နာ (လ/ထ-ငွေ စာရင်းဝန်၊ က-က-ငွေ၊ ငြိမ်း)-ဒေါ်မေရီယံရွှေနုတို့၏ တစ်ဦးတည်းသော သမီး၊ [ဦးအေးဖေ(က-က၊ ငွေ)- ဒေါ် ပုတင်]တို့၏ သမီးချွေးမ၊ [ဦးလှသန်း (ကက-ငွေ)]၏ဇနီး၊ ဦးမောင်မောင် ကျော်ဇော်မင်း-ဒေါ်စောစန္ဒာဦး(ခ)မီးမီး (အထက-၁၊ ဒဂုံမြို့သစ်အရှေ့)၊ ဦးတင်ကိုလွင်-ဒေါ်ဇင်လဲ့ဖြိုး၊ ဦးသန်းထူးအောင် (ခေတ္တ-မလေးရှား)တို့၏ ချစ်လှစွာသောမိခင်၊ မဟေမာန်နှင်း၊ သမီးလေးတို့၏ ချစ်လှစွာသောအဘွားသည် ၂၁-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုပြီး ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း
ရေတွင်း၊ ရေကန်၊ လမ်း တံတားဒါယိကာမကြီး
ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ရေထွက်ဦးလမ်း၊ ခြံအမှတ်(၁၀၁/၁၄)၊ စနိုးပိုက်ခြံနေ [ဦးချင်ကုန်းဝင်(ခ)ဦးချင်း]၏ဇနီး၊ ဦးအောင်နိုင်၊ ဦးကျော်နိုင်-ဒေါ်ကျင်ထွေး(ဖက်ရှင်မိနီမတ်ကက်-တောင်ကြီးမြို့)၊ တာချီလိတ်မြို့နေ ဦးရန်ဝင်း-ဒေါ်ဝင်းဝင်းခင်၊ ရန်ကုန်မြို့နေ ဦးစိမ်းအောင်-ဒေါ်ဝင်းဝင်းရီ၊ ဦးတင့်နိုင်-ဒေါ်နုနုချိန် (ပြည်ထွန်းအောင်ကုမ္ပဏီ-ရန်ကုန်မြို့)၊ ရန်ကုန်မြို့နေ ဦးမောင်မောင်ခင်-ဒေါ်လီလီထွေးတို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေး(၁၄)ယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၁၄(သောကြာနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါတောင်ကြီးမြို့နေအိမ်မှ ကွမ်းတုံတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ
အသက် (၈၅)နှစ်

ဦးကျော်နိုင်-ဒေါ်ကျင်ထွေး(ဖက်ရှင်မိနီမတ်ကက်-တောင်ကြီးမြို့)၏မိခင် ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ အသက်(၈၅)နှစ်သည် ၂၁-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဖက်ရှင်၊ ဗွီးရှင်း၊ မေသျှမ်းဝန်ထမ်းများ

(၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒါရိုက်တာ အေဝမ်းဦးလှမျိုး
(၂၄-၂-၂၀၀၄)

ကျေးဇူးရှင် ဖေဖေ-

သားနှင့်မြေးလေးတို့ကို ခွဲခွာသွားသည်မှာ ၂၄-၂-၂၀၁၄ ရက်တွင် (၁၀)နှစ်တိတိပြည့်ခဲ့ပေမယ့် ဖေဖေ့ကျေးဇူးတွေကို နေ့စဉ် နေ့တိုင်း မေ့မရနိုင်ခဲ့ပါ။ ဖေဖေ့အတွက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် သတိတရပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ ရည်စူး ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ ဖေဖေ ကောင်းရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်နိုင်ပါစေ။

သား - ဒါရိုက်တာ ခင်စောမျိုး-မစန္ဒာ
မြေး - ခိုင်မွန်စောမျိုး၊ ခိုင်ဇင်စောမျိုး

(၂)နှစ်ပြည့်ခဲ့ပြီ
ရဲမှူးကြီး လှမင်း(ငြိမ်း)
O.T.S(63)
(၂၄-၂-၂၀၁၂-၂၄-၂-၂၀၁၄)

- ကျေးဇူးရှင်အပါးအတွက် ရည်စူးပြု ကုသိုလ်များကို နေ့စဉ်အမျှ ပေးဝေလျက်ရှိပါတယ်။
- ကိုယ်တိုင်ပြုခဲ့တဲ့ ကုသိုလ်များနဲ့ ရည်စူးပြု ကုသိုလ်များသည် မြတ်နိဗ္ဗာန်လမ်းမှာ အပါးအတွက် အထောက်အပံ့ကောင်းများ ဖြစ်ကြပါစေ။

ကျန်ရစ်သူမိသားစု

(၁၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးကြီးစိုးသိန်း
တေဇ(၁)

မိသားစုကို ခွဲခွာသွားခဲ့သည်မှာ ၂၄-၂-၂၀၁၄ ရက်တွင် (၁၁)နှစ်ပြည့်ခဲ့သော်လည်း တစ်နေ့မှ မေ့မရခဲ့ပါ။ ဖခင်ကြီးအတွက်ရည်စူးပြီး လှူဒါန်းသော ကောင်းမှုကုသိုလ်ဒါနများအားလုံးကို ဖခင်ကြီး အေးချမ်းမြင့်မြတ်သော ဘုံဘဝမှရရှိခံစားပြီး သာဓုခေါ်နိုင်ပါစေ---အမျှ---အမျှ----အမျှ ဝေပါတယ်။

ချစ်လှစွာသောဇနီးနှင့် မိသားစု

ချစ်ဇနီး - ဒေါ်သန်းချစ်
သားကြီး - ကိုတေဇာစိုး
သားငယ် - ဗိုလ်မှူး ဇေယျာစိုး-မပြည့်စုံဝင်း
ချစ်မြေး - မောင်ဟိန်းဇေယျာစိုးသိန်း၊ မောင်အောင်ဇေယျာစိုးသိန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း)
သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်
(အချိန်ပိုင်း ပါမောက္ခ၊ သမိုင်းဌာန ရန်ကုန်တက္ကသိုလ်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ ခြံအမှတ်(၁၂၇/အေ)နေ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစိုးမြင့်၏ ချစ်လှစွာသော ဇနီးသည် ၁၇-၂-၂၀၁၄ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာကျော်စော-ဒေါ်မေမျိုးမြတ်
စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ပြင်ဦးလွင်မြို့။

အထူးကျေးဇူးတင်ရှိခြင်း
ဗိုလ်ကောင်းမြတ်(ခ)ကောင်းစစ်ဝန်
ကြည်း(၆၂၀၃၆)၊ DSA-၅၄
တိုက်ကြီးမြို့။ ခမရ(၇၀၇)

၁၇-၂-၂၀၁၄(တနင်္လာနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားသော ဗိုလ်ကောင်းမြတ်(ခ)ကောင်းစစ်ဝန်အား ကွယ်လွန်ချိန်ထိ မေတ္တာအပြည့်ဖြင့် အစစအရာရာကူညီပေးခဲ့သော ဒုတိယတပ်ရင်းမှူး မျိုးမင်းအောင်၊ ဗိုလ်မှူးသန့်ဇင်ဝင်း၊ ဗိုလ်ကြီးမြတ်ကျော်၊ ဗိုလ်ကြီးဇော်လွင်ဦး၊ ဗိုလ်ကြီးစိုင်းမောင်အေး၊ ဗိုလ်ကြီးကျော်မင်းထွဋ်၊ ဗိုလ်ကြီးမျိုးမင်းထိုက်နှင့်ဇနီး၊ ဗိုလ်ညွန့်ဝင်းသန်းနှင့် ပန်းခြင်းများပေးပို့သော ဗိုလ်မှူးဝင်းမင်းလတ်နှင့် ခမရ(၇၀၇)မှ အရာရှိ အရာခံ အကြပ်စစ်သည်များနှင့်ဇနီးများ၊ တပ်မတော်ဆေးရုံမှအရာရှိများ၊ Max Myanmar Company မှဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ Facebook များမှလည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းမေးဖော်ပြပေးခဲ့သော ရပ်ဝေးရပ်နီးမှသူငယ်ချင်း မိတ်ဆွေအပေါင်းအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

(၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒါရိုက်တာ အေဝမ်းဦးလှမျိုး
(၂၄-၂-၂၀၀၄)

ကျေးဇူးရှင် ဖေဖေ-

မေမေနှင့်သမီး၊ သားတို့ကို ခွဲခွာခဲ့သည်မှာ ၂၄-၂-၂၀၁၄ ရက်တွင် (၁၀)နှစ်တိတိပြည့်ခဲ့ပေမယ့် ဖေဖေ့ကျေးဇူးတွေကို နေ့စဉ် မေ့မရနိုင်ခဲ့ပါ။ ဖေဖေ့အတွက်ရည်စူး၍ လစဉ်လတိုင်း နှစ်စဉ် နှစ်တိုင်းပြုလုပ်ပေးတဲ့ ကောင်းမှုကုသိုလ်တွေနှင့် ယခု (၁၀)နှစ်ပြည့်မှာ ပြုလုပ်ပေးတဲ့ ကောင်းမှုကုသိုလ်အစုစုတို့ကို ဖေဖေ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ပါနော်။ အမျှ- အမျှ-အမျှ

ဇနီး-ဒေါ်နိုလင်း
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါ်အုံးကြည်
အသက်(၈၃)နှစ်
သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်
(အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ကျေးဇူးရှင်ဆရာမကြီး ပါမောက္ခ ဒေါ်အုံးကြည်(ငြိမ်း)သည် ၁၇-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မောင်သန့်ဇော်ထွေး MA(Hist;) 2000(MU)
အထက်တန်းရှေ့နေ အပိုင်း(က)၊ သမိုင်းကိုဇော်၊ သမိုင်းဒီယံမို

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄ဘီ၊ မြေကွက်အမှတ်-၃၅၃၊ မြေကွက်တည်နေရာအမှတ်-၂၇၊ ၈ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးမြသန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးမြသန်း၊ မိခင် ဒေါ်ကျင်စု ကွယ်လွန်သဖြင့် ၁။ ဒေါ်သန်းသန်းရွှေ[၁၂/မဂတ(နိုင်) ၀၅၂၀၀၇]၊ ၂။ ဒေါ်သန်းသန်းမာ[၁၂/မဂတ (နိုင်)၀၅၁၉၈၇]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

ဝမ်းနည်းကြေကွဲခြင်း
ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဦးကျော်နိုင်-ဒေါ်ကျင်ထွေး (ဖက်ရှင်မီနီမတ်ကက်-တောင်ကြီးမြို့)၊ ဦးတင့်နိုင်-ဒေါ်နုနုချိန် (ပြည်ထွန်းအောင်ကုမ္ပဏီ-ရန်ကုန်မြို့)တို့၏ မိခင် ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ အသက်(၈၅)နှစ်သည် ၂၁-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမြင့်၊ ဦးကျော်ဝင်း၊ ဦးထွန်းဖြူ၊ ဦးစိန်လှ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအေးလွင်(အင်ဂျင်နီယာ-ဆောက်လုပ်ရေး-ငြိမ်း)
အသက်(၇၄)နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၁၇၄)နေ ဒေါ်ခင်နွဲ့ (ပြည်တွင်းအခွန်-ငြိမ်း)၏ခင်ပွန်း ဦးအေးလွင်သည် ၂၁-၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သာသနာ့ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ သန်လျင်မြို့နှင့် သန်လျင်မြို့အမိုးနီသုသာန်မီးသင်္ဂြိုဟ်စက်၊ အအေးတိုက်ဖြစ်မြောက်ရေးအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးမောင်မောင်ကို(ငြိမ်း)
(ကြည်း-၁၀၅၃၅)
အသက်(၇၁)နှစ်
OTS-32

၂၁-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

စည်သူ(၃၂) ဗိုလ်သင်တန်းမှ ကျောင်းဆင်းအရာရှိသူငယ်ချင်းများ

ဒေါ်တင်လှ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မဂ္ဂင်လမ်း၊ အမှတ်(၃၄/G)နေ (ဦးကျော်စိန်)၏ ဇနီး၊ ဒေါ်အေးမြင့်စိန် (T.T.C)၊ ဦးမြင့်ဆွေ-ဒေါ်မော်မော်စိန်၊ ဦးမြင့်စိန်၊ ဦးမင်းစိန်၊ ဦးကျော်စိုးမိုး-ဒေါ်ချိုချိုစိန်(ရှိုင်းဟုပ်ကုမ္ပဏီ)၊ ဦးမိုးဇော်-ဒေါ်ခိုင်ခိုင်စိန် (ရန်ကုန်ပညာရေးတက္ကသိုလ်)တို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား ဒေါ်တင်လှသည် ၂၃-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀း၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မိုးမိုး (၆၆)နှစ်
ရွှေဂုံတိုင်(အုတ်လမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ် (၃၅)၊ မြေညီထပ် (A)နေ (ဦးမောင်လတ်- ဒေါ်စောကြည်)တို့၏ သမီး၊ ဦးသန်းငွေး (ထောင်မှူး-ငြိမ်း)၏ ဇနီး၊ ဦးတင်မောင်ငွေး (Myanmar Seafood Co., Ltd.)-ဒေါ်ခင်ဆွေထွေး၏ မိခင်၊ မဖြိုးသီရိမွန်-မောင်ဂျူလိုင်မိုး၊ မောင်ကျော်စွာငွေး (Coca-Cola Pinya Beverage Myanmar Limited)၊ မအိမွန်ငွေး (Myanmar Paper & Stationery Mart Ltd)တို့၏ အဘွား၊ မဖြိုးအိကျော်၏ ဘွားဘွားကြီးသည် ၂၃-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၃း၁၅နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေး
နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန်နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဒေါ်မြဝင်း (၇၆)နှစ်
အငြိမ်းစား ကျောင်းဆရာမ
(ကျုံကဒါတ်ရွာ)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်စံပြကျေးရွာနေ ဦးပု-ဒေါ်အမာတို့၏သမီး၊ (ဦးစိန်သန်း)၏ဇနီး၊ ဦးသန်းထွဋ်-ဒေါ်ဝင်းဝင်းစိုး၊ ဒေါ်ကြည်ကြည်အေး၊ ဒေါ်ချိုချိုဝင်း(ဦးစီးအရာရှိ အမှတ်-၁၊ အခြေခံပညာဦးစီးဌာန)၊ ဦးငြိမ်း-ဒေါ်ယဉ်ယဉ်မွန်၊ ဦးအောင်မင်းစိုး (ခေတ္တ-ကိုရီးယား)-ဒေါ်ချယ်ရီဝင်း၊ ဦးရဲဝင်းနောင်-ဒေါ်ချိုချို၊ ဦးမျိုးမြင့်ခိုင်-ဒေါ်စိမ်းလဲ့သန္တာ(ခေတ္တ-စင်ကာပူ)တို့၏ မွေးသမိခင်၊ မြေး ၁၅ယောက်တို့၏ အဘွားသည် ၂၃-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [(၅/၃/၁၈၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရွှေပြည်သာမြို့နယ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးကြည်ဝင်း (၆၆)နှစ်
ပစ္စည်းစီမံအရာရှိ(ငြိမ်း)၊ M.O.G.E

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ M.O.G.E. ဝင်း၊ န-ဂ(၁)၊ အခန်း(၁)နေ (ဦးလှမောင်-ဒေါ်အေးခင်)တို့၏ သား၊ (ဦးအေး-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်နု၏ ခင်ပွန်း၊ ကိုထွန်းမင်းခိုင်- မသန္တာဝင်း(M.O.G.E)၊ မကြေးမုံဝင်း၊ မအေးမာဝင်း (လက်ထောက် ကထိက၊ ဥပဒေဌာန၊ မော်လမြိုင်တက္ကသိုလ်)၊ မောင်ဇာနည်ဝင်း-မဝေဝေကျော်တို့၏ဖခင်၊ မဆုရတနာ၊ မထက်မြတ်နိုး၊ သားကြီး၊ သားငယ်တို့၏ အဘိုးသည် ၂၂-၂-၂၀၁၄(စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးထွန်းလွင်(ထားဝယ်)
အသက်(၆၀)

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၂)နေ (တယ်လူဖေ-ဒေါ်အေးမြ)တို့၏ မြေး၊ (ဦးအောင်ဘသွင်-ဒေါ်ငွေတင်)တို့၏ သားကြီး၊ မောင်ကျော်ဇေသွင်၊ မောင်ဉာဏ်လင်းထွဋ်၊ မလှိုင်ဝင်းမြတ်၊ မောင်လွင်နိုင်ထူး၊ မောင်ထူးအောင်ဝေ၊ မောင်ကျော်ဇင်ဝေ၊ မောင်စည်သူဝေတို့၏ဘကြီး ဦးထွန်းလွင်သည် ၂၂-၂-၂၀၁၄(စနေနေ့) ည ၇း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ကူးတို့သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူ တူ/တူမများ

ဒေါ်ခင်ခင်(မော်လမြိုင်)
အသက်(၉၉)နှစ်

မော်လမြိုင်မြို့၊ ဒိုင်ဝန်ကွင်း၊ ကျိုက်ဒွန်ဘုရားလမ်းနေ (ဦးဘိုးလှ-ဒေါ်ကြူကြူ)တို့၏သမီး၊ (ဦးအေးညွန့်)၏ဇနီး၊ (ဦးအောင်မြင့်)-ဒေါ်စောစော၊ ဦးစံဦးတို့၏မွေးသမိခင်၊ ဦးသန်းထွန်း-ဒေါ်နီနီအောင်၊ ဒေါ်ဖြူဖြူအောင်၊ ဦးညီညီအောင်-ဒေါ်မျိုးမျိုးနွယ်တို့၏အဘွား ဒေါ်ခင်ခင်သည် ၂၂-၂-၂၀၁၄(စနေနေ့) နံနက် ၉နာရီတွင် ဦးသန်းထွန်း-ဒေါ်နီနီအောင်တို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၁၅၀/၆)၊ သန္တာလမ်း၊ (၂၄) ရပ်ကွက်၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဦး(ခ)ဦးအောင်ခင်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ (၄)၊ တိုက်(၄/၂)၊ အခန်း(၃၄)နေ (ဦးဘဇံ-ဒေါ်နှင်း)တို့၏သား၊ (ဦးစောမောင်-ဒေါ်ကြွေ)တို့၏ သားသမက်၊ (ဦးထွန်းတင်)၊ ဒေါ်လှမိုးတို့၏ မောင်၊ ဦးမြင့်စိုး-ဒေါ်အိအိထွန်းတို့၏ အစ်ကို၊ ဦးဝင်းမြင့်-ဒေါ်အေးမွန်မြတ် (NTT DATA)၊ ဦးရဲထွန်း-ဒေါ်နန်းမိုးမိုးအေး၊ ဦးသိန်းတိုး-ဒေါ်နီလာတို့၏ မွေးသဖခင်၊ တူမသုံးယောက်တို့၏ ဘကြီး၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်မြတ်သစ်(ထ-၃၊ ဒဂုံ/မ၊ ကျောင်းအုပ်ကြီး-ငြိမ်း)၏ခင်ပွန်း ဦးကျော်ဦး(ခ) ဦးအောင်ခင်သည် ၂၃-၂-၂၀၁၄ ရက် နံနက် ၈း၄၅ နာရီတွင် မြောက်ဥက္ကလာပ OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၄ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဝင်းနိုင် (၅၈)နှစ်
C.D.C- 11611

ရန်ကုန်မြို့၊ အမှတ်(၁၀၃၅)၊ ပြည်ထောင်စုလမ်းမ၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ [ဒုတိယဗိုလ်မှူးကြီးအောင်ချိန်(ငြိမ်း)-ဒေါ်စောတင်]-ဒေါ်အေးချိုတို့၏သား၊ (ဗိုလ်ကြီးမောင်မောင်-ငြိမ်း)-ဒေါ်ယဉ်ယဉ်ဖြူတို့၏ သားသမက်၊ ဦးတင်အေး-ဒေါ်စန်းရီ (ဦးစိုးဝင်း)-ဒေါ်ကြည်ကြည်တင်၊ ဦးကျော်စိုး-(ဒေါ်သန်းသန်းဝေ)၊ ဦးကျော်ရီ-ဒေါ်ခင်မြဝင်း၊ ဦးကျော်ဆွေဝင်း-ဒေါ်အေးအေးချိန်တို့၏ အစ်ကို/ညီ/မောင်၊ ဒေါ်နွဲ့နွဲ့ကြည်၏ခင်ပွန်း၊ မောင်ကျော်ဇင်လင်းထက်-မမေမြတ်သူ၊ မောင်ဝေဖြိုးပိုင်တို့၏ဖခင်၊ မောင်မြတ်သူရိန်ထွန်း၏အဘိုးသည် ၂၁-၂-၂၀၁၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်ငွေး(မြင်းခြံ)
အသက်(၅၃)နှစ်
(အမက-၁၊ ဗဟန်း)

ရန်ကုန်မြို့နေ (ဒေါ်တင်တင်)၏ ကိတ္တိမသမီး၊ (ဦးတင်ထူး-ဒေါ်စိန်ရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်အမှတ် (၁၀၁/၅)နေ ဒေါ်ခင်ခင်ငွေးသည် ၂၂-၂-၂၀၁၄ ရက် ညနေ ၆း၄၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၂-၂၀၁၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစံရွှေ(မာန်အောင်) (၈၄)နှစ်

ရန်ကုန်မြို့နေ မာန်အောင်ပါလီမန်အမတ်ဟောင်း(ဦးရွှေနီ-ဒေါ်စိန်စိန်)တို့၏ သား၊ ဒေါ်စောချစ်ဦး (ဒေါ်သုခမ္မစာရီ)၏ သားသမက်၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ FMI City၊ (A-54) ရွှေမာလာလမ်းနေ ဒေါ်မာလာဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ရွှေဇင်ဦး၊ ဒေါ်အေးအေးစံဦး-ဦးစိုးမင်းသိန်း၊ ဒေါ်သီတာဦး-ဦးမျိုးကျော်၊ ဒေါ်နီလာဦး (ရန်ကုန်တိုင်းဒေသကြီး၊ ထွေ/အုပ်ရုံး)-ရဲမှူးမြင့်အောင်(ငြိမ်း)၊ ဦးလင်းထိန်၊ ဒေါက်တာအေးအေးမာ-ဒေါက်တာကောင်းထွန်း၊ ဒေါ်ဝါဝါရွှေ-ဦးဝဏ္ဏကျော်၊ ဒေါ်စန္ဒာရွှေ၊ ဒေါ်အေးစန္ဒာအောင်၊ ဦးမင်းသူအောင်-ဒေါ်နော်မူမူစီ၊ (ကိုမြင့်ဟန်ထွန်း)၊ ဦးမြင့်ကျော်-ဒေါ်မေဇွန်အေးတို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၄ရက် နံနက် ၄း၄၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးပြေသိန်း(ရဲအုပ်-ငြိမ်း) (၇၁)နှစ်
အပတ်စဉ်(၃)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖက်ဝန်းကုန်းကျေးရွာနေ (ဦးဖိုးညွှန့်-ဒေါ်စိန်ရင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်ကျေးရွာနေ (ဦးဖိုးသန်း-ဒေါ်မယ်ကြည်)တို့၏သားသမက်၊ [ဒေါ်တင်ရီ(အငြိမ်းစား၊ မူလတန်းကျောင်းအုပ်ဆရာမ)]၏ခင်ပွန်း၊ ကိုအောင်ဝင်း-မရီရီမင်း၊ ကိုသန့်ဇင်-မသန္တာဦး၊ ကိုမျိုးကိုကို-မခင်မျိုးမင်းတို့၏ဖခင်၊ မဆုစန္ဒီအောင်၊ မနီလာနွယ်ဝင်း၊ မချောကေခိုင်လင်း၊ မဆုမြတ်ရတီ၊ မထက်သီရိအောင်တို့၏အဘိုးသည် ၂၂-၂-၂၀၁၄(စနေနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ခတင် (၁၀၀၀) အအေးတိုက်မှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၄၁၂၂)၊ ရာဇဌာနီလမ်း၊ ပုဗ္ဗသီရိမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဆရာကြီးဦးသန်းညွှန့်
(မဇ္ဈိမစရိယ)
အသက်(၈၀)
နိုင်ငံတော်ပြက္ခဒိန်အကြံပေးအရာရှိ

နက္ခတ္တဝေဒ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်သည် ၂၂-၂-၂၀၁၄(စနေနေ့) ည ၁ နာရီတွင် သဲကုန်းမြို့နယ်၊ သိမ်ကုန်းကျေးရွာ မိမိနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄ (အင်္ဂါနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်များနှင့် အသိမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
အရာခံဗိုလ်ကြည်အောင်(ငြိမ်း)
အသက်(၇၄)နှစ်
(စနရ-၂)

နေပြည်တော်၊ ပျဉ်းမနားမြို့၊ လယ်ဝေးမြို့နယ်၊ ဝက္ကမူကျေးရွာနေ (ဦးအောင်ဒွန်း-ဒေါ်သန့်)တို့၏ သား၊ (ဦးထွန်းတင်-ဒေါ်သန်း)တို့၏ သားသမက်၊ နေပြည်တော်၊ ပယနနေ ဒုအရာခံဗိုလ်ကျော်ကျော်ဦး-ဒေါ်ခင်မာစိုး၊ တပ်မတော်ဗိုလ်ရွေးတပ်ဖွဲ့နေ တပ်ကြပ်ကြီးကျော်ထူး-ဒေါ်ခင်မျိုးအောင် (နပတ-ငွေ)၊ ဒေါ်သင်းသင်းကြူ(မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ စာရင်းဌာန၊ နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ ထပရ(၁၂၁)နေ တပ်ကြပ်ဇော်မင်းထွန်း၊ မကြည်ကြည်ခိုင်(ရကတ-ငွေ)၊ မစုစုထွေးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းကျေးရွာ၊ အပိုင်(၁၅)နေ ဒေါ်မြင့်၏အစ်ကို၊ ဒေါ်ကျော့၏ ချစ်လှစွာသောခင်ပွန်း အရာခံဗိုလ်ကြည်အောင်(ငြိမ်း)သည် ၂၁-၂-၂၀၁၄ (သောကြာနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၄ ရက်တွင် ဆွမ်းဆက်ကပ်လှူဒါန်း အမျှပေးဝေလိုပါသဖြင့် မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁၅)၊ ပိတောက်လမ်း၊ အမှတ် (၁၅/၉၅)နေ ဒေါ်ကျော့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးထွန်းလွင်(ထားဝယ်)
အသက်(၆၀)

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၂)နေ (တယ်လူဖေ-ဒေါ်အေးမြ)တို့၏ မြေး၊ (ဦးအောင်ဘသွင်-ဒေါ်ငွေတင်)တို့၏ သားကြီး၊ ဦးထွန်းသွင်-ဒေါ်ချိုပြုံး၊ ဦးသိန်းဝင်း-ဒေါ်သီတာသွင်၊ ဦးဝင်းထွန်း-ဒေါ်သူဇာသွင်တို့၏အစ်ကိုကြီး ဦးထွန်းလွင်သည် ၂၂-၂-၂၀၁၄(စနေနေ့) ည ၇း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ကူးတို့သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးနေလင်း (၇၇)နှစ်
(လ/ထ ဌာနမှူး-ငြိမ်း၊ မြို့တော်စည်ပင်၊ဘတ်ဂျက်နှင့်ငွေစာရင်းဌာန)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉/က)၊ လမ်း(၁၂၀)နေ (ဦးလုံပေါ-ဒေါ်ထွန်းတင်)တို့၏ သား၊ (ဒေါ်သန်းကြည်)၊ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ (ဦးမြတ်ကြည်-ဒေါ်စောနန်းရီ)၊ ဦးခင်ဇော်-ဒေါ်ကြည်ကြည်မာတို့၏ မောင်၊ ဒေါ်သန္တာလင်း(ဌာနစုမှူး၊ ဘတ်ဂျက်၊ Y.C.D.C)၊ ဦးအောင်ကျော်လင်း၊ ဦးကိုကိုဇင်လင်း - ဒေါ်မာလာနွယ် (သီတဂူမုန့်ဆိုင်၊ တောင်ဒဂုံ၊ ဂိတ်ဟောင်း)၊ ဒေါ်မြတ်စန္ဒာလင်းတို့၏ ဖခင်၊ ဒေါ်မို့မို့(စိုက်ပျိုးရေး)၊ [ဦးဘိုဘိုဆန်း(ခ)ဦးမင်းဆွေ]၊ ဦးသောင်းဦး(လ/ထ ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်တို့၏ ဦးလေး၊ ကိုကျော်ဇောနိုင်-မလင်းရတနာနွယ်၊ မောင်ကောင်းစံမင်း၊ မောင်ကောင်းခန့်ဇင်လင်းဟိန်း (G-11၊ အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဆုမြတ်အိမ်စည်၊ မကြည်နူးထက်တို့၏အဘိုး၊ သုထက်နိုင်၏ ဘိုးဘိုးကြီးသည် ၂၃-၂-၂၀၁၄ ရက် နံနက် ၄း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၄(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဖြူ(ခ)Nora Nyan
အသက်(၇၁)နှစ်
St. Francis Girl's School
တာမွေ (ကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးမောင်ညာဏ်-ဒေါ်ကျင်ညွှန့်)၊ အောင်ချမ်းသာကြီးမော်တော်စတိုးတို့၏ ဒုတိယသမီး၊ (ဦးတန်ပိတ်လျှံ-ဒေါ်အောင်ပို)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၂၈/၃၀)နေ [ဦးလှအောင်(ခ)တန်တက်အင်း]၏ ဇနီး၊ ဒေါ်နီ(ခ) Nelly Nyan-(ဦးသိန်းတန်)တို့၏ ညီမ၊ [ဒေါ်စိန်စိန်လေး(ခ)Tina Nyan]၊ ဒေါ်တာတာ(ခ) Nolene Nya-ဦးသိန်းလှ၊ ဦးစိန်မင်း(ခ) George Nyan (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ဝင်းဝင်းမြိုင်၊ ဒေါ်မေမေခင်(ခ) Polly Nyan- ဦးခင်မောင်စိုးတို့၏အစ်မသည် ၂၁-၂-၂၀၁၄ရက် ညနေ ၃း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ်(၂၈/၃၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမောင်နှမတစ်စု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်
သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ပြာကျေးရွာနေ ဖခမည်းတော်(ဦးကျော်)-မယ်တော်(ဒေါ်လှတင်)တို့၏ သားရတနာ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၃)ရပ်ကွက်၊ ထန်းတပင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ သိက္ခာတော် (၆၆)ဝါ၊ သက်တော်(၈၆)နှစ်သည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ရက်) ၂၂-၂-၂၀၁၄ (စနေနေ့) ညနေ ၃း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၈-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထန်းတပင်ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ တပည့်ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဦးမာဃိန္ဒ(ပခုက္ကူ)
သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၇၂)နှစ်
ကျောင်းအုပ်ဆရာတော်၊ ရတနာပုံရိပ်ငြိမ်၊
ဘုန်းတော်ကြီးသင်ပညာရေးကျောင်းလူမှုကူညီရေးအသင်း(သယ်န်းကျွန်း)
ဩဝါဒါစရိယဆရာတော်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ရတနာပုံရိပ်ငြိမ်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်၊ လူမှုကူညီရေးအသင်း(သယ်န်းကျွန်း)၏ ဩဝါဒါစရိယ ဆရာတော် ဦးမာဃိန္ဒ(ပခုက္ကူ)သည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်) ၂၃-၂-၂၀၁၄ရက် နံနက် ၂း၃၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမစျာပနရက်ကို ထပ်မံကြေညာပါသည်။)

တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ကျောင်းသား၊ ကျောင်းသူများ

ဦးထွန်းဦးကျော် (၇၇)နှစ်
တိုင်းရင်းဆေးသမားတော်၊စစ်တွေ
နိုင်ငံတော်ပြက္ခဒိန်အကြံပေး-အဖွဲ့ဝင်

